ရွှေ့လျားသွားလာ ကားကမ္ဘာ

# Auto World Journal

Advanced Media Group မှ ဖိစဉ်ထုတ်ဝေသည်

အတွဲ-၃၊ အမှတ်-၁၈

http://www.awjmyanmar.com

မေ၊ ၁၆-၂၂ ၊ ၂၀၁၄

## ကတ်စနစ်ဖြင့်စီးနင်းနိုင်မည့် စပယ်ယာမဲ့ ဘတ်စ်ကားများ ဩဂုတ်လတွင် စတင်ပြေးဆွဲရန်ရှိ စာ-၃

## Brand New ကားများတင်သွင်းရာတွင် ညာမောင်းများပါ တင်သွင်းခွင့်ပြု စာ-၁၀

## မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်း ပြောင်းရွှေ့ရမည်ဟု သတင်းထွက်ပေါ် စာ-၄



# ဆွီဒင်မော်လ်မိုရဲ့ Drive-E နဲ့ မောင်းနှင်ရမယ့် 2015 S80 T5 စာ-၁၆

2015 Volvo S80






အရည်အသွေးကောင်းမွန်သော Korea ကားများ၊ ယာဉ်အပိုပစ္စည်းများနှင့် အကောင်းဆုံး ဝန်ဆောင်မှုများကို Myanmar Unitech Showroom တိုင်းတွင် စိတ်တိုင်းကျ ဝယ်ယူပြင်ဆင်နိုင်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြေငြာလိုက်ပါသည်။
1.အရစ်ကျဝယ်ယူမှု (ကနဦးသွင်းငွေ "30~50%"), ("12 months သက်သာသောအတိုးနှုန်းဖြင့် 7%) "
2.လက်ငင်းဝယ်ယူသူများအတွက် Myanmar Unitech Showroom ရှိ အတိုင်ပင်ခံများနှင့် လာရောက်ဆွေးနွေးနိုင်ပါသည်။
Myanmar Unitech Showroom များတွင်ဝယ်ယူသူများကို ကျေးဇူးပြုသောအနေဖြင့်
"အထူးလျှော့ဈေး" + "တာယာတစ်စုံ" + Air/Oil/Fuel Filter လက်ဆောင် (တစ်နှစ်အတွက်)
+ "Engine Oil အခမဲ့လဲလှယ်ခွင့် ကူပွန် (၁)စောင် " ပေးပါမည်။
MANDALAY
MAGWAY (COMING SOON)
PATHEIN
YANGON
01 Porter II
1Ton(2004~ )
2WD(123HP)
2497 CC/Diesel
02 Ref/Con.t
1Ton(2004~2012)
2WD(123HP)
2497 CC/Diesel
03 County
25/29 Seat(2003~13)
2WD(120~170HP)
3933 CC/Diesel
04 Grand Starex
11/12 Seat(2007~ )
2WD(174HP)
2497 CC/Diesel
05 Mighty
2.5~5 Ton(2004~13)
2WD(120HP)
3907 CC/Diesel
06 Bongo III
1Ton/1.4Ton(2004~ )
2WD/4WD(123HP)
2902 CC/Diesel
07 Ref/Con.t
1Ton/1.4Ton(2004~ )
2WD/4WD(123HP)
2902 CC/Diesel
08 Wingbody
1Ton(2004~2012)
2WD(123HP)
2497 CC/Diesel
09 Starex(GRX)
11/12 Seat(2007~ )
2WD(174HP)
2497 CC/Diesel
HAPPY NEW YEAR
YANGON : No. 114, Pyay Road,(4)Ward, Mayangone Township Ph : 01-966 9540, 01-966 9541
MANDALAY : No. 78, 78 Main Road, Pyikyitagon Township Ph : 02-5 9762, 02-5 9740
PATHEIN : No. 143, 13 Ward, Shwe Wut HMone Pat Lane Township Ph : 092-5409-4681
MAGWAY : No. 13, Myin Thar Ward, Mae Htee Road,Magway Division(Coming Soon)
www.facebook.com/MyanmarUnitech, E-mail : unitech.mm@gmail.com




RIXS Customs House Agency
(Import & Export Services)
A - Accountability
G - Gratify
E - Efficient
N - Nice
T - Trust
09 43171713, Gmail : xooonu@gmail.com
ကားတစ်စီးကိုကျပ် 100,000/- ဖြင့် ဆိပ်ကမ်းမှ အမြန်ဆုံးထုတ်ပေးပါသည်။
ကညန ကနဦးမှတ်ပုံတင်ကြေးကို 100,000/- ကျပ်ဖြင့် အုံနာဘုတ်၊ ဗီုးတတ်၊ အာမခံ ပရီမီယံ ငွေပေးသွင်းမှုစာအုပ် ရသည်အထိဆောင်ရွက်ပေးသည်။
အမည်ခံပေးခြင်း၊ Bank Account ဖွင့်ပေးခြင်း၊ Bank Account Show Money ထည့်ပေးခြင်း၊ Permit လျှောက်ပေးခြင်းနိုင်ငံခြားသို့ (TT) စနစ်ဖြင့် ငွေလွှဲပေးခြင်း။
ဆိပ်ကမ်းမှပစ္စည်းထုတ်ရာတွင် ဆိပ်ကမ်း Report အရအပျောက်အရှ မရှိသည်ကို ၁၀၀% တာဝန်ယူပါသည်။
ဆိပ်ကမ်းမှ ပိုင်ရှင်၏နေထိုင်ရာ အိမ်သို့ မိမိ၏စိတ်ချရသော Driver ဖြင့်အရောက်ပို့ဆောင်ပေးသည်။
RIXS မှ လူကြီးမင်းတို့အတွက်ဈေးနှုန်းအသက်သာဆုံး၊ စိတ်ချမှုအကောင်းဆုံး၊ အမြန်ဆုံး၊ လူကြီးမင်း လက်ဝယ်သို့ရောက်အောင်ကျွမ်းကျင်သော ဝန်ထမ်းများဖြင့် ဆောင်ရွက်နေပါသည်။
RIXS မှ ကားဝယ်ရောင်းလုပ်ငန်းရှင်များအတွက်ပူပန်သောကမဖြစ်အောင် One Stop Services ဖြင့် ဆောင်ရွက်နေပါသည်။
ကားတင်သွင်းသည့်လုပ်ငန်းရှင်ကြီးများ၊ Show Room များကိုလှိုက်လှဲစွာကြိုဆိုပါသည်။
Since 1990
2014 နှစ်သစ်ကူးအထူးလျှော့ဈေး
Bank A/C Open + Consignee Name + Import Permit + TT + Bank A/C Close (US$-5000 & Under)
425000/- Ks
RIXS မှ ကားနှင့် အခြားသွင်းကုန်၊ ထုတ်ကုန် ပစ္စည်းများဝန်ဆောင်မှု အတွက် Quotation ကို တောင်းယူ၍ အားပေးနိုင်ပါသည်။
NO.74 , 31ST STREET, PABEDAN TOWNSHIP , YANGON MYANMAR . Ph : 01 243737, 01 245732 Fx : 01 243737

# (၁၀၀၀) စီစီ အောက် မီနီဆလွန်းကားများ ထုတ်လုပ်ရန် တင်ဒါယှဉ်ပြိုင်မှုတွင် တရုတ်အမှတ်တံဆိပ် (၄)ခု ယှဉ်ပြိုင်

စက်မှုဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ အကျိုးတူပူးပေါင်းထုတ်လုပ်မည်ဖြစ်သော 1000 CC အောက် မီနီဆလွန်းကားများ တင်ဒါယှဉ်ပြိုင်မှုတွင် တရုတ်အမှတ်တံဆိပ်(၄)ခုနှင့် ဂျပန်အမှတ်တံဆိပ် (၁)ခုတို့ ယှဉ်ပြိုင်ရာ အစကနဦး၌ ဂျပန်အမှတ်တံဆိပ်အား ယာယီရွေးချယ်ထားကြောင်း သိရသည်။

ယခုအချိန်တွင် ဌာနဆိုင်ရာ အဆင့်ဆင့် တင်ပြပြီးသည့်နောက်ပိုင်း ဒီဇိုင်းနှင့် နောက်ဆုံးမော်ဒယ်လ်ဖြစ်ရမည်ဟူသောအချက်ကြောင့် ဂျပန်အမှတ်တံဆိပ်ယှဉ်ပြိုင်မှုမှာ နုတ်ထွက်သွားပြီး တရုတ်အမှတ်တံဆိပ် (၄)ခုမှ ဆက်လက်ယှဉ်ပြိုင်နေကြောင်း နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက Auto World သို့ ဖြေကြားသည်။



တင်ဒါခေါ်ယူရာ၌ ဈေးအသက်သာဆုံးနှင့် ရောင်းတန်းဝင်ပစ္စည်းဖြစ်ရန်၊ ဒီဇိုင်းလှပရန်၊ စနစ်မြင့်မားရန်စသည့် အချက်များကို ကြည့်ရှု၍ဆုံးဖြတ်ကြောင်း သိရသည်။

"အစကတော့ ဂျပန်ကားကို ရွေးထားတာပေါ့။ နောက်တော့ ဒီအကျိုးတူပူးပေါင်းလုပ်မယ့် ကုမ္ပဏီအနေနဲ့ ဝန်ကြီးဌာနက သတ်မှတ်တဲ့စာချုပ်အချက်အလက်တွေ မပေးနိုင်တော့ နုတ်ထွက်သွားတယ်။ တရုတ်အမှတ်တံဆိပ် (၄) ခုက ဆက်ပြိုင်နေတယ်။ နောက်ထပ် ဂျပန်အမှတ်တံဆိပ်တစ်ခု ဝင်ပြီးပြိုင်ဖို့ ရှိပေမယ့် အဲ့ဒါက မသေချာသေးဘူး" ဟု အဆိုပါအရာရှိက ရှင်းပြသည်။

အစပထမ၌ 1000 CC အောက် မီနီဆလွန်းကားများအား ဇူလိုင်လတွင် ထုတ်လုပ်ရောင်းချရန် လျာထားချက်ရှိသော်လည်း ယခုအချိန်တွင် ယှဉ်ပြိုင်နေသည့်ကားအမျိုးအစားအား ရွေးချယ်နေရသောကြောင့် ဇူလိုင်လတွင် ထုတ်လုပ်ရောင်းချရန်မှာ မသေချာသေးကြောင်းသိရသည်။

"ဒီပစ္စည်းကို ထုတ်လုပ်ရောင်းချမယ့် ဝန်ကြီးဌာနအနေနဲ့ စိစစ်ရွေးချယ်ပြီးရင် အထက်ကို အဆင့်ဆင့်တင်ပြရတယ်။ အဲ့ဒီတော့ လူကြီးတွေက စီစစ်ပြီး သမ္မတကို တင်ပြရတယ်။ နေးတော့ နေးနေတယ်။ အခုမှ ထုတ်လုပ်မဲ့ကားကို ရွေးချယ်နေတုန်းဆိုတော့ အစကပြောတဲ့ ဇူလိုင်လလောက်ဆိုတာမဖြစ်နိုင်သေးဘူး" ဟု ထပ်မံသိရှိရသည်။

အကယ်၍ ထုတ်လုပ်ရောင်းချခဲ့ပါက ပထမဆုံး အစီးရေ (၃၀၀)ရောင်းချရန် လျာထားပြီး (၆၅)သိန်းနှင့် သိန်း (၇၀) ကြား ဈေးနှုန်းဖြင့် ရောင်းချရန် လျာထားကြောင်း သိရကာ အစိုးရဝန်ထမ်းများအား အရစ်ကျစနစ်ဖြင့် ရောင်းချရန်ရှိကြောင်းသိရသည်။

ငွေစံ

# ကတ်စနစ်ဖြင့်စီးနင်းနိုင်မည့် စပယ်ယာမဲ့ ဘတ်စ်ကားများ ဩဂုတ်လတွင် စတင်ပြေးဆွဲရန်ရှိ

ရန်ကုန်တိုင်းဒေသကြီးတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတစ်ခုဖြစ်သည့် ခရီးသည်တင်ဘတ်စ်ကားများကို စနစ်အမျိုးမျိုးဖြင့် ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိရာ ယခုအခါတွင်လည်း ကတ်စနစ်ဖြင့်စီးနင်းနိုင်မည့် စပယ်ယာမလိုသည့်ဘတ်စ်ကားများ ရောက်ရှိနေပြီး ဩဂုတ်လတွင်စတင်၍ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း 'ကုန်းလမ်းပို့ဆောင်ရေး'မှ သိရသည်။

စပယ်ယာတို့၏ ယာဉ်စီးခပိုမိုကောက်ခံခြင်း၊ မချေမငံဆက်ဆံခြင်းတို့ကြောင့် ခရီးသည်များ၏တိုင်ကြားမှုများကို မကြာခဏရရှိနေသည့် မ.ထ.သ(ဗဟို)မှလည်း စပယ်ယာအသုံးပြု၍မလိုသည့် E-Ticketစနစ်ကို အစပြုနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် က.ယ.ရနှင့် For-ever Green Light တို့မှပူးပေါင်း၍ အဆိုပါကတ်စနစ်ဖြင့် စီးနင်းနိုင်မည့် စပယ်ယာမဲ့ ဘတ်စ်ကားပြေးဆွဲနိုင်ရန်အတွက် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ယခုအခါတွင် ခရီးသည်တင် ယာဉ်ဘတ်စ်ကား (၅)စီးရောက်ရှိနေပြီး ဩဂုတ်လတွင် စတင်ပြေးဆွဲနိုင်ရန် မ.ထ.သသို့တင်ပြထားကာ ပြေးဆွဲရန် စောင့်ဆိုင်းနေကြောင်းလည်း သိရှိရသည်။

အဆိုပါခရီးသည်တင်ဘတ်စ်ကားများမှာ စပယ်ယာမပါသည့်အတွက် ယာဉ်စီးခကို ကတ်ဖြင့်ပေးချေရမှဖြစ်ပြီး ယာဉ်ပေါ်တွင်ခရီးသည်လုံခြုံရေးများအတွက် CCTV များတပ်ဆင်ပေးထားမည်ဖြစ်ကာ ယာဉ်ရပ်မည့်ဘတ်စ်ကားမှတ်တိုင်များကို ယာဉ်ပေါ်တွင် LED စာတမ်းပြဘုတ်များဖြင့် ကြေညာပေးသွားမှာဖြစ် သိရှိရသည်။ ထို့အပြင် ယင်းကတ်စနစ်သုံး စပယ်ယာမဲ့ဘတ်စ်ကားများကို ရိုးရိုးခရီးသည်တင်ယာဉ်များအတိုင်း ယာဉ်စီးခနှုန်းထားများ ကောက်ခံမှုပြုသွားမည်ဟုလည်း သိရသည်။

ထင်းအောင်

# ကညနေ အခွန် ၅ ရာခိုင်နှုန်းသာ ကောက်ခံသဖြင့် Micro Busများ ယခင်ဈေးနှင့်သိန်းရာကျော်ကွာဟ



Micro Bus ဟုခေါ်သော (၁၀)ယောက်နှင့်(၁၅)ယောက် ကားများအား ယခင်က ဘယ်မောင်းကားများကို က.ည.န အခွန်(၅)%ကောက်ခံပြီး ညာမောင်းကားများအား (၁၀၀)%ကောက်ခံသဖြင့် တင်သွင်းသူများမှ ရွေးချယ်မှုများရှိခဲ့ကြောင်း သိရသည်။ ဧပြီလ(၁)ရက်နေ့ အခွန်လျှော့ချမှုတွင် ဘယ်မောင်း/ညာမောင်း မခွဲခြားဘဲ က.ည.နအခွန် (၅ )%သာ ကောက်ခံသဖြင့် ယခင်ဈေးနှင့် သိန်းရာကျော်ကွာဟသွားပြီး အဝယ်များလာကြောင်းသိရသည်။

Toyota Hiace နှင့် Nissan Caravan Micro Bus(၁၀)ယောက်နှင့်(၁၅)ယောက်စီးများတွင် ခေါင်နိမ့်နှင့်ခေါင်မြင့်နှစ်မျိုးရှိပြီး မြန်မာပြည်၏ ဝယ်လိုအားမှာ ကောင်းကြောင်းသိရသည်။ ခေါင်နိမ့် Bus အားဖယ်ရီကားနှင့် ကျောင်းကားအတွက် အများဆုံးဝယ်ယူကြပြီးခေါင်းမြင့်အတွက် Tour ကုမ္ပဏီများမှ အများဆုံးဝယ်ယူကြကြောင်း သိရသည်။

ဘယ်မောင်း/ညာမောင်း မခွဲခြားပဲ အခွန် (၅ )%ဆောင်ရသဖြင့်အခွန်မှာများစွာသက်သာပြီး ခေါင်နိမ့်နှင့်ခေါင်မြင့်နှစ်မျိုးစလုံးအား (၂၀၀၄) မော်ဒယ်အထက် အများဆုံးဝယ်ယူကြကြောင်း သိရသည်။ ယခင်က (၂၀၀၆) မော်ဒယ် Nissan Caravan ညာမောင်းအား (၁၀၀)%အခွန်ဆောင်ရသဖြင့် သိန်း(၃၈၀)နှင့်(၄၀၀)ကြားရှိသော်လည်း ယခုအချိန်တွင် (၅)%နှုန်းဖြင့်တွက်ပါက သိန်း(၁၅၀)နှင့်(၁၆၀)ကြားသို့ ရောက်ရှိလာသဖြင့် သိန်းရာကျော် ကျဆင်းသွားကြောင်း သိရသည်။

Toyota Hiace (၂၀၀၄) မော်ဒယ်အား CIF တန်ဖိုး ဒေါ်လာ (၁၈၀၀၀)သတ်မှတ်ထားပြီး(၁၀၀)% ဆောင်ရသည့်အခါ အခွန်တန်ဖိုး(၁၇၅) သိန်း ကျပြီး ယခု (၅ )% ဆောင်ရသည့်အချိန်တွင် အခွန်(၈)သိန်းခွဲ (၉)သိန်းသာ ဆောင်ရသဖြင့် အဆ(၂၀) နီးပါး ကွာဟသွားကြောင်း သိရသည်။

"အခုလို ဘယ်မောင်း/ညာမောင်း မခွဲပဲ (၁၀)ယောက်နဲ့(၁၅)ယောက်စီးတဲ့ Micro Bus တွေကို (၅ ) ရာခိုင်နှုန်းပဲဆောင်ရတော့ ကောင်းသွားတာပေါ့။ မြန်မာနိုင်ငံရဲ့ Micro Bus ဝယ်လိုအားက အရမ်းကောင်းတယ်။ Travel & Tour လိုင်းမှာလည်း ဒီ Micro Bus တွေသုံးတယ်။ ကျောင်းကားလည်းဒါပဲ။ အခွန်ပဲသိန်းရာကျော်ကျသွားတော့ ဒီကားတွေ ဝယ်အားလိုက်လာတယ်။ ဂျပန်လေလံမှာလည်း ဈေးတက်လာတယ်" ဟု ကားလေလံကုမ္ပဏီပိုင်ရှင်တစ်ဦးက Auto World သို့ ပြောပြသည်။

(၂၀၀၄) မော်ဒယ်အထက် Toy-ota Hiace (၁၀)ယောက်နှင့်(၁၅)ယောက်စီး Micro Bus ခေါင်နိမ့် တစ်စီးလျှင် သိန်း(၁၀၀)ကျော်၊ ခေါင်မြင့် ဆိုပါက သိန်း(၂၀၀)ပတ်လည်တွင် ရှိနေကြောင်း သိရသည်။

ဂျစ်ထူး

# Second Hand ပစ်ကပ်ကား ဈေးကွက်အား Brand New ပစ်ကပ် ကားဈေးကွက် နေရာမျှ ဝင်ယူလာ

Brand New Show Room တွေဖွင့်တာမများသေးခင်က Second Hand ပစ်ကပ်တွေကို ထိုင်းနိုင်ငံကနေတင်သွင်းမှုများပြားခဲ့ပြီး လုပ်ငန်းသုံးအခွန်နဲ့ သွင်းရတာကြောင့် ရောင်းအားကောင်းခဲ့တဲ့အထဲမှာ ပါခဲ့တယ်လို့ Second Hand ပစ်ကပ်ကားတွေကို အထူး သီးသန့်ရောင်းချတဲ့ Show Room ပိုင်ရှင်တစ်ဦးက Auto World ကို ပြောပြပါတယ်။

အခုချိန်မှာ Brand New Show Room တွေဖွင့်လှစ်မှုများလာပြီးတဲ့နောက် Brand New ပစ်ကပ်ကားတွေ တင်သွင်းလာတာ တွေ့ရပါတယ်။ Brand New ပစ်ကပ်ကားဈေးကွက် မတွင်ကျယ်ခင်က ငွေကြေးတတ်နိုင်တဲ့သူတွေတောင် Second Hand ပစ်ကပ်ကား ဈေးကွက်ကို အားထားခဲ့တယ်လို့သိရပါတယ်။ အခုလို Brand New ပစ်ကပ်ကားတွေဈေးကွက်တွင် Sec-ond Hand ပစ်ကပ်ထက် Brand New ပစ်ကပ်ကားတွေဘက်ကို ခြေဦးလှည့်သွားတယ်လို့ သိရပါတယ်။

တကယ်မဖြစ်မနေသုံးစွဲရမယ့် ငွေကြေးမနိုင်သူတွေလောက်သာ Sec-ond Hand ကားကို ဝယ်ယူတာကြောင့် ဘယ်လိုပဲ ဖြစ်ဖြစ် Second Hand ပစ်ကပ်ကားဈေးကွက်ကို Brand New ပစ်ကပ်ကားဈေးကွက်က တစိတ်တစ်ဒေသနေရာဝင်ယူလာတယ်လို့ အဆိုပါ ပုဂ္ဂိုလ်က ရှင်းပြပါတယ်။

"ဘာပဲပြောပြော Brand Newကို ငွေကြေးတတ်နိုင်တဲ့ လူတွေက ဝယ်ယူတယ်။ Second Hand ကျတော့ ငွေမနိုင်ဘူး၊ မဖြစ်မနေဝယ်ရမယ့် သူတွေလောက်ပဲဝယ်တယ်။ ရောင်းအားမကောင်းဘူးလို့ မဆိုလိုပေမယ့် Second Hand ရဲ့ ဈေးကွက်က Brand New ဈေးကွက်ကို မျှဝေပေးလိုက်ရတာပဲ "လို့ ရှင်ပြပါတယ်"။ Model (၂၀၁၀) အထက် ထုတ်လုပ်တဲ့ ရင်ကွဲတံခါးပါ Smart (Cab) တွေကို ပိုမိုကြိုက်နှစ်သက်မှုများ ပြီးနည်းပါးတဲ့ မော်ဒယ်လ်မြင့် ပစ်ကပ်တွေကို စိတ်ဝင်စားမှုများလာကြောင်း သိရပါတယ်။

Toyota ကထုတ်တဲ့ (၂၀၁၀) အထက် တွေမှာ Smart Cab ကားတွေရဲ့ ဝင်ထွက်ရလွယ်ကူတဲ့ အချက်ကြောင့် (၂၀၁၀)အောက် မော်ဒယ်လ်နိမ့် Extra Cab တွေကို ရွေးချယ်မှုနည်းသွားတယ်လို့ သိရပါတယ်။

ကားအသစ်နဲ့ တစ်ပတ်ရစ်ကားရဲ့ ကွာခြားမှုဈေးနှုန်းကလည်း (၃) စီး တစ်စီးစာရှိပြီး ပုံပြောင်းရုပ်ထွက် ပြောင်းသွားတယ်လို့ သိရပါတယ်။



(၂၀၀၅–၂၀၀၆) မော်ဒယ်လ် Extra Cab တစ်စီးနဲ့ (၂၀၁၃) မော်ဒယ်လ် Smart Cab တစ်စီးက သိန်း (၁၂၀) နဲ့ (၁၂၅) သိန်း ကြားဝန်းကျင် ကွာခြားနိုင်တယ်လို့ သိရပါတယ်။ (၂၀၀၃–၂၀၀၄) မော်ဒယ်လ် ပစ်ကပ်ကားတစ်စီးက သိန်း (၁၀၀) ပတ်လည်မှာ ရှိပြီး၊ Brand New ပစ်ကပ်က သိန်း (၃၀၀) ဝန်းကျင်မှာ ရှိတာကြောင့် (၃) စီး (၁) စီးနှုန်းလောက် ကွာခြားသွားတယ်လို့ဆိုပါတယ်။

Brand New Show Room တွေမှာ အရစ်ကျစနစ်တွေနဲ့ ရောင်းချတာကလည်း ပုံမှန်ဝင်ငွေရှိတဲ့သူတွေ စိတ်ဝင်စားလာစေတယ် လို့သိရပါတယ်။

Second Hand Double Cab တွေက Free Permit နဲ့ သွင်းလို့မရပဲ စလစ်ကပ်ရတာကြောင့် သိန်း (၂၀၀) ကျော် (၄၀၀) နီးပါးရှိပြီး Brand New Double Cab က သိန်း (၆၀၀) နားကပ်နေတာကြောင့် အမျိုးအစားကလည်း ဈေးကွာခြားတယ်လို့ သိရပါတယ်။

လက်ရှိ Second Hand ပစ်ကပ်ဈေးကွက်ထဲမှာ Toyota Vigo က နေရာယူထားပြီး Brand New ပစ်ကပ်ထဲမှာ Ford နဲ့ Nissan ကားတွေဝင်ရောက်လာတာတွေ့ရပါတယ်။

ဂျစ်ထူး

# DD တက္ကစီများထက် နံပါတ်အနက်မှအနီသို့ ပြောင်းထားသည့်ယာဉ်များ ပိုမိုအဝယ်များလာ

AA / BB / CC / DD တို့ကဲ့သို့ နံပါတ်အနီတက္ကစီယာဉ်များထက် ရိုးရိုးနံပါတ်အနက်ကို နံပါတ်အနီသို့ ပြောင်းထားသည့်ကားများ အဝယ်များလာကြောင်း မင်းရဲကျော်စွာကားဝင်းအတွင်းမှ ကားဝယ်ရောင်းကြီးတစ်ဦးက ပြောပြသည်။

Nissan AD Van နှင့် Probox ကားများကို အများဆုံးဝယ်ယူကြပြီး DD တက္ကစီယာဉ်ထက် နံပါတ်အနက်မှ အနီသို့ပြောင်းခြင်းမှာ ပို၍ ဈေးသက်သာကြောင်းသိရသည်။ DD တက္ကစီယာဉ်များမှာ ကုမ္ပဏီလိုင်စင်ဖြစ်သဖြင့် လုပ်ငန်းလိုင်စင်ဝင်ချိန်တွင် ခက်ခဲပြီး ကုမ္ပဏီ၏ Letter Head လိုအပ်ကြောင်းသိရသည်။ က.ည.န အခွန်လျှော့မှုကြောင့် သိန်း(၁၀၀) ဝန်းကျင်ကားများ (၉၅) နှင့်(၈၀)ကြား ရောက်လာပြီး နံပါတ်အနက်မှအနီသို့ ပြောင်းခြင်းမှာ ပိုမိုသက်သာကြောင်း သိရသည်။

"အခု DD လိုကားက (၉၅)ဆိုရင် နံပါတ်အနက်ကို အနီပြောင်းထားတာက သိန်း(၈၀)လောက်ရှိတယ်ဆိုတော့ သက်သာတာပဲဝယ်လာကြတယ်။ မနှစ်က ဦးဝယ်ထားတဲ့ လိုင်စင်ထွက်ပြီးသား ကားတွေဆိုရင် နံပါတ်အနီပြန်ပြောင်းပေးရတာများတယ်" ဟု ပြောပြသည်။ နံပါတ်အနက်မှအနီသို့ပြောင်းရာတွင် ရောက်ရှိနံပါတ်အတိုင်းရနိုင်ပြီး ယခုရောက်ရှိနေသည့် နံပါတ်မှာ 9G ဖြစ်ကြောင်း သိရသည်။ နံပတ်အနက်မှအနီသို့ ပြောင်းလဲလျှောက်ထားရာတွင် (၂)သိန်းခွဲနခန့် ကုန်ကျနိုင်ပြီး က.ည.န တွင် တရားဝင်တစ်သိန်းခြောက်သောင်း ပေးဆောင်ရကြောင်း သိရသည်။

ငွေစံ

Auto World Journal

**အမှုဆောင်အရာရှိချုပ်**
ဇော်ငြိမ်းဦး

**တာဝန်ခံ အယ်ဒီတာ**
ဝင်းနွယ် (ပုသိမ်)

**နိုင်ငံတကာသတင်းအယ်ဒီတာ**
စောလှနွယ်

**စာပြင်အယ်ဒီတာ**
မျိုးမင်းသဏ်း

**ဒီဇိုင်းတာဝန်ခံ**
ရဲနီလင်း

**ဒီဇိုင်းအဖွဲ့**
ယမင်းအောင်၊ ထူးထူးရွှေ

**ကွန်ပျူတာ**
နေမျိုးလှိုင်

**သတင်းထောက်များ**
မင်းသစ်ထူး၊ ကိုထက်ကို၊ စန္ဒီဝင်း၊
လမင်းအောင်၊ ခိုင်ဆက်ဝေ

**ကြော်ငြာတာဝန်ခံ**
နွယ်နီဝင်း၊ ခင်စုအောင်၊ နွယ်နွယ်စိုး

**ရုံးအဖွဲ့**
စိုးသူလွင်

**ထုတ်ဝေသူ**
ဦးဇော်ငြိမ်းဦး (မြ-၀၄၅၈၃)

**ဂျာနယ်လိပ်စာ**
အမှတ်(၈၈)၊ရွှေတောင်တန်းလမ်း(လယ်)
လမ်းမတော်မြို့နယ်။
ဖုန်း ၀၁-၂၃၀၁၁၂၄၊ ၂၃၀၁၁၂၅
ဖက်စ် – ၂၃၀၁၁၂၆
www.awjmyanmar.com
autoworldjournal@gmail.com

**ပုံနှိပ်သူ**
ဦးဝင်းအောင် ( မြ-၀၅၁၃၀ )
သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်။

# မင်းရဲကျော်စွာယာဉ်ရောင်းဝယ်ရေးစခန်း ပြောင်းရွှေ့ရမည်ဟု သတင်းထွက်ပေါ်



မင်းရဲကျော်စွာ ယာဉ်ရောင်းဝယ်ရေးစခန်းအား မေလ(၂၈)ရက်နေ့တွင် ထပ်မံပြောင်းရွှေ့ရမည်ဟူသော ကောလာဟလသတင်းကြောင့် ထိုဝင်းအတွင်းရှိ ကားဝယ်ရောင်းကြီးများ၊ အကျိုးတော်ဆောင်များနှင့် ပွဲစားများ စိတ်ပူပန်နေကြောင်း ဝါရင့်ကားဝယ်ရောင်းကြီးတစ်ဦးက Auto World သို့ ပြောပြသည်။

၂၀၁၃ ခုနှစ်၊ မတ်လဆန်းပိုင်းက ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှ ပြောင်းရွှေ့လာခဲ့သည်မှာ တစ်နှစ်ကျော်ကာလ ရှိပြီဖြစ်ကာ အသားကျရုံသာရှိသေးကြောင်းပြောပြသည်။ အဆိုပါသတင်းကြောင့် ကားဝင်းအတွင်းရှိ မြန်မာ့မော်တော်ယာဉ် ရောင်းချသူများအသင်းသို့ မေးမြန်းမှု များနေကာ အဆိုပါကိစ္စအား ဖြေရှင်းနေရကြောင်း အသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ဘာမှကိုမသိဘူး။ မေလ (၂၈)ရက်နေ့ ပြောင်းရမယ်ဆိုပြီး ဟုတ်သလားလို့ ဖုန်းဆက်မေးမြန်းလို့ ဒီဟာတွေပဲဖြေရှင်းနေရတယ်။ ဘယ်ကထွက်လာတဲ့သတင်းမှန်းလည်းမသိဘူး။ ဝယ်ရောင်းတွေ၊ ပွဲစားတွေလည်း ဒီသတင်းကြောင့် စိတ်ညစ်နေကြတယ်။ ဒီမှာက အသားကျရုံရှိသေးတယ်။ ပြောင်းဆိုရင်လည်း ပြောင်းပေးရမှာပေါ့။ ဒါပေမယ့် အချိန်တော့ပေးရမယ်။ အခုက မိုးတွင်းဆိုတော့ ကိုးလိုကန့်လန့်ကြီး"ဟု အဆိုပါပုဂ္ဂိုလ်က ရှင်းပြသည်။

အဆိုပါ မင်းရဲကျော်စွာဝင်းကြီးအား အင်္ဂလန်နိုင်ငံမှအကူအညီဖြင့်ဆေးရုံဆောက်လုပ်မည်ဟူသော သတင်းသည်ထွက်ပေါ်ခဲ့ဖူးကာ ယခုအချိန်တွင်မူ လက်တွေ့အကောင်အထည်မပေါ်သေးကြောင်း သိရှိရသည်။ မိုးတွင်းရာသီကာလဖြစ်သောကြောင့် အပြောင်းအရွှေ့ခက်ခဲနိုင်သဖြင့် ပြောင်းရွှေ့ခဲ့ရပါကလည်း အချိန်အကန့်အသတ်တစ်ခုထားပေးစေလိုကြောင်း ကားဝယ်ရောင်းအကျိုးတော်ဆောင်ကြီးတစ်ဦးကလည်း ရှင်းပြသည်။

"အခု လေလံမှာ Probox တွေမှာထားတာရပ်ထားလိုက်ပြီ ကားတွေရောက်လာလို့ ဒီမှာက တကယ်ပြောင်းခဲ့ရင် အသယ်အပြောင်းကခက်မှာ။ တော်တော်ကိုစိတ်ညစ်နေတယ်။ မိုးတွင်းကြီးကဖြစ်ပြန်နဲ့။ (၄-၅)လ လောက်တော့ အချိန်ပေးစေချင်တယ်" ဟု ရှင်းပြသည်။

လှိုင်ရှိ ဘာတာသို့ပြောင်းရွှေ့ရမည်ဟု သတင်းထွက်နေပြီးဟံသာဝတီကားဝင်းမှ မင်းရဲကျော်စွာကားဝင်းသို့ ပြောင်းရွှေ့ချိန်မှာ တစ်နှစ်နှင့်နှစ်လခန့်သာရှိသေးကြောင်းသိရသည်။ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းမှာ (၁၉၉၇) ခုနှစ်မှ (၂၀၁၃) ခုနှစ်ထိ ရောင်းဝယ်ဖောက်ကားခဲ့ပြီး (၁၆) နှစ်ကြာမြင့်ခဲ့ကြောင်းသိရသည်။ ယခုအချိန်တွင် မင်းရဲကျော်စွာကားဝင်းအတွင်း ကားအစီးရေ (၆၅၀)ခန့် ရပ်နားထားပြီး ရောင်းဝယ်ဖောက်ကားနေကြောင်း သိရသည်။

**ဂျစ်ထူး**

# မော်တော်ယာဉ်များတင်ဒါယှဉ်ပြိုင်ပါက အစိုးရဌာနများအနေဖြင့် ပစ္စည်းလက်ဝယ်ရှိသည့်အချက်အား အဓိကထားခေါ်ယူ



မော်တော်ယာဉ်များတင်ဒါခေါ်ယူမှုတွင် ယှဉ်ပြိုင်သည့်ကုမ္ပဏီများအနေဖြင့် အချိန်နှင့်ပစ္စည်းလက်ဝယ်ရှိသည်ကတပန်းသာကြောင်း မော်တော်ယာဉ်တင်ဒါများခေါ်ယူလေ့ရှိသည့် အစိုးရဝန်ကြီးဌာန၏ အရာရှိတစ်ဦးက Auto World သို့ ပြော သည်။ ကုမ္ပဏီများဘက်မှ ကြည့်ပါက ဈေးနှုန်းသက်သာပြီး ကွာလတီကောင်းမွန် သည့် ပစ္စည်းအမှန်အကန်အား ပေးနိုင်သော်လည်း အချိန်ကန့်သတ်ထားသဖြင့် တင်ဒါရှုံးနိမ့်မှုများ ဖြစ်ပေါ်လာကြောင်း မော်တော်ယာဉ် တင်ဒါယှဉ်ပြိုင်မှုများတွင် ပါဝင်လေ့ရှိသော ကား Showroom ပိုင်ရှင်တစ်ဦးက ပြောသည်။

"ဝန်ကြီးဌာနတစ်ခုက ကား(၅)စီးတင်ဒါခေါ်တယ်။ လူစီးယာဉ်တွေ ကုမ္ပဏီ (၃)ခု ပြိုင်တယ်။ ကျွန်တော်ကားတွေက မော်ဒယ်မြင့်တယ်။ ဈေးနှုန်းသက်သာတယ်။ (၅)စီးစာလုံးအတွက် သိန်း(၃၀၀)လောက် ကျွန်တော်က (၂၀၀၄) မော်ဒယ်တွေ။ အဲဒါကျွန်တော်ရှုံးတယ်။ သူတို့က (၇)ရက်အတွင်း လိုချင်တယ်တဲ့။ ဒီဝန်ကြီးဌာနမှာ လူကြီးတွေစီးဖို့၊ ကားကောင်းကောင်းရဖို့က (၇)ရက်အတွင်းလိုချင်တယ်ဆိုတော့ ဘယ်လိုလုပ်မလဲ။ နိုင်ငံတော်အတွက် တကယ်ကွာလတီကောင်းပြီး ဘတ်ဂျက်ငွေသက်သာမယ့်ပစ္စည်းကို အချိန်နည်းနည်းပေးပြီး မစောင့်နိုင်ဘူးလား" ဟု အဆိုပါကား Showroom ပိုင်ရှင်က ရှင်းပြသည်။

ယခုနောက်ပိုင်းတွင် လာဘ်ပေးလာဘ်ယူမှုများ အရေးယူခြင်းရှိသည့်အတွက် ဝန်ကြီးဌာနများမှ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေပြီဖြစ်ကြောင်း အထက်ဖော်ပြပါ အရာရှိကပြောကြားသည်။ တင်ဒါခေါ်ယူမှုများတွင် ဈေးနှုန်း၊ ကွာလတီနှင့်အချိန်စသည့် အချက်(၃)ချက်အား အဓိကထား ကြည့်ရှုကြောင်းသိရသည်။ အစိုးရအနေဖြင့် အချိန်နှင့်တပြေးညီ ဆောင်ရွက်ရသောကြောင့် ပစ္စည်းများကို သတ်မှတ်ထားသည့်အချိန်အတွင်း ပေးသွင်းနိုင် အရေးကြီးကြောင်း သိရသည်။ ထို့အတွက် တင်ဒါခေါ်ယူမှုများတွင် ပစ္စည်း လက်ဝယ်ပိုင်ပိုင်နိုင်နိုင် ရှိထားသည့်ကုမ္ပဏီအနေဖြင့် တပန်းသာနိုင်ကြောင်း အရာရှိမှပြောပြသည်။

**ဈေးစုံ**

# (၂)နှစ်အတွင်း မိုင်းလစ်အကန့်အသတ်မရှိ တာဝန်ယူသော မာစီဒီးကားများ မြန်မာပြည်သို့ ဝင်ရောက်လာ

ကမ္ဘာ့ထိပ်တန်းမော်တော်ကားနှင့် စက်ပစ္စည်းဆိုင်ရာ Company ဖြစ်သော Daimler AG ('Daimler') မှ ပထမဦးဆုံး Mercedes-Benz showroom ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ထို Showroom ဖွင့်ပွဲသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလကဖွင့်လှစ်ခဲ့သော Phase (1) showroom ဖွင့်လှစ်ပြီးနောက် ၈-၈-၂၀၁၄ တွင် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပေ (၂၀၀၀၀) ပတ်လည်ဝန်းကျင်ရှိ Mercedes-Benz ၏ ကမ္ဘာတစ်ဝန်းရှိ စံနှုန်းအတိုင်း ဆောက်လုပ်ထားရှိသည်။ထို Showroom အတွင်း Mercedes-Benz အစီး(၁၅)စီးအထိ ခင်းကျင်းပြသထားရှိပြီး နိုင်ငံတကာနှင့် မြန်မာပြည်မှ German-trained ဝန်ထမ်းများကို ခန့်အပ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။



အသစ်ဖွင့်လှစ်သော Showroom တွင် Mercedes-Benz မှ ကားများကို မြန်မာနိုင်ငံ Customer များ တိုက်ရိုက်ဝယ်ယူနိုင်မည်ဖြစ်သည့်အပြင် ဝန်ဆောင်မှုများကိုလည်း တရားဝင်ရရှိနိုင်မည်ဖြစ်သည်။ ထပ်မံ၍ တရားဝင်ရောင်းချသူများမှ တိုက်ရိုက်ကားဝယ်ယူပါက အောက်ဖော်ပြပါ အကျိုးခံစားခွင့်များ ရရှိနိုင်ပါမည်။

(၂)နှစ်မိုင်လစ်အကန့်အသတ်မရှိ Warranty ပေးခြင်း

(၃)နှစ် အခမဲ့ကားဝန်ဆောင်မှုပေးခြင်း

Mercedes-Benz ၏ ကားပစ္စည်း အစစ်အမှန်များရရှိနိုင်ခြင်း

Mercedes-Benz ၏ German trained ပညာရှင်များမှ ဝန်ဆောင်မှုပေးခြင်း

Mercedes-Benz မှ ထူးခြားဆန်းသစ်သော Mercedes-Benz ကားအမျိုးအစားအသစ်များကို စမ်းသပ်မောင်းနှင်ခွင့် ပရိုဂရမ်များ၊ ဘဝနေထိုင်မှုပုံစံများနှင့် ပတ်သက်သော အကျိုးအမြတ်များ ရရှိနိုင်ခြင်း အစရှိသည်တို့ဖြစ်သည်။

Main Showroom ကြီးဖွင့်ပြီးတာနှင့် တစ်ဆက်တည်းမှာပင် ယခုနှစ် နှစ်လယ်ပိုင်းတွင် Mercedes-Benz သည် Main Workshop အသစ်ကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုလတ်တလောတွင် တရားဝင်ဝန်ဆောင်မှုများနှင့် ကားပစ္စည်းများမှာ အမှတ် (၇)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော German-trained ပညာရှင်များ ဝန်ဆောင်မှုပေးနေသည့် Mercedes-Benz workshop တွင်သာ ရရှိနိုင်ပါသည်။

'ယခုဖွင့်လှစ်သော Showroom ဟာ ကျွန်တော်တို့ကုမ္ပဏီနှင့် Daimler AG, Jardine Cycle and Carriage တို့၏ လက်တွဲလုပ်ဆောင်ခဲ့တဲ့ကာလအတွင်း အရေးကြီးသော မှတ်တမ်းတစ်ခု ဖြစ်လာခဲ့သည့်အပြင် Mercedes-Benz ချစ်သူများအတွက်လည်း မှတ်တမ်းတစ်ခုဖြစ်လာမည်ဖြစ်ပါတယ်' ဟု Automobile Century Myanmar Co., Ltd မှ Managing Director ဦးအောင်မိုးကျော်က ပြောကြားသည်။

'ယခုအခါ မြန်မာနိုင်ငံရှိ Customer များဟာ သူတို့၏ အမိနိုင်ငံမှာပဲ ကောင်းမွန်၍ ယုံကြည်စိတ်ချရပြီး တရားဝင်တင်သွင်းသောကားများကို ရရှိပိုင်ဆိုင်နိုင်ပြီဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ Jardine Cycle and Carriage Automobile Myanmar မှတစ်ဆင့် ကျွန်တော်တို့၏ Customer များကို အမြင့်မားဆုံးဝန်ဆောင်မှုပုံစံများနှင့် စစ်မှန်သော ကားပစ္စည်းများကို သူတို့၏ Mercedes-Benz အတွက် ဝယ်ယူရရှိနိုင်ပါပြီ' ဟု Daimler South East Asia Pte.Ltd မှ President နှင့် CEO Mr.Wolfgang Huppenbauer က ပြောကြားသွားခဲ့ပါသည်။

ယခုတည်ဆောက်ထားတဲ့ပုံစံဟာ Mercedes-Benz showroom များရဲ့ ကမ္ဘာတစ်ဝန်းရှိ ခေတ်မီသော ဒီဇိုင်းကို ထင်ဟပ်ကာ ဆောက်လုပ်ထားခြင်းဖြစ်ပါတယ်။ Customer များအနေဖြင့် မြန်မာနိုင်ငံရှိ Showroom တွင် ကမ္ဘာတစ်ဝန်းရှိ Mercedes-Benz ၏ ဝန်ဆောင်မှုများအတိုင်း တစ်ပြေးညီဝန်ဆောင်မှုကောင်းများကို တွေ့ကြုံခံစားနိုင်မည်ဖြစ်သည်။ Mercedes-Benz ကားအမျိုးအစားများကို ကမ္ဘာတစ်ဝန်းတွင် ထုတ်လုပ်သော ကားအမျိုးအစားများအတိုင်း တင်သွင်းလာမှာဖြစ်သည့်အတွက် Customer များအနေဖြင့် ကမ္ဘာတစ်ဝန်းက သိသော ကားအမှတ်တံဆိပ်၏ နောက်ဆုံးပေါ်ခေတ်မီတီထွင်ထားမှုများကို တွေ့ကြုံခံစားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**နဒီ**

# KOREA MOTORS

Korea Motors မှ ကိုရီးယားနိုင်ငံထုတ် အာမခံအပြည့်ရှိ ကားများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေပြီး ဝန်ဆောင်မှုအပိုင်းတွင် (၆) လ အရစ်ကျ အတိုးမယူဘဲ ရောင်းချပေးနေပါသည်။




Spare Parts များကိုလည်းဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးနေပါသည်။

ကီလိုမီတာ (၁၀၀၀၀)/(၆)လအတွင်း အင်ဂျင်နှင့် ဂီယာဘောက်စ်ကိုပစ္စည်းနှင့်လက်ခ အခမဲ့ဝန်ဆောင်မှုပေးနေပါသည်။
ကိုရီးယားအင်ဂျင်နီယာများဖြင့်လည်း ဝန်ဆောင်မှုပေးနေပါသည်။

ကျွန်တော်များ Korea Motors ကားကုမ္ပဏီသည် ကားအစီးရေအများဆုံးရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် မြန်မာနိုင်ငံ အတွင်းတွင် လက်လီလက်ကားရောင်းချပေးနေပါသည်။

No.(6/7), A-1 Street, Mingalardone Industrial Zone,
(Near AungMingalar High Way Bus Center),
Mingalardone Township,Yangon, Myanmar.
Ph: 01-639388,639389,636735

အမှတ်(၆/၇)၊အေ-ဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုံ၊ အောင်မင်္ဂလာအဝေးပြေးဂိတ်
အနီး၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၆၃၉၃၈၈၊ ၆၃၉၃၈၉၊ ၆၃၆၇၃၅





N-CAR
Korea Car & Service Center
Service (၆လ) ၊ ကီလိုမီတာ (10000) အတွင်း အင်ဂျင်နှင့် ဂီယာဘောက်(စ်)အား ပစ္စည်းနှင့် လက်ခ အခမဲ့ ဝန်ဆောင်မှုပေးနေပါသည်။
Bongo III (Box)
KIA Bongo III(2W)
Hyundai Porter II (2W)
Porter II Double Cab(2W)
Hyundai Libero
Hyundai(Wing Body)
N Car မှဝယ်ယူအားပေးသော Customer များအတွက် Diesel Filter, Oil Filter, Air Filter များကိုမေတ္တာလက်ဆောင်ပေးနေပါသည်။
KIA Sorento 2010(2200 CC)
KIA Sportage 2011(2000 CC)
Hyundai Grand Starex (12 Seaters,2W)
Hyundai GRX Starex (12 Seaters)
KIA Bongo III(Coach) (12/15 Seaters)
Hyundai County Bus
အရစ်ကျစနစ် (Hire Purchase) ဖြင့် စတင် ရောင်းချပေးနေပါသည်။ အတိုးမယူပါ။
Service Center
ဝတ်မှုန်
09-421108230
ခက်ခက်
09-420235308
N-Car ၏အားသာချက်မှာ Service Center ရှိသည့်အပြင် ကိုရီးယားအင်ဂျင်နီယာ၊ မြန်မာအင်ဂျင်နီယာများဖြင့် လူကြီးမင်းတို့၏ ကားများကိုစိတ်တိုင်းကျဝန်ဆောင်မှုပေးနေပါသည်။
Spare Sparts ပစ္စည်းများ အများဆုံး ရရှိနိုင်သော နေရာမှာ . . . . ?
Spare Parts
နွယ်ရည်
09-421109829
သဇင်
09-421083725
N-Car Sales & Service Center တွင်အရည်အသွေးမြင့် Spare Parts ပစ္စည်းများကို ဝယ်ယူပြီးသော Customer များအားဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးနေပါသည်။
အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊(ကိုရီးယားမော်တာဘေးတစ်လျက်ခြံ)မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၀၉–၄၀၁၆၀၄၂၈၂၊၀၉–၄၂၂၅၁၇၅၆၂
(Near Aung Mingalar High way bus center ), Beside Korea Motors, Mingalardon Township,Yangon,Myanmar
Ph : 09-401604282,09-422517562
Email : ncarmyanmar@gmail.com
မင်္ဂလာဒုံဂေါက်ကွင်း
Royal Mingalardon Golf Course
No(3) Main Road
ခရေပင်လမ်း
ခရေပင်လမ်း Khayae Pin Road
N-CAR Sales & Service Center
KOREA MOTORS
A-1လမ်း A-1 Street
အမှတ်(၃)လမ်း
Aung Mingalar Bus Station
Bo Tay Za Road



# ခေတ်မီ အဆင့်မြင့်ကားမီးများ

ဝင်းသစ်ထူး(စက်မှု)

မော်တော်ယာဉ် မူဝါဒ ပြောင်းလဲခဲ့ပြီးနောက်၊ ယနေ့ရန်ကုန်မြို့လမ်းများပေါ်တွင် မော်ဒယ်မြင့်ကားမျိုးစုံ အရောင်အသွေးစုံကို ဒီဇိုင်းပုံစံကွဲပြားစွာဖြင့် မြင်တွေ့နေရသည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းထုတ်လုပ်သော မော်တော်ကားဒီဇိုင်းများ၏ ထူးခြားချက်မှာ မီးဒီဇိုင်းပုံစံ ပိုမို လှပဆန်းသစ်လာခြင်းဖြစ်သည်။ ယနေ့ခေတ်ပေါ်ကားများ၏ ပုံစံဒီဇိုင်းသွင်ပြင်လက္ခဏာများသည် ၂၀ ရာစုခေတ်မှ ပုံစံဟောင်းကားဒီဇိုင်းများနှင့် လွန်စွာ ကွဲပြားခြားနားနေသည်။ မော်တော်ယာဉ်တည်ဆောက်မှု နည်းပညာများ ပိုမိုအဆင့်မြင့်လာခြင်းနှင့်အတူ ကားဒီဇိုင်းပုံစံများလည်း ပိုမိုဆွဲဆောင်မှုရှိသော စတိုင်ကျသော၊ ခေတ်မီလှပဆန်းသစ်သော ဒီဇိုင်းပုံစံများဖြင့် အစဉ်တိုးတက်နေသည်။

ကားမီးဒီဇိုင်းအလှများသည် ကားတစ်စီး၏ လှပတင့်တယ်မှုနှင့် အမြင်ဆန်းသစ်မှုများကို လုံးဝပြောင်းလဲသွားစေသည်။ ခေတ်ပေါ်ကားမီးဒီဇိုင်းအလှများသည် ညအချိန်တွင် ပိုမိုဆွဲဆောင်မှုရှိပြီး ရောင်စုံတောက်ပနေသော မီးရောင်များက ရွေ့လျားနေသော ကားတစ်စီး၏ အမြင်တင့်တယ်မှုများကို ပိုမိုပံ့ပိုးပေးနေသည်။ လက်ဝတ်ရတနာများ၏ တောက်ပသောအရောင်သည် ပျိုမြစ်နုငယ်သော မိန်းကလေးတစ်ယောက်၏ အလှကို ပိုမိုမြှင့်တင် ပေးနိုင်စွမ်းသကဲ့သို့ ခေတ်ပေါ် အဆင့်မြင့်ကားမီးများ၏ ရောင်စုံတောက်ပသော အလင်းစွမ်းအားများသည် ကားတစ်စီး၏ လှပတင့်တယ်မှုဂုဏ်ကို ပိုမိုမြှင့်တင်ပေးနိုင်သည်။

**မရှိမဖြစ်လိုအပ်သောကားမီး**

Automotive Lighting ကားမီးများသည် နေ့နေ့၊ ညည ရွေ့လျားသွားလာနေသော ကားတစ်စီးအတွက် မရှိမဖြစ်လိုအပ်နေသော အရာဖြစ်သည်။ ယာဉ်ကြောသွားလာမှုဘေးကင်းလုံခြုံရေး (Traffic Safety) အတွက်လည်းကောင်း၊ မြင်ကွင်းရှင်းလင်းစွာဖြင့် မြင်တွေ့နိုင်ရေးအတွက်လည်းကောင်း၊ ယာဉ်တစ်စီး၏ ဦးတည်ရာလမ်းကြောင်း (Direction) ကို အချက်ပြနိုင်ရန်အတွက် လည်းကောင်း၊ ကားအတွင်းပိုင်း အလင်းရောင်ရရှိရေးအတွက်လည်းကောင်း၊ ဒတ်ချ်ဘုတ် မီတာဒိုင်ခွက်များ၊ သတိပေးမီးများ အသုံးချနိုင်ရေးအတွက်လည်းကောင်း ကားမီးများသည် အဓိက လိုအပ်သည်။

ကားအတွင်းခန်းမီးများ၊ ဒတ်ချ်ဘုတ်ဒိုင်ခွက်မီးများ၊ ကားအပြင်ပိုင်း မီးအလှများသည် ညအချိန်တွင် ကားတစ်စီး၏ ဒီဇိုင်းအလှအပများကို ပိုမိုပေါ်လွင်စေသည်။ ယနေ့ခေတ်ပေါ်ကားများတွင် ဆွဲဆောင်မှုရှိသော ဒီဇိုင်းသွင်ပြင်ဖြစ်စေရန် အဆင့်မြင့် မီးရောင်စုံများဖြင့် အလှဆင်တပ်ဆင်လာကြသည်။

**ကားမီးထွန်းစနစ် (Lighting System)**

ယာဉ်တစ်စီးလုံးအား မောင်းနှင် ထိန်းသိမ်းရာတွင်အဆင်ပြေစေရန်နှင့် ဘေးကင်းလုံခြုံရေးအတွက် Lighting စနစ်ကို အသုံးပြုရသည်။ Lighting စနစ်အတွင်း၊ ရှေ့မီးကြီးများ၊ ဘယ်/ညာ အချက်ပြမီး၊ နှင်းခွဲမီး၊ နောက်မီး၊ ဘရိတ်မီးအတွင်းခန်းမီးများ ပါဝင်သည်။ ထို့ပြင်အင်ဂျင်ယူနစ်တစ်ခုလုံး၏ စနစ်ပိုင်းများစွာပါဝင်သော သတိပေးအချက်ပြမီးများကိုလည်း ဒတ်ချ်ဘုတ်မီးတွင် ဖော်ပြသည်။ ဒတ်ချ်ဘုတ်ဒိုင်ခွက်မီးနှင့် သတိပေးမီးများသည် ယာဉ်မောင်းသူအား အန္တရာယ်ကင်းဝေးစေရန် ကြိုတင်သတိပေး အချက်ပြမီးများဖြစ်သည်။

ယာဉ်မောင်းသူရှေ့မှ ဒတ်ချ်ဘုတ် မီးများသည် ယာဉ်တစ်စီးလုံး၏ ဗဟိုထိန်းချုပ်ရေးစနစ်ပင်ဖြစ်သည်။ ကားတစ်စီးလုံး၏ အခြေအနေ၊ သတင်းအချက်များကို သိရှိရန် ယာဉ်မောင်းသူသည် ဒတ်ချ်ဘုတ် မီးများကို အစဉ်သတိထားစောင့်ကြည့်ရသည်။ ဘက်ထရီမီးလင်းနေသလား၊ အင်ဂျင် Check မီးလင်းနေသလား၊ အင်ဂျင်ပိုင်း မီးလင်းနေသလား၊ အင်ဂျင်အပူချိန်ပြ ဒိုင်ခွက်တွင် အပူလွန်ကဲနေသလား၊ ဆီတိုင်ကီဆီလျော့နည်းနေသလား၊ မီးကြီးထွန်းထားသလား၊ အချက်ပြမီး ပြထားသလား၊ Handဘရိတ်ဆွဲထားသလား၊ တာယာ လေပေါင်စောင့်ကြည့်စနစ်မှ ဘယ်တာယာ လေလျော့နေသလဲ၊ အရေးပေါ် အချက်ပြမီး ပြထားသလား စသော အချက်အလက်များကို မီးဖြင့်သာ ဖော်ပြသည်။ ယနေ့ခေတ်ပေါ်ကားများ၏ ဒတ်ချ်ဘုတ်မီးများသည် LED မီးများဖြင့် အလှဆင်ထား၍ ကားအတွင်းပိုင်းမြင်ကွင်းများကို လှပစေသည်။



**Lighting စနစ်တွင် ပါဝင်သောမီးများ**

Headlight (ရှေ့မီးကြီး)
Fog Lamp (နှင်းခွဲမီး)
Cornering Lamp (ထောင့်စွန်းမီး)
Parking Lamp (ပါကင်မီး)
Signal Light (အချက်ပြမီး)
Reading Lamp (စာကြည့်မီး)
Clearance Lamp (ယာဉ်အကျယ်အဝန်းပြမီး)
Brake Lights (ဘရိတ်မီး)
Tail Lamps (နောက်မီးနီ)
BackupLights (နောက်ဆုတ်အချက်ပြမီး)
Licence Plate Lights (လိုင်စင်နံပါတ်ပြားမီး)
Emergency Velicle Light (အရေးပေါ်မီး)
End Outline Marker Lamps (နောက်ဆုံးအစွန်းမီး)
Rear Overtake Lights (နောက်ကားကျော်ရန်မီး)
Instrument Panel Light (ဒတ်ချ်ဘုတ်မီး)
Engine Compartment Light (အင်ဂျင်ခန်းမီး)
Room Lamp (အတွင်းခန်းမီး)
Courtesy Light (တံခါးဖွင့်မီး)
Step light (လှေကားထစ်မီး)
Luggage Compartment (နောက်ခန်းမီး)

**အဆင့်မြင့်မီးများ**

ရှေးခေတ်ဟောင်းကားများတွင် ရိုးရိုးတန်စတင်မီးလုံးနှင့်ဟေလိုဂျင်မီးသီးများကို သုံးခဲ့ကြသည်။ ယနေ့ခေတ်တွင် HID (Higth Intensity Discharge) မီးများထက် သာလွန်ကောင်းမွန်သော LED မီးများ၊ အော်ဂဲနစ် LED (ခေါ်) OLED မီးများ၊ လေဆာ Laser အဆင့်မြင့်မီးများအထိ သုတေသနပြု တီထွင်၍သုံးစွဲလာကြသည်။ LED, OLED နှင့် Laser အဆင့်မြင့်မီးများသည် တန်ဖိုးကြီးသော်လည်း အလင်းပြင်းအား ပိုမိုတောက်ပခြင်း၊ တာရှည်ခံအသုံးခံခြင်း၊ ပေါ့ပါးကျစ်လျစ်ခြင်း၊ ပါဝါစွမ်းအင်ဂျင်သုံးစွဲမှု လျော့နည်းခြင်းစသော ဂုဏ်သတ္တိအရည်အသွေးကောင်းများကြောင့် သုံးစွဲမှုတဖြည်းဖြည်းတိုးတက်လာသည်။



**HID Headlight မီးကြီး**

HID (high Intensity Discharge) မီးကြီးများသည် ၁၉၉၀-၉၁ ခုနှစ်လောက်တွင် ပေါ်ပေါက်လာပြီး ဟေလိုဂျင် (Halogem) မီးများထက် အလင်းပြင်းအား ပိုမိုကောင်းမွန် သောကြောင့် သုံးစွဲမှုများပြားလာသည်။ HID Headlamp တွင် Xenon ဓာတ်ငွေ့ကို အသုံးပြုထားသဖြင့် ဖြူဖွေးတောက်ပသော အလင်းတန်း၊ မီးမောင်းကြီးကို ဧရိယာကျယ်ပြန့်စွာ ထိုးပြနိုင်သည်။ ရာသီဥတုဆိုးဝါးသော အခြေအနေတွင် ယာဉ်မောင်းသူအတွက် မြင်ကွင်းရှင်းလင်းစွာ မြင်တွေ့စေနိုင်သည်။

ပထမဆုံး HID Head Lamlp ကို ၁၉၉၁ခုနှစ်ကBMW-7 ကားတွင်စတင်မိတ်ဆက်ပြသခဲ့သည်။ အမေရိကန် Lincoln Mark VIII ကားများတွင် ၁၉၉၆–၁၉၉၇ခုနှစ် ၌ စတင်တပ်ဆင်ထုတ်လုပ်ခဲ့သည်။ ၂၀၀၄–၂၀၀၅ခုနှစ်လောက်တွင် HID မီးကြီးများ၊ ဈေးကွက်တွယ်ကျယ်လာသည်။ HID မီးသုံးသောကားများမှာ Audi, BMW, Cadillac, Ford, GMC, Honda, Lexus, Mercedes, Mitsubishi, Nissan, Toyota, Volkswagon နှင့် Volvo ကားများ ဖြစ်သည်။

**LED မီးများ**

(Light-emitting diode) အလင်းရောင်ထွက်သောဒိုင်အုပ်၊ မီးသီးများဟုအဓိပ္ပာယ်ရသောLED မီးများသည် ယခုအခါအလွန်ခေတ်စားလျက်ရှိသည်။ ပထမဆုံးLED မီးတပ်ဆင်သောကားမှာLexus LS 600 h ဖြစ်သည်။ ၂၀၀၇–၂၀၀၈ model ကားများဖြစ်သည်။ ၂၀၀၈ခုနှစ်တွင် Audi R 8 ကားများတွင်၊ တပ်ဆင်လာသည်။ ၂၀၀၉ခုနှစ်တွင်၊Cadillac ကားများနှင့် ၂၀၁၀ခုနှစ်တွင် Toyota Prius ကားများ၌ သုံးစွဲလာသည်။ LED မီးများသည်HID မီးများထက် သာလွန်ကောင်းမွန်သည်။

**OLED မီးများ**

Organic Light Emitting Diodes ဟုခေါ်သော OLED မီးလုံးများသည် ယနေ့ကမ္ဘာပေါ်တွင်ခေတ်စားနေသော၊ အဆင့်မြင့်နည်းပညာဖြစ်သည်။ အသုံးပြုမှုနယ်ပယ်လည်းကျယ်ဝန်းသည်။ OLED နည်းပညာကြောင့် ရုပ်/သံ TV များ တစ်ခေတ်ဆန်းသစ်လာပါသည်။ OLED သည် LED ထက် အလင်းပိုမိုတောက်ပပြီး စွမ်းအင်သုံးစွဲမှု လျော့နည်းသည်။ ခေတ်ပေါ် အဆင့်မြင့်ကားများ၏ ဒတ်ချ်ဘုတ်မီးများ၊ မီးကြီးများ၊ နောက်မီးများနှင့် အတွင်းခန်းမီးများတွင် သုံးစွဲလာကြသည်။

**Laser မီးများ**

၂၀၀၉ခုနှစ်များတွင် လေဆာနည်းပညာကို ကားမီးများတွင်စတင်အသုံးပြုခဲ့သည်။ BMW- i8ကားတွင်၊ လေဆာရှေ့မီးကြီးကို အသုံးပြုထားသည်။ လေဆာမီးသည်၊ LED မီးထက်ပိုမိုတောက်ပပြီး၊ အကွာအဝေးမီတာ ၆၀၀အထိ မီးအလင်းရောင်ရောက်ရှိနိုင်သည်။ ပါဝါသုံးစွဲမှု ၃၀ ရာခိုင်နှုန်းသက်သာသည်။ HID မီးများထက် တောက်ပမှု ၄၀ရာခိုင်နှုန်း ပိုမိုထွက်ရှိသည်။

အနာဂတ်တွင်OLED နှင့် လေဆာအဆင့်မြင့်ကားမီးများ၏ အသုံးချမှုသည် ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပါသည်။




AUTO LAND
KOREA MOTORS
အရောင်းတာဝန်ခံ - ဖိုင်ဖင်ငြိုး
Phone No. - 09 31673560
ကောင်းမွန်သောဝန်ဆောင်မှုဖြင့် Korea Car များကိုရောင်းချပေးနေသောကျွန်တော်တို့
Auto Land Company သည်လူကြီးမင်းတို့အားအင်ဂျင်နှင့်ဂီယာပိုင်းဆိုင်ရာချို့ယွင်းမှုများကို
(၆)လအာမခံဖြင့်ရောင်းချပေးခြင်း၊ မည်သည့် Spare Part ပစ္စည်းမဆိုအလွယ်တကူရရှိနိုင်ခြင်း၊
အာမခံကာလကျော်လွန်သွားသော်လည်း Company Service Center တွင် Korea
အင်ဂျင်နီယာများဖြင့်အကောင်းဆုံးစစ်ဆေးဝန်ဆောင်မှုပေးလျက်ရှိပါသည်။
အရောင်းတာဝန်ခံ - ဝေယျာလင်း
Phone No. - 09 420781608
Hyundai Porter II
Bongo Coach
Libero
Porter II
Double Cab
GRX Starex
County
"2014 SPECIAL DISCOUNT"
Grand Starex
No.(6), A-1 Street, Mingalardone Industrial Zone,
(Near Aung Mingalar High Way Bus Center),
Mingalardone Township,Yangon, Myanmar.
09 5078246 , 09 36173674
အတိုးမဲ့ အရစ်ကျစနစ်ဖြင့်
ဝယ်ယူရရှိနိုင်ပါသည်။


TRACTOR KING SERVICES CO., LTD.
Truck ကားအမျိုးအစားစုံလင်စွာကို တစ်နေရာတည်းမှာ စိတ်ကြိုက်ရွေးချယ်၍
မျက်မြင်အမည်ပေါက်ဝယ်ယူနိုင်ပါသည်။
350 သိန်း
Hino Heavy Truck
2001,လေးပတ်လည်
K13C,Manual
230 သိန်း
Mitsubishi Canter
(2002)16',4M50,
ရှေ့လေး/နောက်လေး
၆ပေါက်တန်းကြီး
160 သိန်း
Toyota Dyna
2004,5L/3000CC,
Diesel,Manual
မျက်မြင်အမည်ပေါက်
390 သိန်း
Hino Heavy Truck
2004,12W,E13C,
Manual
မျက်မြင်အမည်ပေါက်
155 သိန်း
Isuzu 14'
2003
Diesel,Manual
625 သိန်း
Nissan Heavy Truck
2005,GE13,Diesel
Manual
335 သိန်း
FUSO Dump Truck
(6W),(2003)
6M61,Manual
265 သိန်း
Nissan Condor Truck
2004,SE6,6W
Manual
မျက်မြင်အမည်ပေါက်
195 သိန်း
Mitsubishi Canter 12'
(2002),3 ton,4M51,
Diesel,Manual,
ဝေါင်းကျဉ်း။
ရှေ့လေး၊နောက်လေး။
မျက်မြင်အမည်ပေါက်
125 သိန်း
Mitsubishi Delica Truck
2006, 2000 CC
Diesel,Manual
မျက်မြင်အမည်ပေါက်
135 သိန်း
Isuzu 10'
(2003),4HL1,
3 Ton
ရှေ့လေး၊နောက်လေး
(Diesel,Manual)
330 သိန်း
Fuso Heavy Truck
2003,6M70,
Escort,Speed
မီးပြောက်
375 သိန်း
Fuso Prime Mover
2006,6M70
Manual
10',12',14',16',2-3 Ton တရိန်းကား၊ 6 ဘီး၊10 ဘီး Dump Truck စသည့်
ကားမျိုးစုံနှင့် 12 ဘီး Heavy Truck၊ Prime mover Head ကားမျိုးစုံတို့ကို
မျက်မြင်ကြည့်ရှု ဝယ်ယူနိုင်ပါသည်။
175 သိန်း
Hino Dutro
2003,ရှေ့လေး၊နောက်လေး
Diesel,Manual
4000 CC
No.(362/B), Lower Mingalardon Road, (In Front of GTI),East Ywama,Insein Township, Yangon, Myanmar.
Tel : 01- 647129, 09-5163437, 09-421003627 , 09-5074205, E-mail : tks.showroom@gmail.com

# မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် ရရှိရေးကို OSS စနစ်ဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၃)ခုတွင် မေလအတွင်းဆောင်ရွက်ပေးမည် ဟုဆို

မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊သက်တမ်းတိုးခြင်းကိစ္စရပ်များကို ယခင်က လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူစေရန် လျှော့ပေါ့ပေးလျက်ရှိရာ ယခုအခါတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး(၁၃)ခုတွင် OSS စနစ်ဖြင့် မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်ဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ပေးရန်ရှိပြီး မေလတွင်စတင်ဆောင်ရွက်ပေးရန်ရှိကြောင်း 'ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မြင်သာ)'မှ သိရသည်။

"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"အနေဖြင့် ယခင်ကတည်းက ပြည်သူများအဆင်ပြေစေရန်အတွက်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးပေးခြင်းကို နယ်လှည့်၍ ဆောင်ရွက်ပေးခဲ့ပြီး ထပ်မံ၍လည်း သက်တမ်းတိုးပေးသည့် ဌာနခွဲများကို ရန်ကုန်ဘူတာကြီး၊ အောင်မင်္ဂလာအဝေးပြေးဝင်း စသည့်နေရာများတွင်ဖွင့်လှစ်၍ ဆောင်ရွက်မှုများပေးနေသည်။ ယခုပြုလုပ်မည့် စီမံကိန်းမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး(၁၃)ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေး တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်နှင့် ကရင်ပြည်နယ်စသည့်နေရာများတွင် တရားဝင်မော်ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များရရှိစေရန် OSS Cone Stop Services စနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

နီ



# ဧပြီလအတွင်းဖမ်းဆီးရမိသည့် လိုင်စင်မဲ့ မော်တော်ယာဉ်(၁၂)စီးတွင် (၈)စီးမှာ ပိုင်ရှင်မဲ့ယာဉ်များဖြစ်နေ

ရန်ကုန်တိုင်းဒေသကြီးတွင်ယာဉ်မတော်တဆမှုများနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးများ ဆောင်ရွက်နိုင်ရန် မော်တော်ယာဉ်များကို စစ်ဆေးမှုပြုလုပ်လျက်ရှိရာ ဧပြီလအတွင်း လိုင်စင်မဲ့မော်တော်ယာဉ်(၁၂)စီး ဖမ်းဆီးရမိခဲ့ပြီး ယင်း(၁၂)စီးအနက်(၈)စီးမှာ ပိုင်ရှင်မဲ့မော်တော်(၈)စီးအထိ ပါဝင်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးထံမှ သိရှိရသည်။

ဧပြီလအတွင်း စစ်ဆေးဖမ်းဆီးမှုများကို ပြုလုပ်ဆောင်ရွက်ရာတွင် ဖမ်းဆီးရမိခဲ့သော လိုင်စင်မဲ့မော်တော်ယာဉ်(၁၂)စီးအနက်ပိုင်ရှင်မဲ့ မော်တော်ယာဉ်(၈)စီးအားနိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားခဲ့ပြီး ပိုင်ရှင်ရှိမော်တော်ယာဉ်(၄)စီးအား ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ(၈)ဖြင့် အရေးယူသွားမည်ဖြစ်ကြောင်းသိရှိရသည်။ ထို့အပြင် လိုင်းစင်မဲ့မော်တော်ယာဉ်များကို စစ်ဆေးဖမ်းဆီးမှုများ ပြုခဲ့ရာတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင်(၂၄)စီး၊ဖေဖော်ဝါရီလတွင် အစီး(၂၀)၊မတ်လတွင် (၁၀)စီး၊ဧပြီလတွင်(၁၂)စီးအသီးသီး ဖမ်းဆီးမှုများပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ် ကင်းရှင်းရေးကိုဆောင်ရွက်နိုင်ရန်အတွက် ယာဉ်စည်းကမ်းလမ်းစည်းဖောက်ဖျက်သော မော်တော်ယာဉ်များကို အရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၄ဧပြီလအတွင်း စစ်ဆေးဖမ်းဆီးမှုပြုခဲ့သည့်အမှုပေါင်းမှာ (၁၄၁၈၂)ခန့်ရှိခဲ့ကြောင်းလည်း ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ သတင်းထုတ်ပြန်ချက်အရသိရှိရသည်။

လပင်းအောင်

# Brand New ကားများတင်သွင်းရာ တွင် ညာမောင်းများပါ တင်သွင်းခွင့်ပြု

ယခင်ကပြည်ပမှမော်တော်ယဉ်များတင်သွင်းခွင့်ပြုရာတွင် Brand New ကားများတင်သွင်းသူများကို ဘယ်မောင်းများသာတင်သွင်းခွင့်ပြုတော့မည်ဟုဆိုခဲ့သော်လည်း ယခုအခါတွင် Brand New ကားများကို ညာမောင်းများပါတင်သွင်းခွင့်ပြုပေးနေကြောင်း 'စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန'မှ စုံစမ်းသိရှိရသည်။



မြန်မာနိုင်ငံ၏ မော်တော်ယာဉ်မောင်းနှင်နိုင်သောလမ်းများမှာ ညာဘက်ကပ်မောင်းစနစ်များဖြစ်ခြင်းကြောင့် ညာမောင်းမော်တော်ယဉ်များမောင်းနှင်ပါက ယာဉ်အန္တရာယ်များဖြစ်ပေါ်နိုင်သည့်အတွက် ၂၀၁၃ခုနှစ်တွင် Brand New ကားများဖြစ် သည့် ၂၀၁၃မော်ဒယ်လ်နှင့် ၂၀၁၄ မော်ဒယ်လ်ကားများတင်သွင်းပါက ညာမောင်းများကို တင်သွင်းခွင့်ပြုမည်မဟုတ်ဘဲ ဘယ်မောင်းများကိုသာ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်းကို 'စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန'၏ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာဌာနမှ ကြေငြာချက်ထုတ်ပြန်ခဲ့သော်လည်း ယခုအခါတွင် Brand New ကားများတင်သွင်းရာ ညာမောင်းများကိုပါ တင်သွင်းခွင့်ပေးထားကြောင်း သိရသည်။ ဤကဲ့သို့ ညာမောင်းများကို Brand New တွင် တင်သွင်းခွင့်ပြုပေးထားရသည်မှာ Brand New ကားများတင်သွင်းရာတွင် အခက်အခဲများ မဖြစ်စေရန်အတွက်ဖြစ်ကြောင်းလည်း သိရှိရသည်။

Brand New ကားများကို ပြည်ပမှတင်သွင်းခြင်းကို ဘယ်မောင်း၊ ညာမောင်းနှစ်မျိုးစလုံး တင်သွင်းခွင့်ပြုထားသလို ပြည်တွင်း၌ Brand New ကားများရောင်းချခွင့်ရှိသည့် Show room များကိုလည်း ခွင့်ပြုပေးထားရာ ယခုအခါတွင် ကမ္ဘာ့နာမည်ကြီးအမှတ်တံဆိပ်များဖြစ်သည့် Mercedes၊ Chevorlet၊ Ford၊ GMC၊ MG၊ Nissan၊ KIA၊ Scania၊ Mazda တို့ကိုလည်း ဖွင့်လှစ်ရောင်းချခွင့်ပြုထားကြောင်းလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

နီ

# ရန်ကုန်–မန္တလေးအမြန်လမ်းမတွင် ယာဉ်မတော်တဆမှုများ လျင်မြန်စွာ အရေးပေါ်ကုသပေးရန်စီစဉ်



ဧပြီလတွင်းယာဉ်မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေနှင့် ဒဏ်ရာရရှိသူဦးရေများပြားခဲ့သော ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားပါက လျင်မြန်စွာအရေးပေါ်ကုသရေးပေးရန်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်နှင့် ထိခိုက်ဒဏ်ရာကုသရေးဌာနမှ စီစဉ်လျက်ရှိကြောင်းသိရသည်။

ယင်းကဲ့သို့ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုဖြစ်ပါက လျင်မြန်စွာအရေးပေါ်ကုသရေးပေးရန်စီစဉ်ရခြင်းမှာ ထိခိုက်ဒဏ်ရာရသူတွေကို လျင်မြန်စွာဆေးကုသမှုပေးနိုင်ရန် ရည်ရွယ်ကြောင်းသိရသည်။ အဆိုပါစီမံကိန်းအားဆောင်ရွက်သွားနိုင်ရန်အတွက် ဆီးဂိမ်းနှင့် ပါရာဂိမ်းကာလအတွင်း အမြန်လမ်းတစ်လျှောက်မိုင်(၄၀)အကွာလျှင် တစ်ခုစီတည်ရှိသော ကျန်းမာရေးစခန်းများကို ပြန်လည်ဖွဲ့စည်းသွားမှာဖြစ်ပြီး ဖွဲ့စည်းသွားနိုင်ရန်အတွက်လည်း ငွေအင်အား၊လူအင်အားများလိုအပ်ကြောင်းသိရှိရသည်။ ဆီးဂိမ်းကာလအတွင်း အဆိုပါကျန်းမာရေးစခန်းများကို ပြည်သူ့ရဲတပ်ဖွဲ့၊ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် Ambulance ယာဉ်တွေပါထားရှိပေးခဲ့ကာ ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်းလည်းသိရသည်။

အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားပါက ထိခိုက်ဒဏ်ရာရရှိသူများကို ဖြူး၊တောင်ငူ၊ ဖဒို၊မိတ္ထီလာတို့တွင်ရှိသော ဆေးရုံတို့ရှိ အရေးပေါ်ကုသရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်နေသည်မှာ ထိရောက်မှုအားနည်းခြင်းကြောင့် ယခုကဲ့သို့လျင်မြန်စွာ အရေးပေါ်ကုသရေးပေးရန် စီစဉ်ရခြင်းဖြစ်ကြောင်းသိရသည်။

လပင်းအောင်

# စည်ပင်သာယာနယ်နိမိတ်အတွင်း ဟိုင်းလတ်ယာဉ်များ ပြေးဆွဲခွင့် ကန့်သတ်ထားသော်လည်း ကြားကားအဖြစ်ဝင်ရောက်ပြေးဆွဲနေ

ယာဉ်မတော်တဆမှု မကြာခဏဖြစ်ပွားလျက်ရှိသော ဟိုင်းလတ်ယာဉ်များကို ရန်ကုန် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်အဖြစ် ဝင်ရောက်ပြေးဆွဲခွင့်ကို ကန့်သတ်လိုက်သော်လည်း ဟိုင်းလတ်ခရီးသည်တင်ယာဉ်အချို့မှာ ညနေစောင်းပိုင်များတွင်ကြားကားအဖြစ် ဝင်ရောက်ပြေးဆွဲမှုများရှိနေကြောင်း ခရီးသည်များထံမှ စုံစမ်းသိရှိရသည်။



ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီနှင့် အခြားသောအဖွဲ့အစည်းများမှ အဆိုပါ ဟိုင်းလတ်ယာဉ်များ စည်းပင်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်ပြေးဆွဲမှု မရှိစေရန်အတွက် ကြီးကြပ်စစ်ဆေးမှုများကို သန်လျင်တံတားထိပ် (၁၄) လမ်းသုံး လှော်ကားထိပ်နှင့် မြို့ရှောင်လမ်း (၅၁) ဂိတ်တို့တွင် ဆောင်ရွက်လျက်ကြောင်းသိရသည်။ သို့သော်လည်း အဖွဲ့စစ်များ မစစ်ဆေးတော့သည့် ညနေစောင်းပိုင်များတွင် ဟိုင်းလတ်ယာဉ်အချို့မှာ စည်ပင်သာယာနယ်နိမိတ်အတွင်း ယခင်ပြေးဆွဲသည့် လမ်းကြောအတိုင်း ကြားကားအဖြစ်ဝင်ရောက်ပြေးဆွဲမှုများပြုနေကြသည်။ ယင်းကဲ့သို့ ကြားကားအဖြစ် ဝင်ရောက်ပြေးဆွဲမှုများ ပြုနေကြသည်။ ယင်းကဲ့သို့ ကြားကားအဖြစ် ဝင်ရောက်ပြေးဆွဲသည့် ဟိုင်းလတ်ယာဉ်၊ (၈၇) စီးကို မှတ်သားဖမ်းဆီးမှုများပြုလုပ်လျက်ရှိကြောင်းလည်း သိရသည်။

ယခင်က စည်ပင်နယ်နိမိတ်အတွင်း ပြေးဆွဲနေသော ဟိုင်းလတ်ယာဉ်အစီးရေမှာ (၈၀၄) အထိ ရှိသော်လည်း ယခုအခါတွင် အစားထိုး မီနီဘတ်စ်ယာဉ်ပြေးဆွဲမှုမှာ (၁၁၉) စီးသာရှိသေးပြီး၊ ပြေးဆွဲရန်တင်ပြထားသည့် မီနီဘတ်စ် အစီးရေမှာ (၅၂) စီးရှိနေကြောင်း၊ ထို့အတွက် အစားထိုး မီနီဘတ်စ်များကို ဟိုင်းလတ်ယာဉ်များနည်းတူ ပြေးဆွဲပေးနိုင်ရန်အတွက် မ.ထ.သ (ဗဟို) အနေဖြင့် ယာဉ်ပိုင်ရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

လပင်းအောင်



# ထုတ်လုပ်သူနှင့်သုံးစွဲသူကြား အဖြေမသိရသေးသည့်အမှား

လွတ်လပ်စွာ ကားတင်သွင်းခွင့် တွေပေးပြီးမှ အတူတူဝင်လာကြသော အခြားပါဝါတူ ကားအမျိုးအစားများ၊ သူ့ထက်ပါဝါ နိမ့်သော ကားအမျိုးအစားတွေမှာ ဒီလိုသတင်းမကြားမိ။ အားလုံးက နေပူဒဏ်ကိုမခံနိုင်၍ အဲကွန်းဖွင့်မောင်း ကြသည်။ သို့သော် ဘာမှအသံမထွက်လာ။ ဒီတစ်မျိုးတည်းမှဖြစ်သည်ဟုဆိုလျှင်တော့ – –

**ကျော်မိုးဦး**

ကိုဦးက ကားကို မင်းရဲကျော်စွာကားဝိုင်းထဲသို့ ဗိုလ်ချုပ်လမ်းဘက်မှ ချိုးကာဝင်လိုက်သည်။ ကိုဦး ကား ရပ်နေကျနေရာကို လှမ်းကြည့်လိုက်သည်။ နေရာလွတ်ရှိမရှိ တော်သေးသည်။ ကားတစ်စီးစာ နေရာလွတ်တစ်ခုကို တွေ့လိုက်ရသည်။ ကိုဦးက သူ၏ခွေးဘီလူးကားလေးကို ထိုနေရာသို့ မောင်းသွား၍ ပတ်ကင်ထိုးကာ ရပ်လိုက်သည်။ ထို့နောက် ထိုင်နေကျနေရာမှာ သူ၏ ကားဘော်ဒါတွေ လူစုံမစုံ လှမ်းကြည့်လိုက်ပြန်သည်။ အဆင့်သင့်ပင်။ လူစုံတက်စုံ ကိုဦးတစ်ယောက်တည်း နောက်ကျမှ ရောက်လာသည်။ ထို့ကြောင့် ကိုဦး၏ ဘော်ဒါကားဝယ်ရောင်းကိုလှိုင်က …

“ခင်ဗျား ဒီနေ့နောက်ကျတယ်နော် … အခုလေးတင် ကျွန်တော်တို့ပြောနေကြသေးတယ် … မလာတော့ဘူးထင်တယ်လို့” ကိုဦးကလည်း ကားပေါ်ကဆင်းပြီး ကိုလှိုင်တို့ဘက်ကြည့်ကာ …

“အေးဗျာ … နောက်ကျသွားတယ် … ဒီနေ့ သမီးကို ကျူရှင်လိုက်ပို့နေရလို့ … ဒါနဲ့ ခွေးဘီလူးအောင်ကြီးလာလား” ကိုလှိုင်တို့ကို ပြန်မေးလိုက်သည်။ ကိုလှိုင်က ပလတ်စတစ်ထိုင်ခုံကိုမှီကာ ထိုင်ရင်းဖုန်းတစ်လုံးနှင့်အလုပ်ရှုပ်နေသည့် ခွေးဘီလူးအောင်ကြီးကို လက်ညှိုးညွှန်ပြကာ …

“လာပါတယ်ဗျာ … ဟိုမှာ ထုံးစံအတိုင်းပေါ့ ခင်ဗျားကို ဂရုမစိုက်နိုင်ဘူး ဖုန်းတစ်လုံးနဲ့ ချက်နေရတယ်”ကိုဦးက ခွေးဘီလူးအောင်ကြီးကို လှမ်းကြည့်လိုက်သည်။ ပါးစပ်မှလည်း “ဟာ … ကိုအောင်ကြီး ခင်ဗျားကိုတွေ့ချင်နေတာ ခင်ဗျားနဲ့ပြောစရာရှိလို့ဗျ” ကိုဦးပြောလိုက်မှ ကိုအောင်ကြီးက ကိုဦးကိုမော့ကြည့်လိုက်သည်။ ပါးစပ်ထဲမှာ ကွမ်းတံထွေးတွေပြည့်သောကြောင့် ချက်ချင်းပြန်မပြောနိုင်ဘဲ လက်ကာပြီး ထိုင်ရာမှထကာ အနီးနားကမြောင်းထဲကို ကွမ်းတံတွေး သွားထွေးလိုက်သည်။ ပြီးမှ ပါးစပ်ကအားသွားကာ …

“ပြော … ကိုဦး … ကျွန်တော်လည်း မနက်ကမှ မန္တလေးက ပြန်ဆင်းလာတာ … ခင်ဗျား ခွေးဘီလူး ရောင်းဖို့ကိစ္စလား ကျွန်တော်ကြည့်လုပ်ပေးပါ့မယ် … မနာစေရဘူး” ကိုအောင်ကြီးက ရန်ကုန်မှခွေးဘီလူးဟု ကားပွဲစားတွေနာမည်ပေးထားသော ဆူဇူးကီးပစ်ကပ်ကားလေးများကို ဝယ်ကာ မန္တလေးသို့ပို့သည်။ တစ်ခါပို့လျှင် လေးငါးဆယ်စီးပို့ရသည်။ ထို့ကြောင့် သူ့နာမည်ကိုလည်း ပွဲစားများက ခွေးဘီလူးအောင်ကြီးဟု ခေါ်ကြသည်။ ကိုဦးနှင့်ပြောနေစဉ် သူ့လက်ထဲမှဟမ်းဖုန်းမှ အသံတွေထွက်နေသည်။ ထို့ကြောင့် ကိုဦးက “ဖုန်းလာနေတယ်နဲ့တူတယ် ပြောလိုက်ပါဦး … ပြီးမှ …” ကိုအောင်ကြီးက ရယ်ကျဲကျဲဖြင့် ကိုဦးကို …

“ဖုန်းလာတာမဟုတ်ဘူးဗျာ … ဖေ့ဘုတ်သတင်းလေးတွေ ကြည့်နေတာ … ဒါ “အလဲဗင်းမီဒီယာ သတင်းယူကျူ” ကနေ သတင်းကြေညာနေတာ … မနေ့ နေ့လယ်က နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့မှာ ပရိုဘောက်ကားတစ်စီး မောင်းနေတုန်း မီးထလောင်တဲ့ သတင်းကြည့်နေတာ” ကိုအောင်ကြီးပြောမှ ကိုဦးလည်းစိတ်ဝင်စားသွားသည်။ ကိုဦးလိုပင် ကိုလှိုင်တို့တစ်တွေလည်း စိတ်ဝင်စားကာ ခေါင်းထောင်၍ ကိုအောင်ကြီးကိုကြည့်လိုက်ကြသည်။ ကိုအောင်ကြီးက အားလုံးစိတ်ဝင်စားမှန်းသိ၍ ထိုသတင်းပုဒ်လေးကို အစမှပြန်ဖွင့်ပြသည်။ ကိုဦးကိုလည်း အားလုံးဝိုင်းအုံကာ ကိုအောင်ကြီး၏ ဟမ်းဖုန်းကိုကြည့်ကြသည်။ သတင်းက ဟမ်းဖုန်းလေးမှာ အရုပ်ရောအသံပါ ကြည်လင်ပြတ်သားစွာကြည့်ကာ နားထောင်လိုက်ရသည်။ ပရိုဘောက်ကား မီးလောင်နေပုံကိုလည်းတွေ့ရသည်။ အကြောင်းအရာအားလုံးကိုလည်း ကြားလိုက်ရသည်။ ကိုလှိုင်က …

“ရန်ကုန်မှာ ကားမီးလောင်တာ ကျွန်တော်ကြားဖူးတာ သုံးကြိမ်ရှိသွားပြီ … အားလုံးတိုယိုတာပရိုဘောက်ကားတွေချည်းပဲ … ချွတ်ယွင်းချက်တစ်ခုခုတော့ရှိလိမ့်မယ်” ကိုလှိုင် စကားကို အနားမှပွဲစားမောင်မြင့်က …

“မန္တလေးမှာ ပရိုဘောက်မီးလောင်တာကြားရတော့ ဗိတ်တွေမချိမဆန့်တင်ပြီး တောင်တက်လမ်းတွေမှာ မောင်းလို့ပဲလို့ထင်တာ တချို့မီးလောင်တဲ့ ပရိုဘောက်ကားတွေမှာ ခရီးသည်တောင်မပါဘူးဆိုတော့ စဉ်းစားစရာပဲ” ကိုလှိုင်က

“အများအားဖြင့်တော့ အပူချိန်မြင့်လွန်းလို့လောင်တာပေါ့လေ … ဒီပရိုဘောက်တွေမှာ အပူချိန်ကိုထိန်းပေးဖို့ နည်းလမ်းတွေအားနည်းလို့ နေမှာပေါ့ ဒါကလည်း အင်ဂျင်ထဲမှာလှည့်ပတ်တဲ့ရေလိုင်းတွေ ရေတိုင်ကီအအေးအောင်လုပ်ပေးဖို့ ဖန်(ပန်ကာ)တွေက တခြားကားတွေထက် ပရိုဘောက်ကားမှာ ပိုပြီးအားနည်းလို့ဖြစ်မှာပေါ့” ကိုဦးက … “အဲဒါတွေလည်းပါမှာပေါ့ … ပရိုဘောက်ဆိုတာကလည်း အခု ကားတင်သွင်းခွင့်တွေရလာမှ ကျွန်တော်တို့နဲ့ ရင်းနှီးလာတာမဟုတ်လား … အစဦးကားတွေတင်သွင်းခွင့်ရခါစကဆို ပရိုဘောက်ရဲ့ပုံစံကရိုးရှင်းလွန်းတော့ ဒီကလူတွေက သိပ်မကြိုက်ခဲ့ဘူးလေ … နောက်ပိုင်းကျတော့ တက္ကစီသမားတွေ လုပ်ငန်းသမားတွေက လုပ်ငန်းခွင်အတွက် သဘောကျပြီးသုံးရင်းနဲ့ လူကြိုက်များလာတာလေ … အဲ … လူကြိုက်များတုန်းရှိသေးတယ် မန္တလေးဘက်မှာ ပရိုဘောက်ကားတွေမီးထလောင်တာ လေးငါးစီးလောက်ကြားရတော့ လူတွေက အပူပိုင်းဒေသဖြစ်လို့ နေမှာပေါ့လို့ထင်ခဲ့ကြတယ် အခုဆို ရန်ကုန်မှာ ဘာဝိတ်မှမတင်ဘဲ လောင်တာပဲ” ကိုအောင်ကြီး၏ ဟမ်းဖုန်းသတင်းမှ ကားကျွမ်းကျင်သူတစ်ဦး၏ ဝေဖန်၍ အကြံပြုချက်ကိုလည်း ကြားလိုက်ရပြန်သည်။ ထိုသူက အိပ်ဇောပိုက်မှ ကျောက်ဆန်ကာဖြုတ်ပစ်ရန် ပြောသည်။ ထိုသို့ဖြုတ်လျှင် မီးလောင်နိုင်မှုက အမှန်တကယ်ကင်းဝေးနိုင်မည်လား။

သတိထားမိသလောက် လွန်ခဲ့သောအနှစ်သုံးဆယ်လောက်မှ စကာ ထုတ်လုပ်ခဲ့သည့် ဂျပန်ကားတိုင်းတွင် အိပ်ဇောပိုက်၏အရင်းတွင် ကျောက်ဆန်ကာဆိုသည့် အစိတ်အပိုင်းတစ်ခုပါသည်။ တချို့လည်း တစ်ထွာပတ်လည်လောက်တော့ရှိမည်။ တချို့လည်းတစ်ပေလောက်ရှိသည်။ အပြင်မှ မီးခံပြားများဖြင့်ပတ်ထားသည်ကို ကိုဦးတွေ့ဖူးသည်။ အင်ဂျင်၏ အိပ်ဇောဘားများမှလွှတ်ထုတ်သည့် အပူရှိန်ကိုတားဆီးလျှော့ချပေးသောအရာဖြစ်သည်။ ထိုသို့ မတားဆီးပေးလျှင် အိပ်ဇောပိုက်တစ်လျှောက် အပူရှိန်ကဖြတ်သန်းကာ အသံထိန်းအုံသို့ရောက်သွားမည်။ အပူရှိန် တိုက်ရိုက်ထိတွေ့ပါများလျှင် အသံထိန်းအုံ၏ သံဆန်ကာများက ရေရှည်မခံ။ ခဏလေးဖြင့် ကားက ကျောက်ဆန်ကာဘေးနားမှ ပေါက်သွားသောကြောင့် ဖြတ်ထုတ်ကာစွန့်ပစ်ခဲ့ရဖူးသည်။ ကျောက်ဆန်ကာက စပယ်ယာပတ်လည်းမရှိတော့ ပိုက်တစ်ချောင်းဖြင့် တိုက်ရိုက်ဆက်ပေးလိုက်သည်။ ထိုစဉ်က အညွှံစားလောင်စာဆီများသာ သုံးရတော့ အင်ဂျင်အပူကျမကျမသိ။ ထိုသို့လုပ်ပြီး ကိုဦး၏ကားလည်း မကြာမီ အသံထိန်းအုံ လဲလိုက်ရသည်။ ပြည်တွင်းဖြစ်မို့ သံသားမကောင်းလို့ထင်မိခဲ့သည်။ တစ်လုံးကို တစ်နှစ်ပင်မခံ။ ကိုဦးအသိတစ်ယောက်ကပြောသည့် “အိပ်ဇောပြင်သမားတွေက ကျောက်ဆန်ကာမပါတဲ့ကားတွေဆို သိပ်သဘောကျတာ မီးအားပြင်းလို့ အိပ်ဇောအိုးတွေပေါက်တော့ သူတို့အလုပ်ရတာပေါ့” ဟု။

ကိုဦးငယ်ငယ်က မိဘများနှင့် မန္တလေး၊ ပြင်ဦးလွင်သို့ အလည်သွားဖူးသည်။ ကိုဦးအဖေက ပြင်ဦးလွင်သို့တက်ရန်အတွက် ဂျစ်ကားတစ်စီးကို ငှားသည်။ ထိုဂျစ်ကားနှင့်ပြင်ဦးလွင်သို့ တက်ကြသည်။ ထိုဂျစ်ကားစက်သံက အခြားကားတွေနှင့်မတူ ကျယ်လောင်လွန်းသည်။ မီးခိုးနံ့များလည်းရသည်။ မျက်လုံးများပင်စပ်လာသည်။ အဖေက ထိုကားဆရာကို “မင်းကားက စက်သံလည်းကျယ်အနံ့လည်းပြင်းလှချည်းလား” ဆိုတော့ ကားဆရာက “တောင်ဘက်မှာ အင်ဂျင်မပူအောင် အိပ်ဇောဖြုတ်ထားလို့ပါအစ်ကိုဟု ပြန်ပြောသည်။ နှစ်ဆယ့်တစ်မိုင်မှာ ကားနားတော့ ကားသမားက ကိုဦးအဖေကို ‘ပြင်ဦးလွင်ကိုတက်တဲ့ ဂျစ်ကားတွေမှာ အင်ဂျင်အေးအောင် အိပ်ဇောပိုက်အတိုလေးတွေသာတပ်ပြီး အသံထိန်းအိုးကို ဖြုတ်ဆွေးလွယ် ပေါက်လွယ်သည်။ ကျောက်ဆန်ကာ အတွင်းဘက်တွင် ထုံးကျောက်ကဲ့သို့ အပူခံပုံဆောင်ခဲများရှိသည်။ တချို့ကလည်း ကျောက်ဂွမ်းဟု ခေါ်ကြသည်။ ၎င်းက အင်ဂျင်အိပ်ဇောဘားမှလာသော မြင့်မားသည့် အပူရှိန်ကို တားဆီးပေးသည်။ တချို့ကားပြင်သည့်ဆရာများက အအေးပိုင်းဒေသတွင် အင်ဂျင်အပူကိုထိန်းထားရန် တပ်ဆင်ထားသည်ဟုဆိုကြသည်။ အမှန်ကလည်း ထိုကျောက်ဆန်ကာမရှိလျှင် အပူရှိန်က အင်ဂျင်အနီးမအောင်းနေတော့ဘဲ အပြင်သို့ လွယ်ကူစွာ ထွက်နိုင်သောကြောင့် အပူရှိန်လျော့သွားမည်ဟု ကိုဦးကို စက်ပြင်ဆရာတစ်ဦးကပြောပြခဲ့ဖူးသည်။ ဟိုစဉ်က ကိုဦး၏ ကိုရိုလာအိတ်တီဖိုးမိုဒယ် (ဖင်ထောင်ဟုခေါ်သော) ထားကြတယ်” ဟုဆိုသည်။ ကိုဦးအဖေက ကားဖိုက်အောက်ကိုငုံ့ကြည့်တော့ ကိုဦးလည်းစပ်စပ်စုစုလိုက်ပြီး ငုံ့ကြည့်လိုက်သည်။ အင်ဂျင်မှထွက်လာသည့် အိပ်ဇောပိုက်ကို ကားဖိုက်အလယ်မှာဖြတ်ထားသည်။ ထိုဂျစ်ကားနှင့်အိပ်ဇောပိုက်ကို အခုထက်ထိမျက်လုံး ထဲမြင်နေမိသည်။ ရန်ကုန်မှာလည်း ဟိုတုန်းကသကြၤန်မှာဆိုကားကို အသံကျယ်အောင် အိပ်ဇောပိုက် ဖြတ်မောင်းသလိုပင်။

တချို့ကပြောကြသည်။ အပူမတက်အောင် သာမိုစတက်ဖြုတ်ရမည်ဟု။ သာမိုစတက်ဆိုတာကတော့ ရေတိုင်ကီ အပေါ်ခြမ်းကလာတဲ့ ရေပိုက်နဲ့ ရေလယ်အုံကနေ အင်ဂျင်အဝင်ပိုက်ဆုံရာနေရာမှာရှိသည်။ လိုအပ်သည့် ရေအပူရှိန်မရလျှင် ဘားကပိတ်ထားပြီး လိုအပ်သည့် အပူရှိန်မှာ ဘားကဖွင့်ပေးသည်။ ထိုဘားက အအေးပိုင်းဒေသများအတွက် အင်ဂျင်ပူကို ထိန်းထားပေးဖို့လိုအပ်သည်ဟု ဆိုသည်။ ထိုဘားကလည်း ရေတိုင်ကီအအေးခံသည့် ပန်ကာစနစ်ကို ထိန်းချုပ်ပေးသည်။ ပူလျှင်ရေတိုင်ကီပန်ကာကိုလည်စေမည်။ ထိုဘားကို ထုတ် လိုက်လျှင် ရေတိုင်ကီမှရေက ကန့်သတ်မခံရတော့ဘဲ ရေစီးကြောင်းအတိုင်း တိုက်ရိုက်လည်ပတ်နေ၍ အပူအောင်းကာထိန်းထားချင်းမျိုးမရှိတော့။ ထို့ကြောင့် အင်ဂျင်အပူသက်သာသွားသည်။ ဟိုစဉ်က ကိုဦးတို့ သဆော်ကျကားများဝယ်တိုင်း ထိုသာမိုစတက်ကို ဖြုတ်ခဲ့ရသည်။

နောက်တစ်ကြိမ် လွန်ခဲ့သော ဆယ်နှစ်ခန့်က ကိုဦးနှင့်အတူ ဆရာအိကြာကွေး၊ ဆွေမင်း (ခနဖြူ)၊ ဆရာနန္ဒသိန်းဇံတို့ ဖြူးမြို့စာပေဟောပြောပွဲသို့အသွား ရန်ကုန် မှမထွက်ခင် ကိုဆွေမင်း၏ တိုယိုတာ တောင့်အေ့စ် (ရိုင်ရယ်လောင့်စ်) ကားမှာ ရှေ့ခန်းဒတ်ရှ်ဘုတ်အောက်မှ ဝါယာရှော့ဖြစ်ကာ မီးထတောက်၍ အသည်းအသန်ငြိမ်းသတ်ခဲ့ရဘူးသည်။ ထိုခရီးစဉ်အတွက် ကားပြောင်းလိုက်ရသည်။

ဒီလိုဖြစ်စဉ်တွေက ကားဟောင်းတွေမှာ ဟိုဖြုတ်ဒီတပ် ဟိုပြင်ဒီပျက်နှင့်မို့ ပြုပြင်သူများ၏အမှားပင် ပရိုဘောက်လိုကားမျိုးက အခုမှဝင်လာသည်မှာ မကြာသေးသည့်ကားများပင်။ သို့ကြောင့် ထိုကား၏ချွတ်ယွင်းချက်အားနည်းချက်ကို ကားထုတ်လုပ်သူ များသာသိနိုင်မည်။ လွတ်လပ်စွာကားတင်သွင်းခွင့် တွေပေးပြီးမှ အတူတူဝင်လာကြသော အခြားပါဝါတူ ကားအမျိုးအစားများ၊ သူ့ထက်ပါဝါနိမ့်သော ကားအမျိုးအစားတွေမှာ ဒီလိုသတင်းမကြားမိ။ အားလုံးက နေပူဒဏ်ကိုမခံနိုင်၍ အဲကွန်းဖွင့်မောင်းကြသည်။ သို့သော် ဘာမှအသံမထွက်လာ။ ဒီတစ်မျိုးတည်းမှဖြစ်သည်ဟု ဆိုလျှင်တော့ ထုတ်လုပ်သူနှင့် ဆွေးနွေးသင့်သည်။ ဘယ်သူ့အမှားလဲ သုံးစွဲသူအမှားလား။ ထုတ်လုပ်သူအမှားဆိုတာကိုတော့ သိဖို့လိုပေလိမ့်မည်။ ဒီလိုမဖြစ်အောင် ဘာတွေပြုပြင်ရမယ်။ ဘယ်အချက် တွေဆောင်ရမယ်။ ဘယ်အချက်တွေ ရှောင်ရမယ်ဆိုတာလည်း သုံးစွဲသူအနေဖြင့် သိဖို့လိုပေလိမ့်မည်။ ဒါပေမဲ့ ဘာပဲပြောပြော ကားထဲမှာတော့ တူးလီတာ မီးသတ်ဘူးနဲ့လုံချည်ဟောင်းတစ်ထည်တော့ ဆောင်ထားရင် မမှားဘူးဟု ဆိုရပါတော့မည်။

\- - - - - -


KZS Family Auto Car Sales Centre
LUXURY FOR YOUR LIFE
» ၂၀၀၉ အထက် GRADE အမြင့်ဆီစားသက်သာသောကားများ
TOYOTA COROLLA AXIO
2009
G-Grade
ပစ္စည်းစုံ
170 သိန်း
TOYOTA BELTA
2009
X-Grade
ပစ္စည်းစုံ
128 သိန်း
NISSAN LATIO
2012
X-Grade
ပစ္စည်းစုံ
150 သိန်း
TOYOTA RACTIS
2011
X-Grade
ပစ္စည်းစုံ
130 သိန်း
» မြို့တွင်းသွားရန်အသင့်တော်ဆုံးနှင့် ပွဲသွားပွဲလာအတွက် GRADE အမြင့် Luxury ကားများ
TOYOTA CROWN (အမည်ပေါက်)
2006
2500 cc
ပစ္စည်းစုံ
205 + slip
TOYOTA HARRIER
2004
2400 cc
L-Grade
ပစ္စည်းစုံ
205+slip
TOYOTA MARK X
2005
2500 cc
PUSH-START
ပစ္စည်းစုံ
165+slip
TOYOTA KLUGER
2001
2400 cc
G-Grade
ပစ္စည်းစုံ
140+slip
» ဆိပ်ကမ်း၌ရှိသော ကားများကို ကြိုပွိုင့်ဝယ်ယူလိုသူများအတွက်...
LANDCRUISER PRADO
1999
3000 cc
TX Limited
225+slip
SUZUKI SWIFT
2012
1300 cc
XL-Grade
ပစ္စည်းစုံ
125 သိန်း
TOYOTA VITZ
2011
1300 cc
F-Limited
ပစ္စည်းစုံ
128 သိန်း
ယုံကြည်မှုနှင့်ထပ်တူရှိနေမှာ KZS Car Sales Centre . . . .
အမှတ်(၁၉)၊ပဒုမ္မာလမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။
Hot Lines : 09-8566091, 09-5130438
09-250375593, 09-30332105
Email: thetpainghtay@gmail.com
Facebook Page: KZS Family CO., Ltd.


D&T GLOBAL
KALPA international
County 25~29s
Bongo III coach 15s
Pregio 15s
Grace 15s
နယ်လိုင်းကားပြေးဆွဲလိုသော Customer များအတွက် ဆီစားသက်သာသော HYUNDAI,KIA ကားများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Starex 12s
Grand starex 12s
Porter II
Bongo III 1t ~ 1.4t
• ဝယ်ယူပြီးနောက်(၃)လအတွင်း ဘရိတ်၊ကလပ် စသည်တို့ကို လက်ခ အခမဲ့ပြန်လည်ပြင်ဆင်ပေးခြင်း။
• Spare Parts များကို နယ်မှ Customer များအတွက်လည်း ဈေးနှုန်းသက်သာစွာဖြင့် ကားဂိတ်အရောက် ဝန်ဆောင်မှုပေးခြင်း။
• ဝယ်ယူလိုသော ကားအမျိုးအစားများကို ကိုရီးယားမှ မှာယူတင်သွင်းရောင်းချပေးခြင်း။
• ကိုရီးယားနိုင်ငံထုတ် ကားမျိုးစုံကို နယ်လိုင်းပြေးဆွဲလိုသည့် Customer များအတွက်လည်း သက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်မှာယူတင်သွင်းပေးနေပါသည်။
Showroom 1
အမှတ် (၁၁၈)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၉၂၅၈၅၄၃၊ ၀၁-၅၃၂၂၁၅၆
dntmyanmar@gmail.com kalpamyanmar@gmail.com
Showroom 2
အမှတ် (၁၈၀)၊ သံသုမာလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့.
၀၉-၄၉၂၅၈၅၄၃၊ ၀၁-၅၃၂၂၁၅၆
dntmyanmar@gmail.com kalpamyanmar@gmail.com

# ဘုရင့်နောင်တံတားနှင့် အရေးပေါ်ယာဉ်များ




ဝင်းနွယ်(ပုသိမ်)

မြို့တော်ရန်ကုန်တွင် ယာဉ်ကြောကျပ်တည်းမှုသည် နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသဖြင့် ယာဉ်ကြောကျပ်တည်းခြင်းကို ညည်းညူနေကြရမည့်အစား စိတ်ရှည်သည်းခံခြင်းဖြင့် ခရီးသွားနေကြရသည်။

စာရေးသူ ၁၁.၄.၂၀၁၄ ရက်နေ့ တနင်္ဂနွေနေ့တွင် ဒီမိုကရက်တစ်ပါတီမှ ကော့မှူးကျေးရွာသို့ သောက်ရေသန့်များ လှူဒါန်းရန် ရန်ကုန်တိုင်းတာဝန်ခံဦးအုန်းကြိုင်မှ သတင်းမှတ်တမ်းရယူရန် ခေါ်သဖြင့် သူ၏ နေအိမ် သမိုင်း စိန်ဂေဟာရှေ့မှ ကားများဖြင့် ထွက်ခဲ့သည်။

သမိုင်းမှ စတင်ထွက်ခွာခဲ့ရာတွင် စာရေးသူ ပထမဆုံးရင်ဆိုင်တွေ့လိုက်ရသော အခက်အခဲသည်ကား ဘုရင့်နောင်မြစ်ကူးတံတားပေါ်တွင် ယာဉ်ကြောပိတ်ဆို့ခြင်းပင်ဖြစ်ပေသည်။ စာရေးသူတို့အဖွဲ့သည်စိတ်အေးအေးထားကာ ယာဉ်ကိုတစ်ဘီးချင်းလိမ့်၍ သွားနေခဲ့သော်လည်း ဘတ်စ်ကားနှင့် ဒိုင်နာခရီးသည်တင်ယာဉ်များကား အလုအယက်ကျော်တက်နေသည်ကို တွေ့ရသည်။ ထိုအခါ မလိုလားအပ်သော ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။

ဘုရင့်နောင် မြစ်ကူးတံတားကြီးသည် ခံနိုင်ဝန်ထက် ထမ်းဆောင်နေရခြင်းကြောင့် အလွန်ပင်အန္တရာယ်များလှပေသည်။ တံတားကြီးတွင် ခံနိုင်ဝန် သုံးတန်ဟုရေးသားထားခြင်းမှာ ဖြတ်မောင်းနေစဉ်ကာလကိုသာဆိုပြီး ကားအစီးပေါင်းများစွာအားရပ်တန့်ပြီး ဝန်တင်ထမ်းပိုးထားခြင်းကား မဖြစ်နိုင်ပေ။

ထိုအထဲတွင် ပိုဆိုးသည်မှာ လှိုင်သာယာတစ်ဘက်လမ်းမှ လူနာတင်ယာဉ်တစ်စီးသည် ယာဉ်ကြောပိတ်ဆို့မှုကြောင့် အရေးပေါ်တွန်းပေးသော်လည်း မည်သို့မျှ ယာဉ်ကိုရွှေ့လျား၍ မရသဖြင့် ယာဉ်ပေါ်ပါလာသူလူနာနှင့် လူနာရှင်များ၏ ရင်ထဲတွင် မည်သို့သော သောကအပူ ရှိနေမည်ကို ကိုယ်ချင်းစာတရားဖြင့် ဆင်ခြင်မိသည်။ စာရေးသူတွင် မော်တော်ယာဉ်ပိုင်ဆိုင်မှုမရှိပါ။ သို့သော် မျက်စိနှစ်လုံးပွင့်သည်နှင့် ကားစီးပြီး အလုပ်သွားနေရ၍ သိနေရသည်။ ယာဉ်ကြောပိတ်၍ အလုပ်နောက်ကျမည်ကိုသိသော်လည်း စောစောထွက်လည်း နောက်ကျနေကြသည်က နေ့စဉ်နှင့်အမျှ လူတို့၏စွမ်းအားပြည့်အချိန်ကို မသုံးနိုင်ခြင်းက ယာဉ်ကြောကျပ်တည်းခြင်းပေါ် မူတည်နေသည်။

လှိုင်သာယာ ဘုရင့်နောင်လမ်းကြောကျပ်တည်းရခြင်းကို ယာဉ်ထိန်းတပ်ဖွဲ့ဝင်များထံ မေးကြည့်သည့်အခါ ရန်ကုန်တစ်ဘက်ကမ်းမှ နှစ်ထပ်ခုံးကျော်ကြီး ပြီးသည့်အခါ ယာဉ်ကြောရှင်းသွားပြီး လှိုင်သာယာဘက်ဝင်သောအခါ မြို့သဖွယ်ဖြစ်သွားပြီး ကျပ်တည်းသွားခြင်းဟု ဆိုပါသည်။ လှိုင်သာယာ နှစ်ထပ်တံတားနှင့်အတူ ဘုရင့်နောင်မြစ်ကူးတံတား တစ်ပြိုင်တည်းပြီးစီးပါက ယခုကဲ့သို့ မဖြစ်နိုင်ဟု ဆိုပါသည်။

လှိုင်သာယာအသွား ဘုရင့်နောင်မြစ်ကူးတံတားအမှတ် ၂ သည်လည်း မကြာခင်ပြီးစီးတော့မည်ဟု သိရှိရသည်။ ဘုရင့်နောင် အမှတ် ၂ တံတားကြီး၏ ပင်မတံတား အရှည်မှာ ၁၆၂၈ ဒသမ ၁၃ ပေ ရှိပြီး စုစုပေါင်းတံတား အရှည်သည် ၄၀၁၄ ဒသမ ၅၃ ပေရှိကြောင်း သိရှိရသည်။

တံတားကြီး၏ လက်ရှိတည်ဆောက်ပြီးစီးမှု ချဉ်းကပ်လမ်းများအနေဖြင့် မရမ်းကုန်းဘက်အခြမ်းနှင့် လှိုင်သာယာဘက်အခြမ်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။ ပင်မတံတားပေါင်များ ပြည်ပမှရောက်ရှိလာသော အချိန်တွင် ချက်ချင်းစတင် တပ်ဆင်သွားမည်ဖြစ်ပြီး သံဘောင်များတပ်ဆင်ခြင်း အချိန်ကို သုံးလခန့် ခန့်မှန်းထားကြောင်း သိရှိရသည်။ သံပေါင်များ မေလ တတိယပတ်နှင့် မေလ နောက်ဆုံးပတ်ဖွန်လဆန်းလောက်တွင် စတင်ရောက်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဘုရင့်နောင်တံတားကြီး ပြီးစီးသွားလျှင် ကုန်စည်တန်းမှ ကားကြီးအားလုံးကို အထွက်လမ်းပေးမယ်။ အဝင်လမ်းကို ကားကြီးတွေအကုန်လုံး အောင်ဇေယျတံတားက ဝင်ရမယ်။ ဘုရင့်နောင်တံတားအမှတ် (၂)ကြီး ပြီးဆုံးသွားလျှင် ယခုတံတားအဆင်းမှ တိုးဂိတ်ကို ပြောင်းရွှေ့သွားမည်ဟု သိရှိရသည်။ လှိုင်သာယာဘက်မှ တိုးဂိတ်သည် တံတားနှင့် ပေ ၁၀၀၀ ပတ်ဝန်းကျင်သာ ကွာခြားနေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုကိုဖြစ်ပေါ်စေသည်ဟု သုံးသပ်ကာ နေရာရွှေ့သွားမည်ဟု သိရှိရသည်။

ဘုရင့်နောင်တံတား အမှတ် ၂ သည် မြန်မာအင်ဂျင်နီယာများဖြင့်သာ တည်ဆောက်ထားပြီး ပြည်ပအင်ဂျင်နီယာများမပါဝင်ခြင်းက ထူးခြားပြီး တံတားကြီးလိုငွေ ကျပ်ဘီလီယံ ၃၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပြီး တံတားကြီး ပြီးစီးပါက အသွားတစ်လမ်း အပြန်တစ်လမ်းသုံးကာ ယာဉ်ကြောကျပ်တည်းမှုကို ပြေလျော့သွားမည်ဟု သိရှိရသည်။

အင်းစိန်မီးပွိုင့်ပိတ်ခြင်း၏ တစ်ဆက်တည်း အကျိုးသက်ရောက်မှုများသည် အင်းစိန်ပန်းခြံ မီးပွိုင့်သို့လည်းကောင်း၊ အင်းစိန်မီးပွိုင့်မှ ဘီအိုစီကွေ့နှင့် ကြို့ကုန်းလမ်းဆုံတို့ထိ ရောက်ရှိလာရသည်။

ထိုမှတစ်ဆင့် ယာဉ်ကြောသည် ရွှေပြည်သာလမ်းဆုံမှ ဂျပန်လမ်းအထွက်ကားများ၊ ဖော့ကန်မှ အောင်ဆန်းဒညင်းကုန်းများသို့ ဆက်သွားပြီး နေ့စဉ်နှင့်အမျှ ဆိုသလို ခရီးသွားများ အတိဒုက္ခရောက်ရသည်။ ပိုဆိုးသည်က စည်းကမ်းလိုက်နာမှု မရှိသော ရွှေပြည်သာ လှော်ကားဘက်သွားသော ကားများကြောင့် ခရီးသွားများ အတိဒုက္ခရောက်ရပေါင်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကြောင့် ခရီးသည်များနှင့် မကြာခဏ စကားများ ရန်ဖြစ်ကြခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ အင်းစိန်ပန်းခြံမီးပွိုင့် ယာဉ်ကြောပိတ်ဆို့လျှင် ရွှေပြည်သာ၊ လှော်ကား၊ ဒညင်းကုန်းသွားသော မြောက်ပိုင်းခရိုင် ယာဉ်လိုင်း ၁၂၄၊ ယာဉ်အနောက်ပိုင်းခရိုင် ၂၂၆၊ စစ်မှုထမ်းဟောင်း ၁၈၈ နှင့် မထသ ၄၈ ယာဉ်များသည် ဘိုကုန်း၊ ဟိုက်ပတ်၊ ပြည်တော်သာ၊ ဖော့ကန်၊ အောင်ဆန်း ခရီးသည်များအား ပန်းခြံနှင့် နီးစပ်ရာ ဘီအိုစီမှတ်တိုင်၊ ပန်းခြံထောင့်မှတ်တိုင်များတွင် ယာဉ်ကြောပိတ်ဆို့မှုကို အကြောင်းပြကာ ဆင်းနိုင်ခြင်းပင်ဖြစ်သည်။

ထိုယာဉ်များသည် မွေးမြူရေးလမ်းမှ အာလိန်ငါးဆင့်ဘုရားဘက်ဆင်းကာ စော်ဘွားကြီးကုန်း၊ စော်ဘွားကြီးကုန်းမှ ခရေပင်လမ်းဆုံ၊ ခရေပင်လမ်းဆုံမှ ဒညင်းကုန်းသို့ ပြည်လမ်းဘက်မှ မောင်းနှင်နေခြင်းပင်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ အရေးယူဖမ်းဆီးခြင်း မရှိခြင်းက ယာဉ်မောင်းများ အပြစ်ကျူးလွန်ခြင်းကို အားပေးနေခြင်းပင်ဖြစ်သည်။

ယာဉ်ကြောကျပ်တည်းမှုသည် မြေပြန့်လို နေရာမျိုးတွင် မထောင်းသာသော်လည်း ခုံးကျော်တံတားများပေါ်တွင် ဖြစ်နေခြင်းကို ပိုမိုဂရုစိုက်သင့်ပေသည်။ လှိုင်သာယာဘက်သို့ ဘုရင့်နောင်ခုံးကျော်တံတား၊ အောင်ဇေယျကြိုးတံတားနှင့် ဒညင်းကုန်းဘက်မှ ကူးသော ရွှေပြည်သာ ခုံးကျော်တံတားသုံးခုရှိရာ ယခုရက်ပိုင်းတွင် ဘုရင့်နောင် ခုံးကျော်တံတားနှင့် အောင်ဇေယျ ကြိုးတံတားတို့ပေါ်တွင် တံတားများသည် မနိုင်ဝန်ထမ်းကာ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရသည်။

အောင်ဇေယျကြိုးတံတားသည် ပေါက်တောဝ မီးပွိုင့်ယာဉ်ကြောပိတ်ဆို့လျှင် တံတားပေါ်တွင် ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များ၏ မနိုင်ဝန်လို ထမ်းပိုးထားရသည်။ ပေါက်တောဝ မီးပွိုင့်ပိတ်လိုက်လျှင် အင်းစိန်သံလမ်း ခုံးကျော်တံတားသည် အလိုအလျောက် ပိတ်မိသားဖြစ်ပြီး နှစ်ရှည်ပြီဖြစ်သော အင်းစိန်သံလမ်း ခုံးကျော်တံတားသည်လည်း မနိုင်ဝန်ကိုထမ်းထားရခြင်းဖြင့် အန္တရာယ်ကို ဖိတ်ခေါ်နေခြင်း ဖြစ်သည်။

ယာဉ်သွားလာမှု များပြားပြီး ကုန်စည်စီးဆင်းရာဖြစ်သော ဘုရင့်နောင်ဈေး၊ သီရိမင်္ဂလာဈေးများ၏ ကုန်တင်ယာဉ်များနှင့် လူစီးခရီးသည် အများဆုံးဖြတ်သန်းရာ ဘုရင့်နောင်လမ်းမကြီးသည် ပေါက်တောဝလို

ခရီးသည်များမှ ပြောလျှင် ဒီလောက်ယာဉ်ကြောပိတ်နေတာ ကျုပ်တို့က ညအိပ်စောင့်ရမှာလား ဟူသော အပြောမျိုး ပြောလာသည်။ အမှန်တကယ် ယာဉ်ကြောပိတ်နေ၍ ပန်းခြံလိုနေရာမှ ဖော့ကန်ထိ လမ်းလျှောက်ရပါကလည်း အပြစ်မဆိုသာပေမယ့် အခြားယာဉ်များ တစ်ရွေ့ရွေ့မောင်းခြင်းဖြင့် ရောက်ခဲ့သော်လည်း ထိုလိုင်းများမှ အကျင့်ပျက်၊ စည်းကမ်းဖောက် မောင်းနှင်ခြင်းကိုတော့ လူသားချင်း စာနာစွာ အရေးယူဆောင်ရွက်သင့်သည်ဟု ယူဆမိပါသည်။

ထိုခရီးသည်တင်လိုင်းများတွင် မိမိဆန္ဒသဘောဖြင့် အမှတ် ၂၂၆ အမှတ် ၁၈၈ ယာဉ်များ ငွေ ၅၀ လမ်းကိုတစ်ရာတောင်းနေခြင်းကလည်း မထသ မှသိသော်လည်း အရေးယူဆောင်ရွက်မှု မရှိခြင်းက ခရီးသွားများအပေါ် မငဲ့ညှာဘဲ စီးပွားရေးလုပ်ငန်းရှင်များဘက် ဦးစားပေးဆောင်ရွက်ခြင်းက ပိုဆိုးလှပေသည်။

မထသ မှတာဝန်ရှိသူများက အုံနာများမှ ယာဉ်အပိုပစ္စည်းဈေးမြင့်ခြင်း၊ ပြင်ဆင်စရိတ်မြင့်မားခြင်းကို အကြောင်းပြ၍ ကောက်ခံကြောင်း ဖြေကြားခဲ့သည်။ ထိုအခါ စာရေးသူတို့ ခရီးသည်များဘက်မှ ပြန်လည်မေးကြားချင်သည်က အခြားယာဉ်လိုင်းမထသ ၄၅၊ မထသ ၄၈ ကားသေးနှင့် မြို့တွင်းပြေးဆွဲနေသော ယာဉ်များသည် ငွေကျပ် ၅၀ လမ်းကို ၅၀ ယူနိုင်ပြီး ထိုယာဉ်လိုင်းများသည် ကောပြင်ဆင်စရိတ်၊ အပိုပစ္စည်းဈေးနည်းပြီး သူတို့လိုင်းနှစ်ခုသာ ပြင်ဆင်စရိတ်များ ကြီးမြင့်နေသည်လားမေးစရာဖြစ်လာပါသည်။

ဥပဒေဟူသည် သတ်မှတ်ချက်ဖြစ်သည်။ ပြောရတဲ့လိုင်းကို အရေးယူပြီး ပြောမရတဲ့လိုင်းကို လျစ်လျူရှုထားခြင်းကတော့ ခရီးသွားပြည်သူအများအတွက် ထိခိုက်နစ်နာစေပါသည်။ ယခင်က အကြွေရှားပါးမှုကို အကြောင်းပြခဲ့သည်။ ယခုအခါ အကြွေမရှားတော့ပါ။ ယခုကဲ့သို့ စည်းကမ်းဖောက်ဖျက်သော ယာဉ်လိုင်းများ၊ ယာဉ်များအား အရေးယူမှုများပြုလုပ်သင့်ပါသည်ဟု ဆိုရပေမည်။

တစ်ဦး တစ်ယောက်ချင်းစီပြင်ယူရမည့် စည်းကမ်းအားထိန်းသိမ်းလိုက်နာနိုင်ရန် ပြုပြင်ပေးသင့်သော မထသမှ မပျော့ညံ့သင့်ပါ။ ထိုအဖြစ်အပျက်များကြောင့် ယာဉ်စည်းကမ်း မလိုက်နာခြင်းကြောင့် လှိုင်သာယာဘက်မှ ဘုရင့်နောင်တံတားပေါ်တွင် ယာဉ်ကြောပိတ်ဆို့ပြီး လူနာတင်ယာဉ်များပေါ် အသက်ဆုံးရှုံးမှုများ မည်မျှရှိနေမည်နည်းဟု စိတ်မကောင်းစွာ တွေးမိပါသည်။ သက်ဆိုင်ရာများမှ လူစွမ်းအားအရင်းအမြစ်ကိုတန်ဖိုးထားစွာ စည်းကမ်းလိုက်နာကြစေရန် ဝိုင်းဝန်းဆောင်ရွက်သင့်သည်ဟု ယူဆ၍ ရေးသားလိုက်ရပါသည်။



## PHOTO NEWS

၈.၅.၂၀၁၄ ရက်နေ့ မာစီဒီးကားရှိုးရွမ်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်တို့ တက်ရောက်ချီးမြှင့်ခဲ့စဉ် . . . ။





U THAMARDI
INTERNATIONAL SERVICES CO.,LTD
Show Room 1 - အမှတ်(၃၃-က)၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၆၅၉၅၃၊ ၀၁-၈၅၅၀၆၂၅၊ ၀၉-၅၁၁၂၈၇၈၊ ၀၉-၇၃၁၁၆၈၉၈။
Show Room 2 - အမှတ် (81/82)၊ ဘုရင့်နောင်လမ်းမကြီး၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ချောင်းဝဘုန်းကြီးကျောင်းမှတ်တိုင်အနီး၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၃၁၄၆၈ ၊ ၅၃၁၄၆၉ ၊ ၀၉ ၄၂၀၀ ၂၄၁၇၀
HIRE PURCHASE
DD Taxi နှင့် CNG City Bus
ဦးသမာဒိ ၊ ဒိုရှေ့မြန်မာ ၊ ၂၂၂
မော်တော်ယာဉ်အရောင်းပြခန်း
Ford Ranger(2012)
Brand New
"JAPAN နိုင်ငံထုတ် အရည်အသွေးမြင့် မော်တော်ယာဉ်များကို ဈေးနှုန်းချိုသာစွာဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျ ဝန်ဆောင်မှုများပေး၍ ရောင်းချပေးနေပါသည်။"



AYT AUTO YANGON TRADING
NO.1 KOREAN CAR IMPORTER COMPANY
Aero Space (2004~2006)
45 Seats
Aerotown (2004~2006)
35 Seats
County (2004~2006)
25 Seats
Coach 2004 ( 15 Seats)
New Starex 2004~2006 (12 Seats)
Grace 2003 (15 Seats)
Morning 2009 (M/T)
AYT မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းအဓိကမြို့ကြီးများတွင် Hyundai, Kia(Reconditioned) ကားများကို ကိုယ်စားလှယ်အဖြစ် ရောင်းချလိုသူများ
09 4480 33675 , 09 250224162 သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။
YANGON SHOWROOM (1)
အမှတ် (၃၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၄၄၈၀၃၃၆၇၅၊၀၉ ၂၅၀၂၂၄၁၆၂
Auto Yangon Trading
MANDALAY SHOWROOM (2)
အမှတ်(၇)၊ ၂၂လမ်း၊ ၈၈လမ်းနှင့်၈၉လမ်းကြား၊
မန္တလေးမြို့။
ဖုန်း- ၀၉-၂၅၀၂၂၄၁၆၂
Auto Yangon Trading
KIA
https://www.facebook.com/AUTOYANGONTRADING
www.mmautotrader.com/store/434AUTOYANGONTRADING
HYUNDAI





# MAN CityState

Travel in Style and Comfort.

Engineering the Future - Since 1758.

MAN

MYANMAR
FIRST ASIA

မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် *Exclusive Dealer*

No-(520/A5), Room(2A), Kaba Aye Pagoda Road, Bahan T/S, Yangon, Myanmar,
Ph: +951 546 599, Fax : +951 552 799. Email : mansales@mfagroups.com. Website : www.mfagroups.com/MAN




## HTC Desire 300 — 210,000 Ks



| | | |
|---|---|---|
| Network | - | 2G, 3G |
| Screen | - | 4.3" |
| Memory | - | 4 GB Micro SD, Up to 32 GB |
| Camera | - | 5 MP |
| OS | - | Android 4.2.2 |

## HTC Desire One V — 185,000 Ks



| | | |
|---|---|---|
| Network | - | 2G, 3G |
| Screen | - | 3.7" |
| Memory | - | 4 GB Micro SD, Up to 32 GB |
| Camera | - | 5 MP |
| OS | - | Android 4.0.3 |

## Sony Xperia Z — 430,000 Ks



| | | |
|---|---|---|
| Network | - | GSM |
| Screen | - | 5.0" |
| Memory | - | 16 GB Micro SD, Up to 64 GB |
| Camera | - | 13 MP |
| OS | - | Android 4.1.2 |

## Sony Xperia TX — 305,000 Ks



| | | |
|---|---|---|
| Network | - | GSM |
| Screen | - | 4.55" |
| Memory | - | 16 GB Micro SD, Up to 32 GB |
| Camera | - | 13 MP |
| OS | - | Android 4.0.4 |

## LG Optimus 4X HD — 379,000 Ks



| | | |
|---|---|---|
| Network | - | GSM |
| Screen | - | 4.7" |
| Memory | - | 16 GB Micro SD, Up to 64 GB |
| Camera | - | 8 MP |
| OS | - | Android 4.1.2 |

## LG Optimus L5 — 170,000 Ks



| | | |
|---|---|---|
| Network | - | GSM |
| Screen | - | 4.0" |
| Memory | - | 4 GB Micro SD, Up to 32 GB |
| Camera | - | 5 MP |
| OS | - | Android 4.0 |

## Nokia Lumia 620 — 210,000 Ks



| | | |
|---|---|---|
| Network | - | GSM |
| Screen | - | 3.8" |
| Memory | - | 8 GB Micro SD, Up to 64 GB |
| Camera | - | 5 MP |
| OS | - | Window 8 |

(ယွန်းယွန်း စုစည်းတင်ပြသည်)

## Car DVD and TV



ကားအမျိုးအစားများများမှာ အသုံးပြုတပ်ဆင်ပြီး ကြည့်ရှုလို့ အဆင်ပြေစေမယ့် TV နဲ့တွဲထားတဲ့ DVDလေးပါ။ ကားပါကင်ထိုးတဲ့အခါမှာလည်း Back Camera နဲ့တွဲပြီး အသုံးပြုလို့ ရပါတယ်။ LCD က 16:9 High Definition ဖြစ်ပြီး Touch Screen အသုံးပြုနိုင်ပါတယ်။ Resolution က 1200 x 234 Pixels ရှိပြီးကြည်လင်တဲ့မြင်ကွင်းကို ကြည့်ရှုရမှာဖြစ်ပါတယ်။

DVD, VCD, CD, DVD-R /DVD+R, RW, CD-R, Mp3, Mpeg 4, USB, FM နဲ့ TV တို့ကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Bluetooth ပါဝင်လို့ ဖုန်းအသုံးပြုသူတွေ အတွက်လည်း အဆင်ပြေစေပါတယ်။ TV မှာ PAL/ NTSC/SECAM စနစ် ပါဝင်ပြီး ဈေးနှုန်း (၁၄၀၀၀၀) ကျပ် ဝန်းကျင်နဲ့ ကား Audio ဆိုင်များမှာ ဝယ်ယူရရှိနိုင်ပါတယ်။ ■

## Tablet PC



Tablet PC ကတော့ Android OS 2.3.4 Froyo ဖြစ်ပြီး LCD 7" 800 x 480 / 9.7" x 1024 x 768 TFT Display ကို အသုံးပြုထားတဲ့အတွက်ကြောင့် ပုံရိပ်တွေကို ကောင်း မွန်စွာကြည့်ရှုနိုင်ပြီး Screen အကျယ်က (၇) လက်မဆိုတော့ အရမ်းကြီးအာရုံစိုက်စရာ မလိုဘဲနဲ့ ကောင်းကောင်းမွန်မွန် ကြည့်ရှု နိုင်ပါတယ်။

Memory 8 GB ပါပြီး External Memory 16 GB အထိ ကတ်ထပ်စိုက်လို့ရတဲ့အတွက်ကြောင့် သုံးစွဲသူအနေနဲ့ Data ရော၊ ဂိမ်းတွေပါ အများကြီးထည့်လို့ရပါတယ်။ ဘက်ထရီကလည်း (၄၅) မိနစ် လောက်သွင်းရုံနဲ့ (၃) နာရီလောက် ဆော့လို့ရမှာဖြစ်ပါတယ်။ ရောင်းဈေးကတော့ (၁၃၀၀၀၀) ကျပ်ဝန်းကျင်ဖြစ်ပြီး မိုဘိုင်းပစ္စည်းအရောင်းဆိုင်များမှာဝယ်ယူရရှိနိုင်ပါတယ်။ ■

## Neolution Bluetooth Headset



Bluetooth Fully Support အသုံးပြုနိုင်တဲ့ Neolution အမှတ်တံဆိပ် Bluetooth Headset လေးဖြစ်ပါတယ်။ Bluetooth 3.0 + EDR Class 2 ကို ထောက်ပံ့ပေးထားတဲ့ အတွက် မိုဘိုင်းဖုန်းမျိုးစုံနဲ့ ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် i-Pad, Tablet, Glaxy Tab တွေနဲ့ပါ ချိတ်ဆက်သုံးနိုင်ပါသေးတယ်။

ဖုန်းပြောဆိုခြင်း၊ ဖုန်းလက်ခံခြင်း၊ သီချင်းနားထောင်ခြင်းနဲ့ ဂိမ်း ဆော့ရာမှာ သုံးမယ်ဆိုရင် (၁၀) နာရီ နီးပါးလောက် အသုံးပြုနိုင်ပါတယ်။ သီချင်းနားထောင်တဲ့အခါ Play, Pause, Stop တွေ ပြုလုပ်နိုင်ဖို့ ဘေးဘက်မှာ Touch နဲ့ Media Button တွေ တပ်ဆင်ပေးထားပါတယ်။ ဈေးနှုန်း (၂၃၀၀၀) ဝန်းကျင်နဲ့ဝယ်ယူအသုံးပြုနိုင်ပါတယ်။ ■

## ELECOM Bluetooth Handfree



Elecom အမှတ်တံဆိပ် Bluetooth Handfree လေးဖြစ်ပါတယ်။ မော်ဒယ်လ်နံပါတ် LBT-MPH 506 ဖြစ်ပြီး Bluetooth Version 3.0 ဖြစ်ပါတယ်။ နားမှာ တပ်ဆင်အသုံးပြုဖို့ ကလစ်လေး ပါဝင်ပြီး တပ်ထားရာမှာ သက်သောင့်သက်သာ ဖြစ်စေပါတယ်။ ဖုန်းဝင်လာတဲ့အချိန်မှာတုန်ခါမှုပေးတဲ့အတွက် အလွယ်တကူသိရှိနိုင်ပါတယ်။ ဖုန်းပြောမယ်ဆိုရင် (၆) နာရီနီးပါးအသုံးပြုနိုင်ပြီး Standby အနေနဲ့ထားပြီး သုံးမယ်ဆိုရင်တော့ နာရီ (၁၅၀) ကျော်ကြာ အသုံးပြုနိုင်ပါတယ်။

ထူးခြားမှုကတော့ ဖုန်းနှစ်လုံးကို ပြိုင်တူ ချိတ်ဆက် အသုံးပြုနိုင်တာပဲဖြစ်ပါတယ်။ ဒါ့အပြင် Bluetooth Function ပါဝင်တဲ့ပစ္စည်းတွေနဲ့ ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ အရောင်တွေကတော့ အနီနဲ့အမည်း ရွေးချယ်နိုင်ပြီး ဈေးနှုန်း (၄၇၀၀၀) ဝန်းကျင်နဲ့ ဝယ်ယူအသုံးပြုနိုင်ပါတယ်။ ■

## Belking Car Charger




Belking အမှတ်တံဆိပ် USB Car Charger လေးပဲ ဖြစ်ပါတယ်။ USB Output ပါရှိပြီး မိမိအသုံးပြုတဲ့ Smart Phone တွေ Tablet တွေ ခရီးသွားရင်း အားကုန်သွားမယ်ဆိုရင် အဆင်ပြေလွယ်ကူစွာ ပြန်လည်အားဖြည့်သွင်းနိုင်မှာပဲဖြစ်ပါတယ်။

အားသွင်းနေရင်း မီးအားဆောင့်တက်တာ၊ မီးအား အရမ်းကျသွားတာတွေကိုလည်း ကာကွယ်ပေးတဲ့စနစ် အသုံးပြုထားပေးပါတယ်။ အရွယ်အစားသေးငယ်ပေါ့ပါးတဲ့အတွက် မိမိခရီးသွားတဲ့အခါ လွယ်လွယ်ကူကူ ယူဆောင်အသုံးပြုနိုင်တဲ့ Belking Car Chargerလေးကို ဈေးနှုန်း (၉၀၀၀) နဲ့ ဝယ်ယူအသုံးပြုနိုင်ပါတယ်။ ■

## Dual Lens Car Recorder (DVR - HD 500 D)



မိမိမောင်းနှင်နေတဲ့ ယာဉ်မတော်တဆမှုတွေ ဖြစ်ပေါ်လာတဲ့အခါ ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်တဲ့ Recorder လေးပါ။ ယာဉ်မတော်တဆမှု ဖြစ်တဲ့အခါ ဖြစ်စဉ်ကို မှတ်တမ်း တင်ပေးပါတယ်။ တစ်ဘက်က အမှားလား မိမိကပဲ မှားသလား ဆိုတာကို အငြင်းပွားစရာ မလိုအောင် မှတ်တမ်းတင်ထားမှာပဲဖြစ်ပါတယ်။

Recorder နှစ်လုံးပါရှိတဲ့အတွက် တစ်လုံးက ရှေ့လေကာမှန်မှာတပ်ပြီး၊ နောက်တစ်လုံးက နောက်ဘက်လေကာမှန်မှာ တပ်ဆင်အသုံးပြုရမှာပါ။ ကားကို စက်စတင်နှိုးလိုက်တာနဲ့ 720 P နဲ့ Recording စလုပ်ပါလိမ့်မယ်။ ဈေးနှုန်း (၁၇၀, ၀၀၀) ဝန်းကျင်နဲ့ ဝယ်ယူရရှိနိုင်ပါတယ်။ ■

## Car AC to DC Inverter



မိမိကားပေါ်မှာပဲ Electronic Device မျိုးစုံကို အားသွင်းနိုင်တဲ့ Inverter လေးပါ။ ကားကထွက်တဲ့ DC Power ကို AC နဲ့ DC Power ပြောင်းလဲပေးမှာဖြစ်ပါတယ်။ ထွက်လာတဲ့ Power နဲ့ Laptop, Phone, Tablet, Portable Speaker နဲ့ Bluetooth Device တွေကို အားသွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။

Out Power က 220 V/150 W နဲ့ DC Power က 5V/1A ထုတ ပေးပါတယ်။ အလွယ်တကူယူဆောင်အသုံးပြုနိုင်တဲ့အတွက် မိမိကားနဲ့ သွားလေရာ ဆောင်ထားသင့်တဲ့ ပစ္စည်းလေးပါ။ ဈေးနှုန်း (၂၃၀၀၀) ဝန်းကျင်နဲ့ဝယ်ယူအသုံးပြုနိုင်ပါတယ်။ ■

## Logitech Studio Speaker



Logitech အမှတ်တံဆိပ် Z 120 မော်ဒယ်လ်စတူဒီယို စပီကာလေး ဖြစ်ပါတယ်။ အရွယ်အစားသေးငယ်ပေမယ့် အသံထွက်အရည်အသွေးက 1.2 W (RMS) ရှိတဲ့အတွက် တေးသီချင်းတွေကို ကြည်လင်ပြတ်သားစွာ နားဆင်ခံစားနိုင်မှာပဲဖြစ်ပါတယ်။ အားသွင်းအသုံးပြုနိုင်ဖို့အတွက် USB အပေါက်ပါရှိပါတယ်။

အသံအတိုးအကျယ်ကိုပြုလုပ်နိုင်ဖို့အတွက် စပီကာမှာ ခလုတ်တပ်ဆင်ထားပါတယ်။ (3.5) mm စတူဒီယို အမျိုးအစား ပလပ်တစ်ခုလည်း ပါဝင်ပါတယ်။ Desktop, Laptop တို့နဲ့တွဲပြီး အသုံးပြုနိုင်သလို MP3, MP4 တို့နဲ့လည်း တွဲစပ်အသုံးပြုနိုင်ပါတယ်။ လှပသေးငယ်ပြီး ဒီဇိုင်းလှတဲ့ စပီကာလေးကို တန်ဖိုး (၈၀၀၀) ကျပ်ဝန်းကျင်နဲ့ ဝယ်ယူအသုံးပြုနိုင်ပါတယ်။ ■



**အစီးများတဲ့ကားဈေးကွက်အခြေအနေကို ကြည့်ပြီးသွင်းကြတာများတယ်ဆိုတော့ Brand အသစ်တစ်ခုရောက်လာလို့ အစီးများလာရင်တော့ အပိုပစ္စည်းကနောက်က လိုက်လာမှာပါ။**

# Summit Optiem ကုမ္ပဏီမှ မန်နေဂျာ ဒေါ်ဥမ္မာခင်နှင့် အမေးအဖြေ

**စန္ဒီဝင်းတွေ့ဆုံ မေးမြန်းသည်။**

Q - SUMMIT ကုမ္ပဏီကို စဖွင့်ဖြစ်တဲ့အချိန်။

A - ဂျပန်မှာ SUMMIT ကုမ္ပဏီကို ဖွင့်တာ (၂၀-၀၄) ခုနှစ်ကတည်းက။ ဒီမှာကျတော့ SUMMIT မြန်မာဆိုပြီး ယာဉ်အိုယာဉ်ဟောင်းတွေ စတင်လဲလှယ်ချိန် (၂၀၁၁) ကတည်းက ဖွင့်ခဲ့တာပါ။

Q - ဝန်ဆောင်မှုပေးတဲ့ပုံစံကရော။

A - မှာယူတဲ့ Customer ကို ကားမှာရှိတဲ့ ပြင်ပဒဏ်ရာအချက်အလက်တွေကို ဂျပန် SUMMIT ရုံးကနေ ဘာသာပြန်ပေးတယ်။ ဘာသာပြန်လို့ Customer က လက်ခံရင် ဆွဲချင်ရင် ဆွဲပေးတယ်။ ဒီကားက ဘာဖြစ်တယ်ဆိုတာကို Customer စိတ်ချရအောင် ဘာသာအထူးပြန်ပေးတယ်။ ဒီရောက်ပြီးမှ ကားကဘာဖြစ်တယ် ညာဖြစ်တယ်ဆိုတာမျိုးတွေဖြစ်မှာစိုးလို့။

Q - ကားအပိုပစ္စည်းတွေတင်သွင်းတာလည်း သိရပါတယ်။ ကားကရော ဂျပန် Brand တစ်မျိုးတည်းပဲလား။

A - အပိုပစ္စည်းတွေက ဆောင်ထားတာလည်းရှိပါတယ်။ မှာချင်တဲ့အခါဆိုလည်း မှာပေးတယ်။ ဂျပန် Brand ဘယ်လိုကားပစ္စည်းမျိုးကိုမဆို မှာပေးတယ်။ ပစ္စည်းရဲ့တန်ဖိုးအတိုင်း ဟိုဘက်မှာ ရှာပေးပြီးတော့ သူရဲ့နှုန်းထားအတိုင်း ရန်ကုန်အရောက်တွက်ပြီး ရောင်းပေးပါတယ်။ ကားကတော့ ဂျပန် Brand တစ်မျိုးတည်းမှာယူတင်သွင်းပေးတယ်။

Q - (၁၃၀၀) (၁၅၀၀)(၁၈၀၀) CCအင်ဂျင်ပါဝါကားတွေရဲ့ ဈေးကွက်အခြေအနေ။

A - အခွန်လျော့သွားတဲ့အတွက် (၁.၃) (၁.၅) (၁.၈) တွေအမှာများတယ်။ (၂၀၀၀) CC အင်ဂျင်ပါဝါထိလောက်ကို အမှာများတယ်ပြောလို့ရတယ်။ (၁.၅) ထဲမှာ အမှာများတာက Toyota Axio , Toyota Premio လို အမျိုးအစားအသစ်တွေ အမှာများတယ်။

Q - (၂၀၀၉) မော်ဒယ်ကနေစပြီး တင်သွင်းခွင့်ရထားပေမယ့်။ (၂၀၀၈) မော်ဒယ်ကိုလည်း တစ်နှစ်အောက်ဒဏ်ကြေးနဲ့ဆောင်ပြီးသွင်းလို့ရတဲ့ အတွက် အဲဒီမော်ဒယ်(၂)ခုရဲ့အခြေအနေကရော။

A - (၂၀၀၈) နဲ့ (၂၀၀၉) မှာ ယန်း တစ်သိန်း၊ တစ်သိန်းခွဲလောက်ကွာတယ်။ မြန်မာငွေနဲ့ဆို (၅) သိန်း၊ (၁၀)သိန်းထိကွာနိုင်တယ်။ အခု (၂၀၀၉) မော်ဒယ်ကလို့ပြောပေမယ့်။ (၂၀၀၈) ကိုတစ်နှစ်ဒဏ်ကြေးဆောင်ပြီး ဆွဲကြတာတွေလည်းရှိတယ်။ (၂၀၀၈) နဲ့ (၂၀၀၉) မှာက ရုပ်အပြောင်းအလဲက ဒီလောက်ကြီးမဟုတ်ဘူး။ ဟိုဘက်မှာ (၂၀၀၈) မော်ဒယ်က(၂၀၀၉)ထက် မြန်မာငွေ (၅)သိန်းလောက်သက်သာတယ်။ ဒီမှာ တစ်နှစ်ဒဏ်ကြေးတစ်သိန်းဆောင်ရင် (၄) သိန်းလောက် သက်သာတယ်။ (၂၀၀၉) ဆိုရင် (၅)သိန်းများ၊ (၂၀၀၈) ဆိုရင် (၅)သိန်းလျော့ဒါပါပဲ။ ပြောရရင် တော်တော်များများက (၂၀၀၉) မော်ဒယ်အမှန်ကို ဆွဲကြတာများတယ်။ စလစ်ကပ်ကားမဆွဲကြပဲနဲ့ Free Permit နဲ့ သွင်းလို့ရတဲ့ (၂၀၀၉) မော်ဒယ်ကားတွေအသွင်းများပါတယ်။

Q - လေလံမှာ ဝိတ်ရက်ဖြစ်တော့ ဈေးကွက်အခြေအနေက။

A - အခုက ဂျပန်မှာဝိတ်ရက်ဖြစ်တဲ့အတွက် တစ်ချက်ကြည့်ရမယ်။ နည်းနည်းတော့ အတက်ရှိနိုင်တယ်။

Q - ကားအပိုပစ္စည်းမှာရော ဘယ်လိုအစိတ်အပိုင်းမျိုးကိုမှာတာများပါသလဲ။

A - ကားတွေ တော်တော်များလာတဲ့အတွက် အပိုပစ္စည်းတွေက ဒီမှာတောင်ဝယ်လို့ရလာတယ်။ ကားအပိုပစ္စည်းမှာ တရုတ်အပိုပစ္စည်း ဂျပန်အပိုပစ္စည်းရှိတယ်။ တစ်ချို့ Organial ပစ္စည်းပဲသုံးချင်တဲ့သူက ဂျပန်ကိုမှာကြတယ်။ကားရှားတဲ့ဟာမျိုးလောက် အပိုပစ္စည်းကရှားတယ်။ အခုချိန်က မီးလုံး၊ မီးခွက်မှာတာများတယ်။ အောက်ပိုင်းဆိုရင် ရှော့ဘားတို့မှာတာများတယ်။ အင်ဂျင်ပိုင်းမှာဆိုရင်အင်ဂျင်ခန်းပစ္စည်း၊ ကွန်ပျူတာ Box တို့မှာတာများတယ်။ဂျပန်က အပိုပစ္စည်းကို Export လုပ်တာတွေရှိတယ်။ သူတို့ပြည်တွင်းမောင်းတဲ့ ညာမောင်းကားတွေဆိုရင်လည်းရှာလို့ရတယ်။ ဘယ်မောင်းအပိုပစ္စည်းကျတော့ ရှားတယ်။

Q - အပိုပစ္စည်းတင်သွင်းတဲ့နေရာမှာ ပြည်တွင်းကိုရောက်လာတဲ့ ကားအစီးရေ အနည်း/အများပေါ်မူတည်ပြီး သွင်းရပါသလား။

A - မူတည်ပါတယ်။ ပြည်တွင်းမှာကားအစီးရေများများရှိတဲ့ပစ္စည်းမျိုးကိုပိုပြီးတင်သွင်းကြပါတယ်။

Q - အမျိုးအစားသစ်တစ်မျိုး ပြည်တွင်းကိုရောက်လာပြီး အစီးရေများရင် အပိုပစ္စည်းကရော နောက်ကလိုက်လာနိုင်ပါသလား။

A - အမျိုးအစားကောင်းပြီး ပြည်တွင်းမှာ တစ်ကယ်စီးတဲ့ကားများလာရင် အပိုပစ္စည်းကလည်း သွင်းလာမှာပဲ။ ကားအပိုပစ္စည်းသွင်းတဲ့လူကလည်း ပြည်တွင်းမှာ အစီးများတဲ့ ကားအရေအတွက်ကိုကြည့်ကြတာပဲ။ ကားအစီးရေနည်းတဲ့ဟာမျိုးကျတော့ သွင်းထားတာနည်းတယ်။ မှာချင်တယ်ဆိုတဲ့အခါမှာ မှာပေးတယ်။ အရေအတွက်ကို လက်ချိုးရေလို့ရတဲ့ ကားအစီးရေရဲ့ အပိုပစ္စည်းကတော့နည်းမှာပဲ။ ထားရင်လည်း နည်းနည်းပါးပါးပဲ။ အရင်းအနှီးကလည်းများတယ်။ ဒီဘက်မှာ အစီးများတဲ့ကားဈေးကွက်အခြေအနေကို ကြည့်ပြီးသွင်းကြတာများတယ်ဆိုတော့ Brand အသစ်တစ်ခုရောက်လာလို့ အစီးများလာရင်တော့ အပိုပစ္စည်းကနောက်က လိုက်လာမှာပါ။

Q - ဝယ်ယူအားပေးကြတဲ့ Customer တွေအတွက် စကားလက်ဆောင်။

A - SUMMIT မှာ လေလံစဆွဲပြီးဆိုရင် Customerရဲ့စိတ်တိုင်းကျဖြစ်အောင်၊ အုံနာဘုတ်ရတဲ့အထိ အစအဆုံးတာဝန်ယူပြီး လုပ်ပေးနေပါတယ်။ နောက်တစ်ချက်က ကားရဲ့အသေးစိတ်အချက်အလက်တွေကိုလည်း ဘာသာပြန်ပေးပါတယ်။ နောက်ပြီး Promotion တွေကိုလည်း လုပ်ပေးနေပါတယ်။အခုဆိုရင် ဧပြီလကစလို့ ဒီလထိ တစ်သိန်းလျော့ထားတဲ့ Promotion လုပ်ထားတယ်။ နောက်လတွေမှာလည်း Promotion တွေလုပ်ဖို့ စီစဉ်ထားပါတယ်။ SUMMIT ကတင်ထားတဲ့ Facke Book မှာ Customer တွေဝင်ရောက် လေ့လာနိုင်ပါတယ်။ ကားဂျာနယ်တွေမှာလည်း ကြော်ငြာထည့်ထားပြီး ဖတ်ရှုနိုင်ပါတယ်လို့။

Q - ဆက်သွယ်ရမယ့်လိပ်စာက။

A - အမှတ်(၉-က)၊ ပြည်တော်သာလမ်း၊ ရန်ကင်းမြို့နယ်။ဖုန်း ၀၉ ၇၃၂၅၆၀၃၃ နဲ့ ၀၉ ၅၁၅၃၆၁၇ ကို ဆက်သွယ်နိုင်ပါတယ်။

**ဟုတ်ကဲ့ပါ ပြောကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

\- - - - - -



## Farmer Auto ဧ။်မော်တော်ယာဉ်ဝယ်ယူသူများအတွက်သတင်းကောင်း

❖ မော်ဒယ်မြင့်ဆီစားသက်သာပြီး၊ parking ထိုးရလွယ်ကူသော Toyota Vitz, Passo, Belta, Ractis, Alphard,Wish,Ipsum,Kluger,Suzuki Swift, Honda Fit(GD1,GE6), Honda Insight, Honda Civic, Mazda Demio, Nissan Tiida Latio, Mitsubishi Coltကားများနှင့်မိသားစုသုံး၊လုပ်ငန်းသုံး Toyota Probox, Succeed, AD Van, Mazda Familia Van များရှိပါသည်။

❖ လုပ်ငန်းသုံး Toyota Vigo(Smart Cub),Toyota Hilux,TownAce, LiteAce, Mazda Bongo, Nissan Vanette, Suzuki Carry နှင့် Hijet ကားများလည်းရှိပါသည်။

❖ နံပါတ်အနီ (Taxi)ဖြင့် Toyota Probox, Succeed, Nissan AD Van ကားများလည်းရရှိနိုင်ပါသည်။

❖ ကားအားလုံးအရစ်ကျစနစ်ဖြင့်(၁၂)လ၊(၂၄)လ ဝယ်ယူနိုင်ပါသည်။

အရောင်းပြခန်း (၁) - အမှတ်(၆၄)၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၅၄၂၈၄၄၊ ၅၄၆၃၅၅၊ ၅၄၆၆၆၅။
အရောင်းပြခန်း (၂) - အမှတ်(၁၉)၊ပြည်လမ်း(Ocean Centerရှေ့)၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၆၁၅၈၈။
အရောင်းပြခန်း (၃) - အမှတ်(၅)၊အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၇၃၄၉၁၀၁၇။
အရောင်းပြခန်း (၄) - အမှတ်(၁၈)၊အင်းစိန်လမ်း၊(၉)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၀၀၉၅၈၊ ၀၉ - ၁၁၅၈၉၆၄၃

မန္တလေး - အမှတ်(၅၁၆)၊ ရန်ကုန် - မန္တလေးလမ်း၊ (ကျွဲဆည်ကန်မီးပွိုင့်အနီး)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။
ဖုန်း - ၀၂ - ၅၉၅၉၂။
နေပြည်တော် - အမှတ်(၄၁၁၂)၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်း(၂)ရပ်ကွက်၊နေပြည်တော်။ ဖုန်း - ၀၉ - ၇၃၄၉၁၀၂၃။
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေး။ ဖုန်း - ၀၉ - ၁၁၈၂၄၀၄၇။
ပုသိမ် - ဦးပိုင်အမှတ်(၂၇)၊အကွက်အမှတ်(၁၆၃ - င)၊စီးပွားရေးဇုန်(လွန်ကန်)၊ပုသိမ် - ရန်ကုန်ကားလမ်းမ၊
ဖုန်း - ၀၉ - ၈၅၃၇၆၆၇။

# တက္ကစီယာဉ်မောင်းများနှင့် တွေ့ဆုံခြင်း

ဖောင်ယဉ်မင်း




"ဒါနဲ့ဆရာသမားတွေသင်ထားတဲ့အတိုင်းပြောလိုက်တာပေါ့" "ဟုတ်လားဘယ်လိုပြောလိုက်လဲ" "ဒီခရီးနဲ့ ဒီနေရာဦးလေးသွားနေကျပဲ။ အရင်ပေးရတဲ့အတိုင်းသာ ပေးပါလို့ပြောလိုက်တာပေါ့။ အဲ့ဒီအချိန်မှာပဲပါလာတဲ့အမျိုးသမီးက အမျိုးသားကြီးကိုထုရိုက်ပြီး သြော် ရှင်ကဒီလိုနေရာမျိုးကို သွားနေကျဆိုတော့ ကျွန်မသဘောပေါက်ပြီ။ လူလိမ်ကြီးဘာညာဆိုပြီး ထွက်သွားတော့တာပေါ့"

အားလုံးဝိုင်းရယ်ကြသည်။

ကျွန်တော်သည် နံနက်မိုးလင်းသည်နှင့် ကျွန်တော်၏ ပုံသေနည်း အယောင်းအတိုင်း သောက်နေကျဆိုင်လေးမှာ လက်ဖက်ရည်တစ်ခွက်ကို ဂျာနယ်၊ သတင်းစာနှင့် ရောသောက်လေ့ရှိ၏။ ထိုဆိုင်လေးက လက်ဖက်ရည်ကောင်းသလို ဆက်ဆံရေးနှင့် ဝန်ဆောင်မှုလည်း ကောင်းသည်။ ထို့ကြောင့် ဆိုင်လေးက ရောင်းရသည်။ ဆိုင်ရှင် ကိုကျော်မိုးကလည်း စိတ်ရင်းကောင်းသည်။ LCD TV 42" နှစ်လုံးနှင့် ဘောလုံးပွဲများကိုပြသည်။

ထို့ကြောင့်ဆိုင်လေးမှာ လူစုံသည်။ အလွှာစုံသည်။ ကျွန်တော်တို့လို စာရေးဆရာဝိုင်းရှိသလို အိမ်ပွဲစားများသာ ထိုင်သောဝိုင်း ရှိသည်။ သချော်တွက်သည့် ပုဂ္ဂိုလ်တချို့လာထိုင်လေ့ရှိသလို ဘောလုံးပွဲရင်ဆိုင်သော စားသုံးသူများလည်းရှိသည်။ ထို့အတူ ဆိုင်ရှေ့မလှမ်းမကမ်းတွင် တက္ကစီဂိတ်တစ်ခုရှိပြီး တက္ကစီယာဉ်မောင်းများသာထိုင်သော ဝိုင်းတစ်ဝိုင်းလည်း ဖြစ်တည်လာခဲ့လေသည်။

ကျွန်တော်ကစာဖတ်သည်။ စာရေးသည်။ စာရေးသည်ဆိုသော်လည်း ဟိုသတင်း ဒီသတင်းများကိုရေးသူမဟုတ်ပေ။ ဝတ္ထုနှင့် ဆောင်းပါးတချို့သာရေးသည်။ ယခင် စာပေကီတနှင့် အနုပညာနှင့် နွှယ်သောအကြောင်းအရာများကိုသာ ရေးခဲ့သော်လည်း ယခုအခါ မော်တော်ယာဉ်နှင့် ပတ်သက်သော ဂျာနယ်တချို့ပေါ်လာပြီးနောက် ထိုဂျာနယ်များ၌ ရေးဖြစ်လာသောအခါ လူတွေနှင့်ပိုပြီး အဆက်အဆံလုပ်ရသည်။

အထူးသဖြင့် လက်ဖက်ရည်ဆိုင်တွင် နေ့တိုင်းနီးပါးလောက်တွေ့ရတတ်သော တက္ကစီဒရိုင်ဘာများနှင့် စကားပြောရသည်။ မသိတာကိုမေးရသည်။ လိုင်းကားမောင်းသည့် မိတ်ဆွေ ယာဉ်နောက်လိုက်သည့် စပယ်ယာတို့နှင့် ရောနှောရသည်။ ထိုအခါ တက္ကစီယာဉ်မောင်းတို့၏ ဘဝကို သိရသည်။ ကားငှားစီးသည့် ခရီးသည်တို့၏ စိတ်ကို ဝါကျဖွဲ့ခွင့်ရသည်။ စပယ်ယာတို့၏ အခက်အခဲကို သိရသည့်နည်းတူ မရိုးသားသော ခရီးသည်တို့၏ လှည့်ကွက်ကိုလည်း သဘောပေါက်ရသည်။

မည်သူသည် မည်သည့်အလုပ်လုပ်သည်ဖြစ်စေ လူဖြစ်သဖြင့် လူ့အသိုက်အဝန်းမှာရှိမည်။ သီးခြားခွဲထွက်လို့မရနိုင်ပေ။ လူတွေရှိနေသမျှ စိတ်တွေရှိမည်။ စိတ်တွေရှိနေသမျှ အရောင်တွေရှိနေမည်။ ထို့အရောင်များကို ခံစားရင်း သင်ခန်းစာယူရသည်။ ဆင်ခြင်ရသည်။ စာရေးဆရာက စကားလုံးတွေနှင့် တည့်မတ်ပေးမည်။ တချို့အကြောင်းအရာကို ကိုယ်တိုင် ခရီးသည်ဖြစ်သဖြင့် ခံစားပြီး တင်ပြသည်။ တချို့ကိစ္စကို တစ်ယောက်ယောက်က သတင်းပေးသဖြင့် ပြန်ရေးသည်။ တချို့ကိစ္စများကို ကာယကံရှင်၏ ပြောပြချက်အရ စကားလုံးတွေဖလှယ်ကာရေးရသည်။

ယနေ့ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော် ရောက်သွားသည့်အခါ ပွဲစားတွေထိုင်သောဝိုင်းက လူရှင်းနေသော်လည်း တက္ကစီဆရာတို့ဝိုင်းက စည်ကားနေ၏။ ထို့ကြောင့်အနည်းဆုံးဝိုင်းတွင်ထိုင်ကာ သူတို့ပြောသမျှ စကားတွေကို နားစွင့်နေမိသည်။

"သက်ဦး မနေ့က ငါ့အတွေ့အကြုံလေးကို ပြောပြမလို့" "လွမ်းခန်းလား၊ လွမ်းခန်းဆိုရင်တော့ မပြောနဲ့ကွာ။ ဈေးဦးမပေါက်သေးဘူး" "မဟုတ်ပါဘူးကွာ။ ပေါ့ပေါ့ပါးပါးကိစ္စပါ"

ထိုစဉ် လူတစ်ယောက်ဆိုင်ထဲဝင်လာပြီး "အောင်မင်္ဂလာကားဝင်း (၃၅၀၀) တဲ့။ ဘယ်သူလိုက်မလဲ" ဟု မေးသည်။ တစ်ယောက်မှမလှုပ်။ ခဏအကြာတွင် တစ်ယောက်က "သူလိုက်မယ်" ဟုဆိုကာထွက်သွားလေသည်။ "(၃၅၀၀) ဆိုတာ အစဉ်အလာမရှိဘူးကွ။ ဒါကြောင့် မလိုက်တာ" ဟု ပြောကာ သတင်းပေးသူက ဝိုင်းမှာဝင်ထိုင်လိုက်၏။

"ဟေ့ကောင် ကျော်စိန် မင်းပြောမယ့် ပေါ့ပေါ့ပါးပါး ဇာတ်လမ်းလေးပြောပါဦးကွ" "အေး ဟုတ်သားပဲ စကားတောင်ပြတ်သွားတယ်။ ဒီလိုကွ မနေ့က ညနေပိုင်းလောက်မှာ အသက် (၂၅) ဝန်းကျင် အမျိုးသားနဲ့ အမျိုးသမီးတစ်ယောက်ငါ့ကားကို ငှားတယ်။ ဘောလီတံတားဝန်းကျင်တဲ့။ ငါလည်းပြောတဲ့ဈေးရတော့ လိုက်တာပေါ့ကွာ"

"ဘာလဲ ရိတ်လိုက်တာပေါ့ ဟုတ်လား" "မဟုတ်ပါဘူးကွာ။ ပုံမှန်ပါပဲ။ ဒါနဲ့ငါလည်း ဘောလီတံတားဘက်ကိုမောင်းလာတာပေါ့။ သူကလည်း ရပ်စေချင်ရင် ပြောမယ်ပေါ့။ အမျိုးသားကတော့ ဘာမှမပြောဘူး။ ဒါနဲ့ မောင်းလာတာပေါ့ကွာ။ တစ်နေရာရောက်တော့ အမျိုးသမီးက ဟိုး...ဟိုး...ဟိုးဆရာဆိုတာနဲ့ ငါလမ်းဘေး ထိုးရပ်လိုက်တာပေါ့"

"ဒီတော့..." "အေးပါ ဆက်ပြောပါ့မယ်။ ကားလည်းရပ်လိုက်ရော အမျိုးသမီးက ငါ့ကိုပြောပါလေရော" "ဟုတ်လား သူရပ်ခိုင်းလို့ မင်းကရပ်ပေးတာမဟုတ်လား" "အင်းလေး ဒါပေမယ့် မဟုတ်ဘူးကွ။ သူက ငါ့ကိုရပ်ခိုင်းတာမဟုတ်ဘူး" "ဟင် မင်းဇာတ်လမ်းကြီးက ဘယ်လိုကြီးလဲ"

"ဒီလိုကွ ဟိုးဆရာ ဟိုး...ဟိုး ဆိုတာ ငါ့ကိုပြောတာမဟုတ်ဘူးတဲ့။ သူ့အမျိုးသားက သူ့ကိုအတင်းဖက်နမ်းနေလို့ ဟိုးဆရာ ဟိုး...ဟိုး ပြောတာတဲ့" "မှားပါတယ်ကွာ"

ကျွန်တော်လည်း ဘေးဝိုင်းမှာ ကပ်ထိုင်ရင်း သူတို့ပြောစကားကို ကြားရသဖြင့် စိတ်ထဲမှာလည်း ရေးစရာကုန်ကြမ်းတစ်ခု ရသွားလေတော့သည်။ ထိုစဉ် "သက်ဦး မင်းစည့်သည်" ဟု ဆိုသဖြင့် သက်ဦးဆိုသူ ထသွားသောကြောင့် သူ့နေရာသို့ နောက်တစ်ယောက်ဝင်ထိုင်လိုက်၏။ ထိုစဉ်တစ်ယောက်က သူ့ကိုနှုတ်ဆက်လိုက်၏။

"မောင်လတ် မင်းအခေါ် အပြောတွေ အဆင်ပြေသွားပြီလား"

"မဆိုးပါဘူးအစ်ကို။ အရင်ထက်စာရင် အဆင်ပြေပါတယ်"

"ဘာဖြစ်လို့လဲကွ။ ငါ့လည်း ပြောပါဦး" သတင်းစာဖတ်နေသော မျက်မှန်နဲ့ လူတစ်ယောက်မေးလိုက်၏။

"ဒီလို ကိုအောင်ရဲ ဒီခင်မောင်လတ်က အညာသားလေ။ ရိုးတယ်။ သူက ကားသာမောင်းတတ်တာ။ လူ့အရိပ်အကဲ သိပ်သိတာ မဟုတ်ဘူး။ အရင်က အိမ်ကားမောင်းတာဆိုတော့ အလုပ်ရှင်သွားချင်တဲ့နေရာ လိုက်ပို့၊ စောင့်နေ ပြန်မောင်းလာ။ အချိန်တန်လခရ သိပ်ပြဿနာမရှိဘူး။ သူစိမ်းတွေနဲ့လည်း မဆက်ဆံရဘူး"

"အခုတော့..."

"အခုတော့ သူငွေးနဲ့ စကားများပြီး တက္ကစီ တက်မောင်းတော့ ယာဉ်စီးခ တောင်းတဲ့အခါမှာ သိပ်အဆင်မပြေဘူးပေါ့။ များတဲ့နေရာများ။ နည်းတဲ့နေရာနည်းနဲ့ ခဏခဏ အုံနာခစိုက်နေရတယ်" "အခု အဆင်ပြေသွားပြီလားကွ"

ထိုအခါ ခင်မောင်လတ်ဆိုသူ အညာသားကပြုံးရင်း "အင်း အရင်လောက်တော့မဆိုးပါဘူး။ ဆရာ့ဆရာတွေက ယာဉ်စီးခတောင်းပုံတောင်းနည်းလေးတွေ သင်ပေးထားတော့ သိပ်မဆိုးပါဘူး။ ဒါပေမယ့် တစ်ခါတုန်းကတော့ တော်တော်ဆိုးတယ်ဗျ"

"ဟုတ်လား လုပ်ပါဦး။ တို့လည်းသိရတာပေါ့" ထိုအခါ ခင်မောင်လတ်ဆိုသူက ရေနွေးတစ်ပုဂံငှဲ့သောက်လိုက်ပြီးနောက် သူ့အတွေ့အကြုံလေးကို ပြောပြလေသည်။

"ဒီလိုဗျ။ တစ်ရက်မှာ အသက် (၄၀) ကျော်အမျိုးသားကြီးတစ်ယောက်နဲ့ အသက် (၂၆၊ ၂၇) အမျိုးသမီးတစ်ယောက် အနားရောက်လာတယ်။ ပြီးတော့ အမျိုးသားကြီးက တောင်ဒဂုံက နံ့သာမြိုင်အိမ်ရာကို သွားမယ်။ ဘယ်လောက်ပေးရမလဲတဲ့" "ဒီတော့ မင်းက ဘယ်လောက်တောင်းလိုက်လဲ"

"ပြဿနာက အဲ့ဒီမှာစတာပဲအစ်ကိုရဲ့" "ဟေ ဘာဖြစ်လို့လဲ"

"ကျွန်တော်က ကားမောင်းတာလဲမကြာသေးတော့ ဘယ်လောက်တောင်းရမှန်းမသိဘူး။ များသွားရင် လန့်သွားမယ်။ နည်းသွားရင် အိတ်စိုက်ရမယ်။ ဒီတော့ ကျွန်တော်ဦးနှောက်သုံးရတာပေါ့" "ဆက်ပြောပါဦးဟ စိတ်ဝင်စားစရာတော့ ကောင်းနေပြီ"

"ဒါနဲ့ ဆရာသမားတွေ သင်ထားတဲ့အတိုင်းပြောလိုက်တာပေါ့"

"ဟုတ်လား ဘယ်လိုပြောလိုက်လဲ" "ဒီခရီးနဲ့ ဒီနေရာ ဦးလေးသွားနေကျပဲ။ အရင်ပေးရတဲ့အတိုင်းသာ ပေးပါလို့ ပြောလိုက်တာပေါ့။ အဲ့ဒီအချိန်မှာပဲ ပါလာတဲ့အမျိုးသမီးက အမျိုးသားကြီးကိုထုရိုက်ပြီး သြော် ရှင်ကဒီလိုနေရာမျိုးကို သွားနေကျဆိုတော့ ကျွန်မသဘောပေါက်ပြီ။ လူလိမ်ကြီးဘာညာဆိုပြီး ထွက်သွားတော့တာပေါ့"

အားလုံးဝိုင်းရယ်ကြသည်။

"ဒီတော့ အမျိုးသားကြီးက ဘာပြောလဲ"

"ပြောတာပေါ့။ မင်းတော်တော်အသုံးမကျတဲ့ကောင်။ ဖော်ကောင်ဘညွှန့်လိုကောင်မျိုး။ မင်းကားကိုနောက်ဘယ်တော့မှ မငှားတော့ဘူးဆိုပြီး ဆဲဆိုထွက်သွားတာပေါ့"

ထိုနေ့က လက်ဖက်ရည်တစ်ခွက်သောက်လို့မပြီးခင် သတင်းစာတစ်စောင် ဖတ်လို့မကုန်ခင် ကျွန်တော်ရေးစရာတချို့ ရလိုက်ခြင်းပင်ဖြစ်သည်။

ဖောင်ယဉ်မင်း

## မ.ထ.သယာဉ်လိုင်းများ ဧပြီလအတွင်း ယာဉ်မတော်တဆမှု (၂၅)မှုဖြစ်ပွားကာ(၆၃)ကြိမ်တိုင်ကြားခံရ

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီ လက်အောက်တွင်ခရီးသည် ပို့ဆောင်ရေးကဏ္ဍအတွက် ပြေးဆွဲပေးနေသော ခရီးသည်တင် ဘတ်စ်ကားတို့မှာ ၂၀၁၄ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု (၂၅) ကြိမ်ဖြစ်ပွားခဲ့ကာ ခရီးသည်များမှမကျေနပ်၍ တိုင်ကြားမှုမှာ(၆၃)ကြိမ်အထိရှိခဲ့ကြောင်း မ.ထ.သ(ဗဟို)မှသတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

မ.ထ.သ(ဗဟို)လက်အောက်တွင် ပြေးဆွဲနေသော် ခရီးသည်တင်ယာဉ်လိုင်းများ၏ယာဉ်မတော်တဆမှုမှာ ဧပြီလအတွင်း(၂၅)ကြိမ် ဖြစ်ပွားခဲ့ရာ ဧပြီလမဟာသင်္ကြန်ကာလအပါဝင်(၁)ရက်နေ့မှ(၁၆)ရက်နေ့အထိ ယာဉ်မတော်တဆမှု(၁၉)ကြိမ်ဖြစ်ပွားခဲ့ပြီး ဧပြီလ(၁၇)ရက်နေ့မှ(၃၀)ရက်နေ့အထိ (၆)ကြိမ်ဖြစ်ပွားခဲ့ကြောင်းလည်း မ.ထ.သမှထုတ်ပြန်သော စာရင်းများအရ သိရှိရသည်။

အဆိုပါ ယာဉ်မတော်တဆမှု(၂၅)တွင် (၇)ဦးသေဆုံးကာ(၇၆)ဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးခဲ့သူ (၇) ဦးအနက်(၂)ဦးယာဉ်ပေါ်လိုက်ပါစီးနင်းစဉ် ရုတ်တရက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်းလည်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ ထို့အတွက် ဧပြီလတွင်မ.ထ.သယာဉ်လိုင်းများ၏ယာဉ် မတော်တဆမှုနှင့် သေဆုံးသူဦးရေမှာ ယခင်လများထက် လျော့နည်းခဲ့ကြောင်းလည်း သိရသည်။

ထို့အပြင် ဧပြီလတွင် မ.ထ.သခရီးသည်တင်ယာဉ်လိုင်းများသို့ ခရီးသည်များမှ မကျေနပ်မှုဖြင့်တိုင်ကြားခဲ့သည်မှာ(၆၃)ကြိမ်အထိ ရှိခဲ့ရာ (၄၁)ကြိမ်မှာ ယာဉ်စီးခ ပိုမိုတောင်းခံခြင်းကြောင့် တိုင်းကြားခဲ့ပြီး သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းနှင်မှု(၁)ကြိမ် ခရီးသည်များအပေါ်မချေမငံပြောဆိုကာ ရိုင်းပြစွာဆက်ဆံခြင်း(၁၃)မှု၊ သတ်မှတ်မှတ်တိုင်တွင်မရပ်ခြင်း(၂)မှု၊ကိုယ်ထိလက်ရောက် စော်ကားမှု(၁)မှု မဆင်မခြင်မောင်း(၁)မှု ဂိတ်စ/ဆုံးမမောင်းနှင်မှု(၃)မှု စီအသီးသီး တိုင်ကြားမှုများ ရှိခဲ့ကြောင်းလည်း သိရသည်။

လဝင်းအောင်

# မေးမြန်းတွေလာ ကားလောက ပဒေသာ



**ယခုကဏ္ဍသည် Auto World ဂျာနယ်စာဖတ်ပရိသတ်များအတွက် ကားနှင့်သက်ဆိုင်သော ကဏ္ဍစုံ၊ အကြောင်းအရာစုံကို ပြန်လည်ဖြေကြားပေးမည့် အစီအစဉ်ဖြစ်ပါသည်။**

**ဦးဦးအောင်တိုး**

*စာဖတ်ပရိသတ်များမှ သိရှိမေးမြန်းလိုသော အကြောင်းအရာများကို ဖုန်းဖြင့်ဖြစ်စေ၊ E-mailဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မေးမြန်းနိုင်ပါသည်။ ဖုန်းနံပါတ် ၀၁ ၂၃၀၁၁၂၄၊ ၀၁ ၂၃၀၁၁၂၅၊ ၀၉ ၃၁၆၉၂၈၉၃ နှင့် E-Mail ဖြင့် ဆက်သွယ်လိုပါက autoworldjournal@ gmail.com သို့ ဆက်သွယ်နိုင်ပါသည်။*

**မေး** - **အင်ဂျင်မှာ Turbo တပ်ဆင်တာ လေအဝင်ကောင်းအောင်လို့ ဖြစ်ပါတယ်။ ဓါတ်ဆီကားမှာရော Turboတပ်ဆင်ဖို့လိုပါသလား။ Subaru, Honda Fit ကားတွေမှာ Turbo တပ်ဆင်လို့ရပါသလား။ ကျေးဇူးပြုပြီး ဖြေကြားပေးပါ။**

**လင်းလင်း (တောင်ကြီး)**

**ဖြေ** –Trubocharger ဆိုတာ အင်ဂျင်တစ်လုံးရဲ့ ပါဝါစွမ်းအားကို မြှင့်တင်ပေးနိုင်တဲ့အရာ ဖြစ်ပါတယ်။ အင်ဂျင်တစ်လုံးရဲ့ ပါဝါစွမ်းအားဟာ လေ (အောက်ဆီဂျင်)နှင့် လောင်စာ (ဓါတ်ဆီ၊ ဓါတ်ငွေ့၊ ဒီဇယ်) အချိုးကျ ရောစပ်ပြီးပေါက်ကွဲလောင်ကျွမ်းမှု အပေါ်မူတည်ပါတယ်။ အင်ဂျင်အတွင်းကို လေဝင်နည်းနေရင် လောင်စာဆီအများကြီးပေးတိုင်း ပါဝါစွမ်းအား၊ တတ်မလာပါဘူး။ လေများများဝင်ဖို့ သဘာဝလေဖိအား 14.7 psi အတိုင်း ဝင်ရောက်တာထက်၊ တာဘိုချာဂျာနဲ့ မောင်းထည့်ပေးနိုင်ရင်ပိုပြီး ထိရောက်ပါတယ်။

ဥပမာ မီးသွေးမီးဖိုတစ်လုံးက Air Blower နဲ့ ရောမှုတ်ပေးလိုက်ရင် မီးအရှိန်ကောင်းလာပြီး၊ မြန်မြန်ဆန်ဆန်ချက်ပြုတ်လို့ရပါတယ်။ ဒီအတိုင်းပါပဲ၊ တာဘိုချာဂျာတပ်ပေးလိုက်ရင် အင်ဂျင်ထဲကို လေဝင်ရောက်မှု တိုးတက်လာပါတယ်။ သဘာဝလေထုဖိအားအတိုင်း ဝင်နေတာနည်းနေလို့ တာဘိုနဲ့ မှုတ်သွင်းပေးတာပါ။ တာဘိုကြောင့် အင်ဂျင်စွမ်းအား ၃၀%မှ ၅၀%အထိ တိုးလာပါတယ်။

တာဘိုကို ဒီဇယ်အင်ဂျင်ရော၊ ဓါတ်ဆီအင်ဂျင်ပါတပ်ဆင်နိုင်ပါတယ်။ ကားအင်ဂျင်များအပြင် ရထား၊ သင်္ဘော၊ လေယာဉ်အင်ဂျင်များပါ တာဘိုတပ်ဆင်ပါတယ်။

တာဘိုချာဂျာဆိုတာ လေကိုဖိသိပ်ပြီး မောင်းထည့်ပေးတဲ့Blower တစ်လုံးပါဘဲ။ အိတ်ဇောတွန်းအားနဲ့ တာဘို ချာဂျာကို မောင်းနှင်ပါတယ်။ တချို့ပြိုင်ကားတွေဆိုရင် တာဘိုချာဂျာ ၂–လုံးတောင် တပ်ဆင်ထားပါတယ်။ ထရပ်ကားကြီးများ၊ ဘတ်စ်ကားများမှာလည်း တောင်ကုန်းအတက်၊ တံတားအတက်တွေမှာ အင်ဂျင်ဆွဲအား သိသိသာသာ ကောင်းတာကို တွေ့ရပါတယ်။ Engine Efficiency ကို မြှင့်တက်စေပါတယ်။ ဆီစားလည်း သက်သာစေပါတယ်။

မူလကတည်းက တာဘို မပါတဲ့ကားကို တာဘိုတပ်ဆင်မယ်ဆိုရင် အင်ဂျင်ခန်းအကျယ်အဝန်း၊ နေရာပေးနိုင်၊ မပေးနိုင်ချိန်ဆပါ။ စက်ဆရာတစ်ဦးနဲ့ တိုင်ပင်ပါ။ အမြင့်ကားတွေမှာတော့၊ Original Turbo ဘဲ ကောင်းပါတယ်။ ထွင်ထည့်မယ်ဆိုရင် Control အပိုင်းမှာ ဒုက္ခပေးနိုင်ပါတယ်။ တာဘိုချာဂျာကို သဘောကျရင် Original Turbo ပါတဲ့ကားကိုဘဲ ရှာစီးပါ။

\- - - - - - - -

**မေး** –**Toyoata Suecced ကားတစ်စီးဝယ်ချင်ပါတယ်။ ကျွန်တော်က ကားအကြောင်းသိပ်မသိပါဘူး။ Succed ကားက ဒီဇယ်အင်ဂျင်နဲ့ လာပါသလား။ ဘယ်အမျိုးအစားက ပိုကောင်းပါသလဲ။ Probox ကားတွေ မီးလောင်လွယ်တယ်လို့ ပြောကြတယ်။ ဘာကားကိုဝယ်ရင် ကောင်းမလဲ ငွေတန်ဖိုးသိန်း ၁၂၀ လောက်သုံးပါမယ်။ ကျေးဇူးပြုပြီး အကြံပေးစေချင်ပါတယ်။**

**ဦးကောင်း (တာချီလိတ်)**

**ဖြေ** –Toyota Probox ကားကို ဂျပန်က ၂၀၀၂ ခုနှစ်ကတည်းက ထုတ်ပါတယ်။ Small Wagon ဒီဇိုင်းပါ။ စီးပွါးရေးလုပ်ငန်းသုံး(Commecial Use) အတွက် ထုတ်ထားတာဖြစ်ပါတယ်။ Dx GL အတန်းအစားများအပြင် UL Succeed ဆိုပြီး ထုတ်ထားပါတယ်။ အင်ဂျင်ပါဝါ စီစီက၊ ၁၃၀၀ စီစီနဲ့ ၁၅၀၀ စီစီ လာပါတယ်။ ဒီအုပ်စုထဲမှာ succeed ကတော့ အကောင်းဆုံးပါတဲ့။ 4 WDလဲ လာပါတယ်။ PS (ပါဝါစတီယာရင်)၊ PW (ပါဝါဝင်းဒိုး)၊ A/C, CD, ABS ဘရိတ်အစုံအလင်ပါတယ်။ မှန်ပတ်လည်း ကာလာဖြစ်ပြီး၊ နောက်ဝိုက်ဘာလဲပါတယ်။

ဒီဇယ်အင်ဂျင်နဲ့လည်း လာပါတယ်။ ဒါပေမဲ့ ဒီဇယ်ကားကရှားပါတယ်။ ဒီဇယ်ဆိုရင် 1400 cc ရှိပါတယ်။

Toyota Succeed ကားနဲ့ သက်ဆိုင်တဲ့ အချက်အလက်များကတော့

အင်ဂျင်Model –1NZ. FE, VVTi
အင်ဂျင်ပါဝါ –105 h.p (77Kw) at 6000 rpm
ဆီတိုင်ကီဝင်ဆံ့ – 50 L
အင်ဂျင်ထုထည်စီစီ–1496 cc(1.5L
အင်ဂျင်Type – 4 cylinder
Fuel system – EFI
တန်အလေးချိန်– 1110 kg
တံခါး – 5 doors
ခရီးသည် – ငါးယောက်စီး
တာယာဆိုဒ် – 165/80 R 13
ရှေ့ဘရိတ် – Disk Brake
နောက်ဘရိတ် – Drum

Probox ကားတွေ မီးလောင်လွယ်တဲ့ ကိစ္စကိုပြောရရင် အင်ဂျင်အပူလွန်ကဲမှုမရှိအောင် သတိထားပြီးသုံးပါ။ တောင်ပေါ်လမ်းမှာ Air Con: သုံးမယ်ဆိုရင်၁၅၀၀ cc အင်ဂျင်ကို သုံးပါ။ ကားတစ်စီး အပူလွန်ကဲပြီး ရေဆူတာဖြစ်တတ်ပါတယ်။ ရေဆူတဲ့ ပြဿနာ ဘယ်လိုဖြေရှင်းရမလဲဆိုတာ ပြီးခဲ့တဲ့ အမှတ်(၁၇) ဂျာနယ်မှာ ရေပြထားပါတယ်။

နောက်တစ်ချက်က Probox ကားတွေရဲ့ ဒီဇိုင်းအားနည်းချက်က၊ ဆီလိုင်းနဲ့ အိတ်ဇောပိုက် နီးကပ်လွန်းနေတာပါ။ အင်ဂျင်overheat ဖြစ်ရင် အိတ်ဇောပိုက်ပိုပြီးပူလာပါတယ်။ ဆီပိုက်၊ ဆီပြန်ဘူးနဲ့ပိုပြီးနီးကပ်လွန်းတာကြောင့် မီးလောင်မှု လွယ်ကူတာဖြစ်ပါတယ်။ ဖြေရှင်းနည်းက အိတ်ဇော မန်နီဖိုပိုက်နဲ့ကပ်နေအောင် နေရာချထားတဲ့ ဆီပြန်ဘူးကို၊ တခြားနေရာကို ရွှေ့ပြောင်းပြီး တပ်ဆင်ပေးပါ။ ကားအင်ဂျင်ခန်းရှေ့ ညာဘက်ခြမ်းမှာ နေရာလွတ်တွေရှိပါတယ်။ ဒီနေရာမှာ ဆီပြန်ဘူးထားရင် မီးဘေးလုံခြုံမှု ရှိပါတယ်။

Succeed ကားကို ၁၂၀ နဲ့ ၁၂၅ သိန်းကြားမှာ ရနိုင်ပါတယ်။ ၄နေရာ ၅နေရာလောက် ကြည့်ပြီးမှ ဆုံးဖြတ်ပါ။

\- - - - - - - -

**မေး** – **ပြောင်းလဲထားတဲ့ မော်တော်ယာဉ်အခွန် ကောက်ခံမှုနှုန်းတွေကို သိချင်ပါတယ်။**

**မင်းမင်း (မန္တလေး)**

**ဖြေ** – ပြည်ပကတင်သွင်းလာတဲ့ ကားတစ်စီးအပေါ်မှာ ကောက်ခံတဲ့ အခွန် ၃ မျိုးရှိပါတယ်။ အကောက်ခွန်ဦးစီဌာနက ကောက်တဲ့ Custom Duty (CD) ပြည်တွင်းအခွန်များဦးစီးဌာနကကောက်ခံတဲ့ ကုန်သွယ်ခွန် Commercial Tax (CT) နဲ့ ကညန ကကောက်ခံတဲ့ ကနဦးယာဉ်မှတ်ပုံတင်ခတွေ ဖြစ်ပါတယ်။

အကောက်အခွန်နှုန်းကို ကားအမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ထားပါတယ်။

– ဘတ်စ်ကား၊ ထရပ်ကား၊ ပစ်ကပ်ကားများအတွက် CD 3% ၊ ကုန်သွယ်ခွန်(CT. 5% ပေးသွင်းရပါတယ်။

– စလွန်းကား၊ ဗင်ကား၊ Deuble Cab – CD 30%, CT 25%, 2000 CC အထိ။

– 2000 CC အထက်ကားများအတွက် CD 40%, CT 25%

ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှာသွင်းရတဲ့ ကနဦးမှတ်ပုံတင်ကြေးကို ၂၀၁၄ ခုနှစ် ဧပြီလကစပြီးလျှော့ပေးထားပါတယ်။ 1800 CC အထိ ယခင်ကားကို80% ကနေ 50% အထိ လျှော့ချပေးထားပါတယ်။ 1800 CC အထက်ကားကို ၈၀ရာခိုင်နှုန်းဆောင်ရပါယ်။ ဘတ်စ်ကားများ၊ ထရပ်ကားကများ ယခင်အတိုင်း ၅ရာခိုင်နှုန်းပဲဆောင်ရပါတယ်။

**ဦးဦးအောင်တိုး**

## ဧပြီလအတွင်း ကျပ်သန်း(၃၅၁.၇၁)သန်းတန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများဖမ်းဆီးရမိခဲ့

ပြည်တွင်း၏ အခွန်ဘဏ္ဍာငွေ တိုးမြင့်ရရှိရန်အတွက် တရားမဝင်ကုန်သွယ်မှုများ၊အကောက်ခွန်မဲ့ကုန်ပစ္စည်းများတင်သွင်းမှုနှင့် ဖြန့်ဖြူးရောင်းချမှုများကိုလျော့ချနိုင်ရန် စီမံကိန်းများချပြီး Mobile Teamများဖြင့် စစ်ဆေးဖမ်းဆီးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ(၂၀၁၄)ခုနှစ် ဧပြီလအတွင်း ကျပ်သန်း(၃၅၀) တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

ဧပြီလအတွင်း ဖမ်းဆီးရရှိမိခဲ့သော အကောက်ခွန်မဲ့ကုန်ပစ္စည်းများမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့်ဆိပ်ကမ်းများအပြင် နယ်စပ်ကုန်သွယ်ရေးဂိတ်စခန်းများတွင် တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေးရာတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ခန့်မှန်းတန်ဖိုး ကျပ်ငွေသန်း (၃၅၀) ကျော်ရှိကြောင်းလည်းသိရသည်။ဖမ်းဆီးရမိခဲ့သော တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများမှာ ကျပ်သန်း(၂.၅) သန်းခန့်ရှိ တရားမဝင်တင်သွင်းလာသည့်တရုတ်နိုင်ငံထုတ်ဟန်းဆက်များ၊ ကျပ်သန်း(၁၅)သန်းခန့်တန်ဖိုးရှိသော CCTV Camera and Accessories များ၊ကျပ်သန်း (၅၁.၈)သန်းခန့်ရှိသော ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ ဟန်းဆက်များနှင့် ခန့်မှန်းတန်ဖိုး (၈.၅)သန်းရှိသော ကားတစ်စီးတို့အပြင် ခန့်မှန်းတန်ဖိုးကျပ်(၂.၁) သန်းခန့်ရှိသော မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၂.၈)သန်းခန့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများစသည့် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည် များကိုဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ဧပြီလအတွင်း အကောက်ခွန်မဲ့ကုန်ပစ္စည်းများကိုစစ်ဆေးဖမ်းဆီးခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် အမှုတွဲ(၁)မှု ခန့်မှန်းတန်ဖိုး ကျပ်သန်း(၈.၅)သန်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အမှုတွဲပေါင်း(၂၅)မှုခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၂၆၇.၅၃)သန်းနှင့် နယ်စပ်ကုန်သွယ်ရေးဂိတ်စခန်းများတွင် အမှုတွဲပေါင်း(၁၂)မှု ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၈၄.၁၈) သန်း စုစုပေါင်း(၂၀၁၄)ခုနှစ် ဧပြီလအတွင်း ဖမ်းဆီးရမိခဲ့သည့် တရားမဝင်အကောက်ခွန်မဲ့ကုန်ပစ္စည်းများမှာ အမှုတွဲပေါင်း(၃၇)မှုတွင် ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၃၅၁.၇၁)သန်းအထိ ရှိခဲ့ကြောင်းသိရသည်။ အဆိုပါစစ်ဆေးဖမ်းဆီးခဲ့သော အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို အကောက်ခွန်နည်းဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်းလည်း အကောက်ခွန်ဦးစီးဌာနမှ သိရှိရသည်။ **လင်းအောင်**



# ပြည်တွင်း ကားဈေးကွက်



| စဉ် | ကားအမျိုးအစား | မော်ဒယ်လ်နံပါတ် | အကွရာနံပါတ် | ကျပ်(သိန်း) | မှတ်ချက် |
|---|---|---|---|---|---|
| 1 | *Mark II(2.0)(Pearl )* | 2002 Model/2004 (ရုပ်) | ယာယီ | ၂၁၅ | TV ပါ |
| | *Mark II(2.0)(Pearl )* | 2002 Model/2004 (ရုပ်) | ယာယီ | ၂၀၅ | |
| | *Mark II(2.0)(Pearl )* | 2002 | ယာယီ | ၁၉၀ | TV ပါ |
| | *Mark II(2.0)(Pearl)* | 2002 | ယာယီ | ၁၈၀ | |
| | *Mark II(2.0)* | 1999 | ယာယီ | ၁၇၀ | |
| 2 | *Mark X* | 2010 | ယာယီ | ၅၃၀ | |
| 3 | *Caldina* (ကြက်တူရွေး) | 1999 | ယာယီ | ၁၇၀ | |
| | *Caldina* (ကြက်တူရွေး) | 2001 | ယာယီ | ၁၈၀ | |
| 4 | *Pajero* (ဒိုက်ဖောင်း)ဓာတ်ဆီ | 1999 | ယာယီ | ၂၂၀ | |
| | *Pajero* (ဒိုက်ဖောင်း)ဒီဇယ် | 1999 | ယာယီ | ၂၅၀ | |
| 5 | *Harrier(2.2)* | 1999 | ယာယီ | ၁၉၅ | |
| | *Harrier(3.0)* | 1999 | ယာယီ | ၁၉၀ | |
| | *Harrier(2.4)* | 2004 | ယာယီ | ၃၃၀ | |
| 6 | *CRV HONDA* | 1999 | ယာယီ | ၁၈၀ | |
| 7 | *Landcruiser Prado* | 1997 | ယာယီ | ၂၉၀ | |
| 8 | *Alphard (G) (2.4)* | 2001 | ယာယီ | ၂၆၀ | |
| | *Alphard (V)(2.4)* | 2001 | ယာယီ | ၂၆၀ | |
| | *Alphard (MZ 3.0)* | 2001 | ယာယီ | ၂၈၀ | |
| | *Alphard MZG* | 2001 | ယာယီ | ၃၂၀ | |
| 9 | *Toyota Corolla Van* | 1999 | ယာယီ | ၂၀၀ | |
| | *Toyota Corolla Van* | 2001/2002 | ယာယီ | ၂၁၀ | |
| 10 | *Toyota Surf* (ဒီဇယ်) *X* | 1997 | ယာယီ | ၂၄၀ | |
| | *Toyota Surf* (ဒီဇယ်) *G* | 1997 | ယာယီ | ၃၀၀ | |
| 11 | *Toyota Belta(1.3)* | 2007 | ယာယီ | ၁၁၀ | |
| | *Toyota Belta(1.0)* | 2007 | ယာယီ | ၁၀၀ | |
| | *Toyota Belta(1.3)* | 2009 | ယာယီ | ၁၂၅ | |
| 12 | *Toyota Vitz* | 2007~2009 | ယာယီ | ၁၀၀ | |
| 13 | *Toyota Rav4(2.0)* | 2001 | ယာယီ | ၂၁၀ | |
| 14 | *Honda Insight G* | 2010 | ယာယီ | ၁၆၀ | |

| စဉ် | ကားအမျိုးအစား | မော်ဒယ်လ်နံပါတ် | အကွရာနံပါတ် | ကျပ်(သိန်း) | မှတ်ချက် |
|---|---|---|---|---|---|
| 15 | *Toyota Wish (1.8)* | 2003 | ယာယီ | ၁၈၀ | |
| | *Toyota Wish (2.0)Z* | 2003 | ယာယီ | ၂၁၀ | |
| 16 | *Toyota Probox (1.3)(DX)* | 2007 | ယာယီ | ၈၅ | |
| | *Toyota Probox (1.5)(GL)* | 2007 | ယာယီ | ၉၀ | |
| 17 | *Probox Succeed UL* | 2007 | ယာယီ | ၁၀၅ | |
| 18 | *Suzuki Swift* | 2007 - 2011 | ယာယီ | ၈၅–၁၁၀ | |
| 19 | *Toyota Ipsum* | 2002 | ယာယီ | ၂၁၀ | |
| 20 | *Toyota Kluger (2.4)* | 2002 | ယာယီ | ၂၆၀ | အော် TV |
| 21 | *Mazda Demio* | 2007 | ယာယီ | | |
| 22 | *Honda Partner* | 2007 | ယာယီ | ၁၁၀ | |
| 23 | *Toyota Ractis* | 2007 - 2011 | ယာယီ | ၁၀၅ | |
| 24 | *Caldina ZT* | 2002 (2.0) ဝက်ရုပ် | ယာယီ | ၂၀၀ | |
| 25 | *Harrier 2.2* | 1999 | ၂ဃ/ | ၁၆၅ | |
| 26 | *Toyota Brevis* | 2002 | ယာယီ | ၁၈၀ | |
| 27 | *Toyota Corolla CE 106* | | ၃ဂ/ | ၁၂၅ | |
| 28 | *Isuzu Double Cab* | | ၅ခ/ | ၁၀၅ | |
| 29 | *Toyota Crown (2.5)* | 2002 | ယာယီ | ၂၀၀ | |
| 30 | *Toyota Mark X (2.5)* | 2004 | ယာယီ | ၂၆၀ | |
| 31 | *Toyota Vitz* | 2007 | ၁င/ | ၈၅ | |
| 32 | *Honda FIT (GE 6)* | 2008 | ယာယီ | ၁၀၀ | |
| 33 | *Toyota Prado* | 1998 | ယာယီ | ၃၅၀ | |
| 34 | *Toyota Crown (2.5)* | 2004 | ယာယီ | ၂၇၀ | |
| 35 | *Toyota Crown* | 2001 | ယာယီ | ၁၈၅ | |
| 36 | *Honda FIT (GD 1)* | | | | |
| 37 | *Honda Fit* | 2011 | | ၁၂၅ | |

၁၂. ၅ . ၂၀၁၄ ရက်နေ့ စာရင်းဖြစ်ပါသည်။

| စလစ်ဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| ၁ က | အပ်ကား | ၁၀၆ သိန်း | ၂ က | အပ်ကား | ၉၀ သိန်း |
| ၁ က | အမည်ပေါက် | ၁၁၀ သိန်း | DD | အပ်ကား | ၅၈ သိန်း |
| ၁ က | အမည်မပေါက် | ၁၀၈ သိန်း | DD | စလစ် | ၆၂ သိန်း |

**မော်တော်ယာဉ်ဈေးနှုန်းများသည် ပစ္စည်းပြည့်စုံမှုနှင့် ဂရိတ်ပေါ် မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပြီး စလစ်ဈေးများမှာ အခွန်စနစ်ပြောင်းလဲမှုကြောင့် ပြောင်းလဲနိုင်ပါသည်။**

## ငွေကြေးလဲလှယ်နှုန်းနှင့် ရွှေဈေးနှုန်း





| စဉ် | နိုင်ငံခြားငွေ လဲလှယ်နှုန်း | မြန်မာငွေ (ကျပ်) |
|---|---|---|
| 1 | တရုတ်(ယွမ်) | ၁၅၃.၆၉ |
| 2 | စင်ကာပူ (ဒေါ်လာ) | ၇၆၉.၂ |
| 3 | မလေးရှား(ရင်းဂစ်) | ၂၉၇.၄၆ |
| 4 | ထိုင်း (ဘတ်) | ၂၉.၄၆ |
| 5 | အမေရိကန်(ဒေါ်လာ) | ၉၆၂ |
| 6 | ဆွစ် (ဖရန့်) | ၁၀၈၃.၉ |
| 7 | ဂျပန် (ယန်းငွေ ၁၀၀ လျှင်) | ၉၄၃.၆၉ |
| 8 | ဩစတြေးလျ (ဒေါ်လာ) | ၉၀၀.၆၇ |
| 9 | ကနေဒါယန် (ဒေါ်လာ) | ၈၈၂.၆၅ |
| 10 | စတာလင် (ပေါင်) | ၁၆၂၁ |
| 11 | ယူရို | ၁၃၂၃.၂ |
| 12 | နယူးဇီလန်ဒေါ်လာ | ၈၂၉.၇၄ |
| 13 | ဘင်္ဂလားဒေ့ရှ်တာကာ | ၁၂.၄ |
| 14 | ဘရူနိုင်းဒေါ်လာ | ၇၇၀.၀၉ |
| 15 | ဟောင်ကောင်ဒေါ်လာ | ၁၂၄.၁ |
| 16 | အိန္ဒိယရူပီး | ၁၆.၀၇ |
| 17 | အင်ဒိုနီးရှား ရူပီယာ (ရူပီယာ ၁၀၀ လျှင်) | ၈.၃၄၃ |
| 18 | ကိုရီးယားဝမ် (KRW ၁၀၀လျှင်) | ၉၃.၈၁၃ |

| ရွှေဈေးနှုန်း | | |
|---|---|---|
| ရက်စွဲ | အခေါက်ဈေး | တစ်အောင်စ (ဒေါ်လာ) |
| ၆.၅.၂၀၁၄ | ၆၆၄,၀၀၀ | ၁၃၁၁ |
| ၇.၅.၂၀၁၄ | ၆၆၅,၅၀၀ | ၁၃၁၂ |
| ၈.၅.၂၀၁၄ | ၆၆၂,၀၀၀ | ၁၂၉၁ |
| ၉.၅.၂၀၁၄ | ၆၆၂,၀၀၀ | ၁၂၉၀ |
| ၁၀.၅.၂၀၁၄ | ၆၆၂,၀၀၀ | ၁၂၈၈ |
| ၁၁.၅.၂၀၁၄ | ၆၆၂,၅၀၀ | ၁၂၈၈ |

| စဉ် | ငွေကြေးလဲလှယ်နှုန်း | |
|---|---|---|
| 1 | ယူရို – ယူအက်စ်ဒေါ်လာ | ၁ ဒသမ ၃၇၆ |
| 2 | ယူအက်စ်ဒေါ်လာ – ဂျပန်ယန်း | ၁၀၁ ဒသမ ၉၈ |
| 3 | ယူအက်စ်ဒေါ်လာ – ဩစတြေးလျဒေါ်လာ | ၁ ဒသမ ၀၆၈ |
| 4 | ယူအက်စ်ဒေါ်လာ – တရုတ်ယွမ် | ၆ ဒသမ ၂၃၃ |
| 5 | ယူအက်စ်ဒေါ်လာ – စင်ကာပူဒေါ်လာ | ၁ ဒသမ ၂၄၉ |
| 6 | ယူရို – ဂျပန် ယန်း | ၁၄၀ ဒသမ ၃၆၃ |
| 7 | ယူအက်စ်ဒေါ်လာ – ဟောင်ကောင်ဒေါ်လာ | ၇ ဒသမ ၇၅၁ |
| 8 | စတာလင်ပေါင် – ယူအက်စ်ဒေါ်လာ | ၁ ဒသမ ၆၈၅ |
| 9 | စတာလင်ပေါင် – ယူရို | ၁ ဒသမ ၂၂၄ |

| စဉ် | ကုန်စည် | ဈေးနှုန်း(ဒေါ်လာ) | |
|---|---|---|---|
| 1 | ရွှေ | တစ်အောင်စလျှင် | ၁၂၉၀ ဒသမ ၂ |
| 2 | ရေနံစိမ်း (WTI) | တစ်စည်လျှင် | ၉၉ ဒသမ ၉၉ |
| 3 | ရေနံစိမ်း (BRENT) | တစ်စည်လျှင် | ၁၀၇ ဒသမ ၈၉ |

*ဖော်ပြပါနှုန်းထားများသည် မေလ ( ၁၂ ) ရက်နေ့တွင်ရယူထားသော နှုန်းထားများဖြစ်ပါသည်။*


## ဝန်ထမ်းအလိုရှိသည်

**Marking Executive ကျား (၁) ဦး**

**စာစီစာရိုက် ကျား /မ (၁) ဦး**

**ယာဉ်မောင်း ကျား (၁) ဦး**

**အထွေထွေဝန်ထမ်း ကျား (၁) ဦး**

**အသေးစိတ်သိရှိလိုပါက ဖုန်း – ၀၁ ၂၃၀၁၁၂၄၊ ၀၁ ၂၃၀၁၁၂၅သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

Auto World Journal

သင့်လုပ်ငန်းအောင်မြင်လိုလျှင်
စီးပွားရေးလုပ်ငန်းရှင်များ
လက်စွဲဖြစ်သော
**Auto World Journal** တွင်
ကြော်ငြာခြင်းဖြင့် ဝင်ယူပါ။

အမှတ်(၈၈)၊ရွှေတောင်တန်းလမ်း(လယ်)၊ လမ်းမတော်မြို့နယ်။
ဖုန်း ၀၁–၂၃၀၁၁၂၄၊ ၂၃၀၁၁၂၅၊ ၀၉ ၄၅၁၂၁၇၇၇၇၊ ဖက်စ် – ၂၃၀၁၁၂၆
www.awjmyanmar.com, autoworldjournal@gmail.com


MAX
AUTO KOREA MOTORS
ဥမ္မာမြင့်
09-259138524
သော်ဇင်ဦး
09-421015793
MAX Auto, Korea Motors သည် အရည်အသွေးမြင့် ကောင်းမွန်သောကားများကိုသာ တင်သွင်းပြီး အင်ဂျင်ပိုင်းဆိုင်ရာနှင့် ဂီယာအောက်ပိုင်းဆိုင်ရာတို့ကို အာမခံဖြင့် ရောင်းချပေးနေပါသည်။
ဝန်ဆောင်မှုပိုင်းအနေဖြင့် အပိုပစ္စည်းများကို Korea နိုင်ငံမှ တိုက်ရိုက်တင်သွင်းပြီး၊ ကျွမ်းကျင်သော Korea အင်ဂျင်နီယာများမှ ဝန်ဆောင်မှုပေးခြင်း။
MAX Auto မှ ဝယ်ယူသွားသောကားများအတွက် ကီလိုမီတာ (၁၀၀၀၀) သို့မဟုတ် (၆)လ အတွင်း အင်ဂျင်ပိုင်းဆိုင်ရာနှင့် ဂီယာပိုင်းဆိုင်ရာ တစ်စုံတစ်ရာဖြစ်လာပါက ပစ္စည်းဖိုး လက်ခမယူဘဲ ပြန်လည်ပြင်ဆင်ပေးခြင်း။
Porter II (Ice Box)
GRX Starex (12 Seats) Limousine
Hyundai Starex GRX (12 Seats)
Libero
Morning
ချိုသာသော ဈေးနှုန်း၊ ကောင်းမွန်သော ဝန်ဆောင်မှုများကို ပေးနေပြီဖြစ်ပါ သဖြင့် လူကြီးမင်းတို့၏ အဖိုးတန်သော အချိန်များထဲမှ အနည်းငယ်ပေး၍ MAX Auto သို့ လာရောက်ကြည့်ရှုပါရန် ဖိတ်ခေါ်အပ်ပါသည်။
MAX Auto မှ ဝယ်ယူသွားသော ကားများအတွက် အင်ဂျင်ဝိုင်နှင့် ဝိုင် Filter များကို အခမဲ့လဲလှယ်ပေးနေပါသည်။ အတိုးမဲ့ အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Hyundai Porter II
KIA Bongo III (1 Ton, 1.2 Ton, 1.4 Ton)
KIA Bongo III Coach(12/15 Seats)
Hyundai Porter II Double Cab
Bongo III 2004
Bongo III 2009
Libero 2007
Porter II 2004
ကားများကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။
SPECIAL PROMOTION
No.(6/7),A1 Street,Mingalardon Industrial Zone,Near Aung Mingalar Highway Bus Complex,Mingalardon Township,Yangon.
Ph No : 09-401505488, 09-250014978, 09-421151466
Email : fain85@nate.com


BRABUS® AUTO
CAR SALES AND LIVE AUCTION SERVICE
BRABUS®
ဂျပန်နိုင်ငံနှင့် Europe နိုင်ငံများမှ လူစီးနှင့် လုပ်ငန်းသုံး မော်တော်ယာဉ်များကို အသက်သာဆုံး နှုန်းထားများဖြင့် စိတ်တိုင်းကျ ဝယ်ယူတင်သွင်းပေးပါသည်။
Brabus Auto မှ သင်္ဘောတင်ရန် အသင့်ဖြစ်နေသော မော်တော်ယာဉ်များကိုလည်း အသက်သာဆုံးသော ရန်ကုန်အရောက်ဈေးနှုန်း (CIF-Yangon) ဖြင့် ဝယ်ယူနိုင်ပါသည်။
အကောက်ခွန်ရှင်းလင်း၍ မော်တော်ယာဉ်အား ဆိပ်ကမ်းမှ ထုတ်ယူပေးခြင်း၊ ကညန ယာဉ်မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ခြင်းများကိုလည်း မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်ပေးပါသည်။
လူကြီးမင်းတို့၏ မော်တော်ယာဉ် ရွေးချယ်မှု မမှားရလေအောင် Auction Sheet ဖတ်ပေးခြင်း၊ လိုအပ်သော ကူညီမှုများကို ကဏ္ဍအစုံမှ ကူညီဆောင်ရွက်ပေးခြင်း။
လူကြီးမင်းတို့ မော်တော်ယာဉ် ရွေးချယ်ဝယ်ယူမှုနှင့် ပတ်သက်ပြီး စိတ်ညစ်နေပါသလား။ Brabus Auto သာလှမ်းခဲ့ပါ။ ဈေးနှုန်းအသက်သာဆုံးနဲ့ အကောင်းဆုံးဝန်ဆောင်မှုကို ရရှိမှာပါ။
အခြားသော Brand New Toyota Landcruiser နှင့် Lexus များကိုလည်း ရန်ကုန်တွင် မျက်မြင်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်ခင်ဗျာ။
No.14/16,Botahtaung First Lane,Botahtaung Township,Yangon,Myanmar.
Ph : 09-515 7343,01-297721,01-9010577,Fax : 01-297969



King-Car Korea Motors
King ကုမ္ပဏီမှ အရည်အသွေးမြင့် ကိုရီးယားနိုင်ငံထုတ် အာမခံ အပြည့်ရှိ ကားများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်တင်သွင်းရောင်းချပေးနေပါသည်။
ဝယ်ယူပြီးသော Customer များအား King ကုမ္ပဏီမှ Engine Oil Filter, Diesel Filter,Air Filter များကို အခမဲ့လက်ဆောင်ပေးခြင်း
Service (၆) လ၊ ကီလိုမီတာ (၁၀၀၀၀) အတွင်း အင်ဂျင်နှင့် ဂီယာဘောက်စ်အား King Service Centre မှ Korea Engineer များနှင့် လူကြီးမင်းတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေပါသည်။
အရောင်းတာဝန်ခံ
မအိအိဖြိုး - 09 36077716
ရဲလင်းထွဋ် - 09 250638661
အေးသီရိကျော် - 09-250683402
အေးချမ်းညီညီ - 09 250708574
အမှတ်(၆/၇)၊ အေ၀မ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုံ၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
Contact : (Hot Line)09 420218048,Email : kingcarkorea855@gmail.com
No(3) Main Road
Royal Mingalardone Golf Course
Khayae Pin Road
King
KOREA MOTORS
A-1 Street
Aung Mingalar Bus Station
Bo Tay Za Road




BROTHER Global
အရောင်းတာဝန်ခံ
ကိုဟန်ဝင်းအောင်
Ph : 09-420107495
အရောင်းတာဝန်ခံ
မို့မို့သိန်း
Ph : 09-31082260
အာမခံ (၆)လအတွင်း အင်ဂျင်နှင့် ဂီယာဘောက်စ်တို့အား ပစ္စည်းဖိုးနှင့် လက်ခအခမဲ့ ပြုပြင်ပေးနေပါသည်။
Spare Parts ပစ္စည်းများကိုလည်း KOREA နိုင်ငံမှ တိုက်ရိုက်တင်သွင်းထားပြီးဖြစ်ပါသည်။
ကားနှင့်ပတ်သက်သော ပစ္စည်းများ၊ ကားအလှဆင်ပစ္စည်းများကိုလည်း လက်ဆောင်ပေးနေပါသည်။
Hyundai Grand Starex (12 seaters)
Hyundai GRX Starex (12 seaters)
KIA Coach (Bongo III) (15 seaters)
အကျိုးတူပူးပေါင်းလိုသူများကိုနွေးထွေးစွာကြိုဆိုပါသည်။
ဝယ်သူများအတွက် ကားဝယ်ယူသွားချိန်တွင် service center အတွင်း အားလုံးစစ်ဆေးပေးပြီး အစီး (၃၀၀) ကျော်သော ကားများမှ စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ပါသည်။
ကားတန်ဖိုး၏ ၇၀% ပေးချေပြီး ကျန် ၃၀%ကို အတိုးမဲ့ အရစ်ကျစနစ်ဖြင့် ရောင်းပေးနေပါသည်။
Hyundai County Bus(25,29 seaters)
KIA Pregio (15 seaters)
Hyundai Grace (15 seaters)
Hyundai Porter II
KIA Bongo III
Hyundai Libero
Bongo III(Double Cab)
Hyundai Porter II(Double Cab)
အရောင်းတာဝန်ခံ
ဇာရီ
Ph : 09-31025643
No.(6/7) (A1), (R2) Street, Mingalardon Industrial Zone,Near Aung Mingalar Highway Bus Complex, Mingalardon Township, Yangon.
KOREA MOTORS
Service Center
* Special Promotion *
Porter II 1 ton
Bongo III Double Cab
Bongo III 1 ton
Bongo III 1.4 ton
Libero 1 ton
ကားများကို အထူးလျှော့ဈေး


UD Group Co.,Ltd.
Mazda Bongo Truck
2008,Gasoline,Auto,
8ft, ကြိုပ္ပိုင်
ရောင်းဈေး (၇၉) သိန်း
Suzuki Carry Truck
2007,Gasoline,Manual
AC,PS, ကြိုပ္ပိုင်
ရောင်းဈေး (၆၃) သိန်း
Daihatsu Hijet
2004,Gasoline,Manual
AC,PS, ကြိုပ္ပိုင်
ရောင်းဈေး (၆၃) သိန်း
Suzuki Carry Truck
2007,Gasoline,Manual
AC,PS
ရောင်းဈေး (၆၉) သိန်း
Suzuki Carry Truck
2006,Gasoline,Manual
AC,PS
ရောင်းဈေး (၆၈) သိန်း
Suzuki Carry Truck
2005,Gasoline,Manual
AC,PS
ရောင်းဈေး (၆၅) သိန်း
Subaru Samber Truck
2004,Gasoline,Manual
AC,PS
ရောင်းဈေး (၅၃) သိန်း
Subaru Samber Truck
2005,Manual
AC,PS
ရောင်းဈေး (၅၈) သိန်း
Toyota Townace Truck
2006,Gasoline,Manual
8ft
ရောင်းဈေး (၁၁၅) သိန်း
Mazda Bongo Truck
2005,Diesel,Manual
9ft
ရောင်းဈေး (၁၂၂) သိန်း
KIA Bongo III
2006,Diesel,Manual
ရောင်းဈေး (၁၁၀) သိန်း
KIA Bongo III
2009,Diesel,Manual
ရောင်းဈေး (၁၂၅) သိန်း
Toyota Toyoace
2006,Diesel,Manual
1.5 Ton,10ft
ရောင်းဈေး (၁၃၈) သိန်း
Hyundai Porter II
2007,Diesel,Manual
ရောင်းဈေး (၁၁၅) သိန်း
Isuzu ELF Truck
2005,Diesel,Manual
2 Ton,14ft
ရောင်းဈေး (၁၄၅) သိန်း
Toyota Toyoace
2004,Gasoline,Auto
1.25 Ton
ရောင်းဈေး (၁၀၉) သိန်း
Mitsubishi Canter Truck
2004,Gasoline,Manual
1.5 Ton
ရောင်းဈေး (၁၂၆) သိန်း
Isuzu ELF Truck
2006,Diesel,Manual
2 Ton
ရောင်းဈေး (၁၃၀) သိန်း
Nissan Atlas Truck
2004,Gasoline,Manual
1.3 Ton
ရောင်းဈေး (၁၀၅) သိန်း
Toyota Toyoace Box Truck
2005,Diesel,2 Ton
ရောင်းဈေး (၁၂၉) သိန်း
Showroom(1) :အမှတ်(901/10)၊78 လမ်း၊သိပ္ပံလမ်းနှင့်တက္ကသိုလ်လမ်းကြား၊မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့။
Ph : 09-91001111,09-91002222
Showroom(2) :အမှတ်(H-140/149)၊ကနောင်ခန်းမအနီး၊ဖိုးရာဇာလမ်း၊၆၀x၆၁ လမ်းကြား၊စက်မှုဇုန်(၁)၊မန္တလေးမြို့။
Ph : 02-5153233
Showroom(3) :အမှတ်(A/8,9,10)၊ ရန်-မန်းလမ်း၊ လေယာဉ်ကွင်းဟောင်းအနီး၊မန္တလေး။ Ph : 09-6504800


TLW
THILAWUN SERVICES
CAR SALES CENTER
No.76-78, Baho Street, Sanchaung Township,
Yangon, Myanmar.
Tel : 95-1-539 993, Fax : 95-1-518 452,
Email : thilawun@gmail.com


CAR LAND
Hot Line : 09 31278829,09 5078246
County
Bongo Coach
GRX
Starex
Libero
အကျိုးတော်ဆောင်များကိုလည်း
လိုက်လံရှာ ကြိုဆိုပါသည်။
-Car Land ကုမ္ပဏီသည်အရည်အသွေးမြင့်
ကားများစွာကိုတင်သွင်းထားခြင်း
မည်သည့်အပိုပစ္စည်းမဆို လွယ်ကူစွာရရှိနိုင်ခြင်း
Car Land ကုမ္ပဏီသည်အင်ဂျင်နှင့်
ဂီယာပိုင်းဆိုင်ရာအတွက်(၆)လ Or
ကီလိုမီတာ 10000 အာမခံပေးခြင်း
-Car Land မှဝယ်ယူသောကားများကို
အင်ဂျင်ဝိုင်းနှင့် Oil Filter အခမဲ့
လဲလှယ်ပေးခြင်း
Hyundai
Porter II
Porter II
အတိုးမဲ့ အရစ်ကျစနစ်ဖြင့်
ဝယ်ယူနိုင်ပါသည်။
Double Cab
Contact : 09 36173674,09 250143198


JPM
Car Sale Center
Phone : 01 8603921, 01 8603922
Hot Line : 09 73333555, 09 8638585
Email : www.jpmautocenter@gmail.com
Website : www.jpmautocenter.com , www.motors.com.mm/jpm-services-coltd
ရောဝတီဘဏ်နှင့်ချိတ်ဆက်၍အရစ်ကျစနစ်ဖြင့်လည်းဝယ်ယူအားပေးနိုင်ပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်သည် . . .
HONDA CR-V
KLUGER
ALPHARD
IPSUM
CAMRY
CALDINA
FOR TAXI
အမှတ် ( 42 / A ) ၊ တက္ကသိုလ်ရိပ်သာလမ်းသစ် ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။
( 5 Movie ရုံးချုပ်အနီး ၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့ )






# မော်တော်ယာဉ်ထိန်းသိမ်းခြင်းနှင့် ခရီးမိုင် အချိန်ကာလများ

## VEHICLE MAINTENANCE INTERVALS

**မင်းသစ်ထူး (စက်မှု)**

**မော်တော်ယာဉ်ထိန်းသိမ်းခြင်းသည် ပညာရပ်တစ်ခုဖြစ်ပါသည်။ ယာဉ်မောင်းသူတော်တော်များများသည် မော်တော်ယာဉ်ထိန်းမှုအားနည်းကြသည်။ ထိုသို့အားနည်းရခြင်းမှာလည်း မော်တော်ယာဉ်အခြေခံပညာကို လေ့လာလိုက်စားမှု၊ သင်ယူမှုအား နည်း၍ဖြစ်သည်။**

မော်တော်ယာဉ်ထိန်းသိမ်းခြင်းလုပ်ငန်းသည် ပုံမှန်ဆောင်ရွက်ပေးရသော လုပ်ငန်းတစ်ခုဖြစ်သည်။ ခရီးမိုင်မည်မျှမောင်းပြီးလျှင် (သို့) အချိန်ကာလမည်မျှကြာလျှင် လုပ်ဆောင်သင့်သော (Maintenance Service) လုပ်ငန်းများကို သက်ဆိုင်ရာပိုင်ရှင်လက်စွဲစာအုပ်များတွင်ယေဘုယျအားဖြင့်ဖော်ပြထားလေ့ရှိသည်။

မော်တော်ယာဉ်တစ်စီး ဘေးအန္တရာယ်ကင်းစွာအသုံးပြုနိုင်ရေးနှင့်၊ စက်ယန္တရားစနစ်များ၊ တာရှည်ခံအသုံးပြုနိုင်ရေးအတွက်၊ (Maintenance Service) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ဆောင်ချက်များ၊ ပုံမှန်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိန်းသိမ်းခြင်း၊ စစ်ဆေးပြုပြင်ခြင်း၊ အားနည်းသော မော်တော်ယာဉ်တစ်စီးသည် အန္တရာယ်ကို ဖိတ်ခေါ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် မော်တော်ယာဉ်တစ်စီးသည် လမ်းပေါ်တွင် ရွေ့လျားမောင်းနှင်နေသောကြောင့် ဖြစ်ပါသည်။ မော်တော်ယာဉ်ထိန်းသိမ်းမှု၊ စစ်ဆေးပြုပြင်မှုအားနည်းခြင်းကြောင့်၊ မလိုလားအပ်သော ယာဉ်မတော်တဆမှု (Accidents)များ ဖြစ်ရပါသည်။

မော်တော်ယာဉ်ထိန်းသိမ်းခြင်းသည် ပညာရပ်တစ်ခုဖြစ်ပါသည်။ ယာဉ်မောင်းသူ တော်များများသည် မော်တော်ယာဉ်ထိန်းမှုအားနည်းကြသည်။ ထိုသို့အားနည်းရခြင်းမှာလည်း မော်တော်ယာဉ်အခြေခံပညာကို လေ့လာလိုက်စားမှု၊ သင်ယူမှုအားနည်း၍ဖြစ်သည်။ မူဝါဒပြောင်းလဲပြီးနောက် မော်တော်ယာဉ်အစီးရေပြောင်းလဲတိုးမြှင့်လာမှုနှင့်အတူ ယာဉ်မောင်းသူဦးရေ (ကျွမ်းကျင်မှုလိုင်စင်ရပြီး) တိုးတက်လာခြင်းမရှိသေးပါ။ ယနေ့အဖွဲ့အစည်းတိုင်းတွင်ယာဉ်မောင်းအမြန်အလိုရှိသည်ဟု ဖြစ်ပေါ်နေသည်။ ကျွမ်းကျင်သော ယာဉ်မောင်းတစ်ဦးဖြစ်လာရန် အချိန်(၅)နှစ်ခန့်ပေးရသည်။ ရက်ပိုင်း၊ လပိုင်း၊ အချိန်တိုအတွင်း လေ့ကျင့်မွေးထုတ်၍ မရပါ။ မော်တော်ယာဉ်ပညာ အခြေခံကျကျနားလည်တတ်ကျွမ်းသော ကျွမ်းကျင်ယာဉ်မောင်းများမှာ ပို၍ရှားပါးသည်။

### အချိန်မှန် ထိန်းသိမ်းခြင်း

အင်ဂျင်ဝိုင်း – မိုင် ၃၀၀၀/ (၃) လ ခန့်မောင်းပြီးတိုင်း အင်ဂျင်ဝိုင်နှင့် ဆီစစ်ဘူး (Oil Filter) လဲပေးပါ။

(Value Clearans) (၁)နှစ် (၁)ကြိမ်စစ်ဆေး၍ ပြန်ချိန်ပေးပါ။

**မီးပေးစနစ် (Ignition System)**

Spark Plug လဲခြင်း – မိုင် ၃၀၀၀၀/(၂၄)လခန့်။ ပလပ်ဝါယာကြိုးစစ်ဆေးခြင်း – မိုင် ၁၂၀၀၀/(၁၂)လခန့်။ ပလပ်ဝါယာကြိုးလဲခြင်း – မိုင် ၃၆၀၀၀/(၃)နှစ်ခန့်။ မီးတိုင်မင်စစ်ဆေး/ ချိန်ညှိခြင်း – မိုင် ၁၂၀၀၀/(၁၂)လခန့်။






### ဘက်ထရီ

စစ်ဆေးခြင်းနှင့်သန့်ရှင်းခြင်း– မိုင် ၃၀၀၀/ (၃)လခန့်။ မိုးရေဖြည့်ပေးခြင်း– ၂လခန့်။

### AC/DC ဒိုင်နမို

စစ်ဆေးခြင်း – မိုင် ၃၀၀၀/ (၃)လခန့်။ ပန်ကာကြိုးစစ်ဆေးခြင်း – မိုင် ၃၀၀၀/ (၃)လ ခန့်။ ပန်ကာကြိုးလဲလှယ်ခြင်း – မိုင် ၂၄၀၀၀/ (၂)နှစ် ခန့်။

### Starter မော်တာ

ကာဗွန်စစ်ဆေးခြင်း – မိုင် ၆၀၀၀/ (၆)လခန့်။ Electrical connection စစ်ဆေးခြင်း–(၆)လခန့်

### အအေးခံစနစ် (Cooling System)

ဝါတားပိုက်၊ အအေးခံရည် (Coolant) - မိုင် ၂၀၀၀/ (၂)လ ခန့်။

ရေတိုင်ကီ Cap ဖုံး စစ်ဆေးခြင်း

ပန်ကာကြိုး (V-Belt) စစ်ခြင်း– မိုင် ၃၀၀၀/ (၃)လခန့်။ ပန်ကာကြိုးလဲလှယ်ခြင်း – မိုင် ၂၄၀၀၀/ ၂ နှစ်ခန့်။ ရေတိုင်ကီဆေးကြောခြင်း– မိုင် ၆၀၀၀/(၆)လခန့်၊ အအေးခံရည် အသစ်လဲလှယ်ခြင်း – မိုင် ၁၂၀၀၀/ (၁၂)လခန့်။

### လေစစ်/ ဆီစစ်များ

Air Cleaner လေစစ် အသစ်လဲခြင်း–မိုင် ၁၂၀၀၀/(၁၂)လခန့်။ Fuel Filter ဆီစစ်ဘူးအသစ်လဲခြင်း– မိုင် ၁၂၀၀၀/(၁၂)လခန့်။

### အော်တိုဂီယာ

အော်တိုပါဝါဆီစစ်ဆေးခြင်း – မိုင် ၆၀၀၀/(၆)လ ပါဝါဆီ အသစ်လဲခြင်း– မိုင် ၂၄၀၀၀/(၂)နှစ်ခန့်။

### ဘရိတ် / ကလပ်

ဘရိတ်ဆီ (Masterဆုံ) စစ်ဆေးခြင်း – မိုင် ၁၀၀၀/ (၁)လ ကလပ်ဆုံ ဆီစစ်ဆေးခြင်း–မိုင်၁၀၀၀/ (၁)လခန့်။ ဘရိတ်ဆီ၊ ကလပ်ဆီအသစ်လဲခြင်း– (၂)နှစ်

### ပါဝါစတီယာရင်

ပါဝါ ဆီစစ်ဆေးခြင်း– မိုင် ၃၀၀၀/ (၃)လခန့်။ ပါဝါပန့်Beltကြိုးလဲခြင်း– မိုင်၂၄၀၀၀/(၂)နှစ်။ ပန်ကာကြိုးတင်းအားစစ်ခြင်း– မိုင် ၃၀၀၀/ (၃)လ

### Manual ဂီယာ

ဂီယာဝိုင် Level စစ်ဆေးခြင်း– မိုင် ၃၀၀၀/၃–လ။ ဂီယာဘောက်–ဂီယာဝိုင်လဲခြင်း– မိုင် ၂၄,၀၀၀/၂ နှစ်

### ဘရိတ်

ဘရိတ်ရှူးခြမ်းများ စစ်ဆေးခြင်း– မိုင် ၆၀၀၀/၆–လ။ ဘီး cylinder, ဝါရှာနှင့်ဘရိတ်ပိုက်များ စစ်ဆေးလဲလှယ်ခြင်း မိုင် ၆၀၀၀/၆–လ

### ကားအောက်ပိုင်း

ရှော့ဘားများစစ်ဆေးခြင်း– မိုင် ၁၂၀၀၀/၁၂–လ။ အမဲဆီ ထိုးခြင်း– မိုင် ၃၀၀၀/၃–လ။ ဂျိုင်းဆက်များ စစ်ဆေးခြင်း/ဆီထိုးခြင်း– မိုင် ၆၀၀၀/၆–လ။ဒူးဆစ်များ၊ သဲကာများ စစ်ဆေးခြင်း– မိုင် ၃၀၀၀/၃–လ။ ကရောင်းအုံ၊ ကရောင်းဝိုင်စစ်ဆေးခြင်း – မိုင် ၂၄၀၀၀/၂–နှစ် တိုက်ရော၊ ဘောလ်ဂျိုင်းစစ်ဆေးခြင်း– မိုင် ၁၂–၀၀၀/၁၂–လ။

### တာယာများ

တာယာဘီးများ ၊ ပန်းသားများစစ်ဆေးခြင်း– မိုင် ၁၀၀၀/၁–လ။ တာယာလေ ပေါင်ချိန်ခြင်း– အပါတ်စဉ်။ တာယာလှည့်သုံးခြင်း– မိုင် ၆၀၀၀/ ၆–လ။ တာယာ Balance ချိန်ခြင်း– မိုင် ၆၀၀၀/၆–လ။ ကားဘီးအလိုင်းမင့်ချိန်ခြင်း– မိုင် ၆၀၀၀/ ၆–လ။

### ဝိုင်ဘာ

ဝိုင်ဘာအရွက် Blade ရေသုတ်တံ– စစ်ဆေးခြင်း/ သန့်ရှင်းခြင်း၊ မိုင် ၃၀၀၀/၃–လ။ ဝိုင်ဘာအရွက်များ လဲလှယ်ခြင်း– မိုင် ၁၂၀၀၀/၁၂–လ။ ဝိုင်ဘာလင့်တံအဆက်များ ဆီထိုးခြင်း– မိုင် ၆၀၀၀/၆–လ။

### စက်ဆီ ချော ဆီများ

အင်ဂျင်အမျိုးအစား အလိုက်၊ အင်ဂျင်ဝိုင်အတန်းအစားကို ရွေးချယ်သုံးစွဲရမည်။

အင်ဂျင်ဝိုင်သုံးစွဲရန် ပိုင်ရှင်လက်စွဲစာအုပ်တွင် ညွှန်ကြားထားသည်။ ဓါတ်ဆီ ၊ အင်ဂျင်များအတွက် ဓါတ်ဆီသုံးအင်ဂျင်ဝိုင် သီးခြားလာပြီး ၊ ဒီဇယ်အင်ဂျင်များအတွက်လည်း အင်ဂျင်ဝိုင်သီးသန့်လာသည်။ မာတီဂရိတ်အင်ဂျင်ဝိုင်နှင့် ဆင်သက်တစ်အင်ဂျင်ဝိုင်များက အရည်အသွေးပို၍ကောင်းသည်။

အော်တိုဂီယာ Fluid– ATF Dexron ။ ဂီယာဝိုင်– SAE 80 W – 90 (APT-GL4)။ ပါဝါစတီယာရင်– ATF ပါဝါဆီ။ ကရောင်းဝိုင်– SAE 90 W – 140 (APT GL5) ဟတ်ဘောလ်များ:– High melting point အမဲဆီ(အပူချိန်မြင့်ခံနိုင်သော)။ ဘရိတ်ဆီ – DOT.3 Brake Fluid ။ ကလပ်ဆီ – DOT.3 Brake Fluid (အဖြူ ၊ အနီ ၂ မျိုးလာသည်။)

(မှတ်ချက် – ဘရိတ်ဆီကိုရေရောစပ်၍မသုံးပါနှင့်)

### အာရုံ ၅ ပါးကို အသုံးချပါ

မော်တော်ယာဉ်တစ်စီး အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် အချိန်မှန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည့်အပြင် ယာဉ်ကိုင်တွယ်မောင်းနှင်နေချိန်၌ မိမိမော်တော်ယာဉ်၏ ထူးခြားသောအသံ ၊ အနံ့ ၊ တုန်ခါမှု ၊ လှုပ်ရှားမှုစသော လက္ခဏာများကို အမြဲဂရုပြု၍ အာရုံခံထောက်လှမ်းနေဖို့လိုသည်။

ဥပမာ – အင်ဂျင်စက်ခန်းအတွင်းမှ ထူးခြားသော ချော့်နံ့ထွက်ခြင်း ၊ အိတ်ဇောမီးခိုး အရောင်ပြောင်းလဲခြင်း ၊ ရေတိုင်ကီမှ ရေနွေးငွေ့များပန်းထွက်ခြင်း ၊ ဘရိတ်ငြိ၍ ချော့်နံ့ထွက်ခြင်း ၊ အင်ဂျင်တုန်ခါခြင်း ၊ ဆွဲအားရန်းအား သိသာစွာပြောင်းလဲသွားခြင်း ၊ကလပ်ကျသွားခြင်း၊ ဘရိတ်ချောခြင်း၊ တာယာဘီးများတုန်ခါခြင်း၊ စတီယာရင်တုန်ခါခြင်း၊တစ်ဘက်သို့ဆွဲနေခြင်း၊ စက်သံမမှန်ခြင်း၊ ကုန်းတက်တွင် ကားမရုန်းနိုင်ခြင်း၊ အထနှေးခြင်းစသော မူမမှန်သော ကားတစ်စီး၏လက္ခဏာများကို အာရုံ ၅ ပါးအသုံးပြု၍ သတိထားရမည်။ သတိပေးမီးအချက်ပြများကို ကြည့်ရမည်။

မူမမှန်သော ရွေ့ပြေးလက္ခဏာများသည် သင့်ကား၏ အန္တရာယ်၊ နမိတ်ကြိုတင်ပြနေခြင်း ဖြစ်သည်။ အာရုံငါးပါးကို အသုံးချ၍ အစဉ်အမြဲသတိရှိနေခြင်းသည် ဆိုးရွားသော ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။

**မင်းသစ်ထူး (စက်မှု)**



# ဟွန်ဒေး၏ ယခင်စီအီးအိုဟောင်း TrueCar ဝက်ဆိုက်ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်လာ

ပြီးခဲ့သည့် ဒီဇင်ဘာလမှ စတင်၍ ဟွန်ဒေး၏ ဥက္ကဋ္ဌရာထူးမှ အနားယူခဲ့သည့် John Krafcik သည် ယခုလက်ရှိအချိန်တွင် ကားရောင်းဝယ်ရေးဝက်ဆိုက်တစ်ခုဖြစ်သည့် True Car ကုမ္ပဏီတွင် ဥက္ကဋ္ဌရာထူးဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လွန်ခဲ့သည့် လေးလကတည်းက ဟွန်ဒေးရှိ ၎င်းရာထူးမှ အနားယူခဲ့သူ John Krafcik သည် ကမ္ဘာတစ်ဝှမ်း ဒုတိယအကြီးများဆုံးဈေးကွက်ဖြစ်သည့် အမေရိကန်ဈေးကွက်တွင် တောင်ကိုရီးယားကားထုတ်လုပ်ရေးများအတွက် ဦးဆောင်လမ်းပြနိုင်ခဲ့သူတစ်ဦးအဖြစ် ထင်ရှားကျော်ကြားခဲ့သူတစ်ဦးဖြစ်သည်။



" John Krafcik က မော်တော်ယာဉ်နဲ့ဆိုင်တဲ့လုပ်ငန်းတွေမှာ ကျွမ်းကျွမ်းကျင်ကျင် နားလည်တယ်လို့တော့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် သူက ဘယ်လိုစီစဉ်တိုင်းတာဆောင်ရွက်ရမလဲဆိုတာတွေနဲ့ ကျွန်တော်တို့ အဖွဲ့အစည်းအတွက် ဘာတွေလိုအပ်ပြီး ဘာတွေ ဆက်သွယ်ပေးရမလဲဆိုတာတွေကို နားလည်ပါတယ်" ဟု TrueCar ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ Scott Painter မှ ပြောကြားသည်။

TureCar ကုမ္ပဏီသည် အင်တာနက်စီးပွားရေးလုပ်ငန်းအမျိုးအစားဖြစ်ပြီး ကားဝယ်ယူသူတွေကို ကားအချက်အလက်နှင့် ကားဈေးနှုန်းတွေကို ဝန်ဆောင်မှုပေးပြီး ကားသစ်တွေထဲက ဘယ်လိုကားမျိုးတွေ ဝယ်ယူသင့်တယ်ဆိုတဲ့ သတင်းအချက်အလက်တွေကို ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီဖြစ်သည်။ အမေရိကန်နိုင်ငံအတွင်းရှိ ကားအရောင်းကိုယ်စားလှယ်များနှင့် အကျိုးတူ ပူးပေါင်း၍ ကားလုပ်ငန်း လုပ်ကိုင်ခွင့် ၇,၅၀၀ ကျော်ကို လုပ်ကိုင်နေသည့် ကုမ္ပဏီဖြစ်သည်။

"TrueCar ကုမ္ပဏီက တောင့်တင်းခိုင်မာမှုရှိတဲ့ လုပ်ငန်းတစ်ခုပါပဲ။ ဝယ်ယူတဲ့ ဖောက်သည်တွေနဲ့ ပူးပေါင်းပြီး ယုံကြည်စိတ်ချရမှုဆိုတဲ့ တံတားတစ်စင်း တည်ဆောက်နေတာပါ။ ကျွန်တော် ဒီအဖွဲ့အစည်းနဲ့ လက်တွဲရတဲ့အတွက် စိတ်လှုပ်ရှားမှုတွေဖြစ်ပြီး နောင်အနာဂတ်မှာလည်း ဒီထက် ကောင်းမွန်တဲ့ ပြောင်းလဲမှုများစွာကို လုပ်ဆောင်သွားမှာ" ဟု Krafcik က ထုတ်ဖော်ပြောကြားသည်။

TureCar ကုမ္ပဏီမှ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂၅ မီလျံကို ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားကြောင်း ပြီးခဲ့သည့် လက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရှိရသည်။

ယဉ်ထွေး

# ၂၀၁၅ ဖို့ဒ်မတ်စတန်ကို မေလ ၂၄ ရက်နေ့ UEFA ချန်ပီယံလိဂ်ဗိုလ်လုပွဲကျင်းပနေစဉ် စတင်ရောင်းချမည်

ဖို့ဒ်ကားထုတ်လုပ်ရေးမှ ၂၀၁၅ ဖို့ဒ်မတ်စတန်ကို လာမည့် မေလ ၂၄ ရက်မှစတင်၍ UEFA ချန်ပီယံလိဂ်ဗိုလ်လုပွဲကျင်းပနေစဉ်အတွင်း ဥရောပတိုက်တွင် စတင်ရောင်းချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီး ဝမ်းနည်းစရာတစ်ခုကတော့ ရောင်းချမည့်ဈေးနှုန်းကို ကြေညာခြင်း မရှိကြောင်း သိရှိရသည်။

" ဖို့ဒ်မတ်စတန် မော်ဒယ်လ်သစ်ကို ဥရောပမှာ စတင်ရောင်းချသွားမှာပါ။ မော်ဒယ်လ်သစ်နဲ့ ပတ်သက်ပြီး မယုံကြည်နိုင်လောက်တဲ့ အမှာစာကို လက်ခံရလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"ဟု ဥရောပ ဖို့ဒ်၏ ဒုတိယဥက္ကဋ္ဌ Roeland de Waard မှ ပြောကြားသည်။





၂၀၁၅ ဖို့ဒ်မာတန်ကို ပြိုင်ကားဆန်သည့် အနီရောင်နှင့် ညို့ဓာတ်ပြင်းသည့် ငွေရောင် စသည်ဖြင့် ကာလာနှစ်မျိုးဖြင့် ရရှိနိုင်မည်ဖြစ်သည်။ ကာလာနှစ်မျိုးလုံးတွင် အနက်ရောင် လည်သာကူရှင်ဖုံး၊ GPS လမ်းညွှန်ဖြင့် မောင်းနှင်သွားလာနိုင်မည့်စနစ်၊ လေဝင်လေထွက် ကောင်းစေမည့် ရှေ့ခန်းထိုင်ခုံနှင့် ၁၉ လက်မအလွိုင်းဘီးများ ပါဝင်မည်ဖြစ်သည်။

စက်၏ စွမ်းဆောင်ရည်ကို အင်ဂျင်နှစ်မျိုးဖြင့် ရရှိနိုင်မည်ဖြစ်ပြီး ၅ ဒသမ ၀ လီတာ V8 အင်ဂျင်မှ မြင်းကောင်ရေ ၄၂၆ ကောင်၊ အင်ဂျင်ရုန်းအား ၃၉၀ ပေါင်-ပေ နှင့် ၂ ဒသမ ၃ လီတာဆံ့ ဆလင်ဒါလေးလုံးတပ် EcoBoost အင်ဂျင်မှ မြင်းကောင်ရေ ၃၀၉ ကောင်၊ အင်ဂျင်ရုန်းအား ၃၀၀ ပေါင်-ပေကို ရရှိမည်ဖြစ်သည်။

ယဉ်ထွေး

# ဖောက်စ်ဝက်ဂွန် Chattanooga စက်ရုံကိုစွ UAW ဘယ်လိုထိန်းသိမ်းကိုင်တွယ်မည်လဲ

ဖောက်စ်ဝက်ဂွန် စက်ရုံကြီး၏ အလုပ်သမားများကို ပြန်လည်စည်းရုံးနိုင်ရေးမှာ မသေချာဘဲ ရှိနေသေးကြောင်း သမဂ္ဂမှ စက်ရုံ၏ အသနားခံစာကို ပယ်ချလိုက်ပြီး တစ်ပတ်ကြာသည်အထိ လုပ်သားရေးရာကျွမ်းကျင်သူများအကြား သုံးသပ်လေ့လာပြောဆိုနေကြဆဲဖြစ်သည်။



လော့စ်အိန်ဂျယ်လုပ်သားများ ရှေ့နေရုံးမှ ကျွမ်းကျင်သူ လယ်ရီဒရက်ပ်ကင်၏ ပြောဆိုချက်ကို ကိုးကား၍ မေလဒုတိယပတ်သတင်းများတွင် သမဂ္ဂဘက်မှ ရပ်တည်သောကားဘော်ဒီထုတ်လုပ်ရေးဌာနလုပ်သားများကို UAW မှ ပစ်မှတ်ထားစည်းရုံးသွားလိမ့်မည်ဟု ယူဆကြောင်း စက်ရုံဆန္ဒမဲအများစုကို မရရှိပါက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ ယင်းစက်ရုံကို ဌာနအများစု ပိတ်ထားရဖွယ်ရှိကြောင်း၊ အမျိုးသားလေဘာဆက်ဆံရေး ဘုတ်အဖွဲ့ (NLRB) ကိုယ်တိုင်ဝင်ရောက်ဖြေရှင်းပေးနေမှုကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ကယ်လီဖိုးနီးယားအလုပ်သမားဥပဒေအရ UAW ကုမ္ပဏီအနေဖြင့် သီးသန့်ဆန္ဒမဲများကို ဌာနတစ်ခုချင်းအလိုက် အများစုဆန္ဒရရှိရေး ကြိုးပမ်းသွားသင့်ကြောင်း မက်ဘတ်ချူးဘက်ပြည်နယ်၊ ကလော့ခ်တက္ကသိုလ်မှ အလုပ်သမားဆိုင်ရာပါရဂူ ဂါရီချေဆင်က ပြောကြားခဲ့သည်။

အခြားအကောင်းဆုံးဖြစ်နိုင်ခြေတစ်ရပ်မှာ ဖောက်စ်ဝက်ဂွန် UAW အနေဖြင့် NLRB ၏ အကူအညီဖြင့် ဆန္ဒမဲများကို တစ်နှစ်ခန့်အချိန်ပေး စောင့်ဆိုင်းရန် ဖြစ်သည်ဟု သိရှိရသည်။

နိုင်သက်

# ဆော့ဖ်ဝဲနှင့် တံခါးလက်ကိုင်ချို့ယွင်းမှု ပြဿနာရပ်များကြောင့် ဖို့ဒ်မှ ကားအစီးရေ ၇၅၀,၀၀၀စီး ပြန်လည်သိမ်းဆည်းမည်



အမေရိကန် ကားထုတ်လုပ်ဖြစ်သည့် ဖို့ဒ်ကားထုတ်လုပ်ရေးမှ ပြတင်းပေါက်ဘေးရှိ လေအိတ်သုံးစွဲရန် ဆော့ဖ်ဝဲနှင့် တံခါးလက်ကိုင်ချို့ယွင်းမှုများကြောင့် မြောက်အမေရိကရှိ ကားအစီးရေ ၇၅၀,၀၀၀ စီးအား ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြန်လည်သိမ်းဆည်းမည့် ကားများမှာ ယာဉ်တိုက်မှုဖြစ်ပွားရာတွင် ပြတင်းပေါက်ဘေးရှိ လေအိတ်သုံးစွဲရန်ဆော့ဖ်ဝဲမှာ အသုံးပြုနေစဉ်အတွင်း နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်နေခြင်း၊ တံခါးလက်ကိုင်များသည် ယာဉ်မောင်းနေစဉ်အတွင်း ပွင့်ထွက်သွားခြင်း စသည့် ချို့ယွင်းချက်များကြောင့် ပြန်လည် သိမ်းဆည်းမည်ဖြစ်ပြီး ၂၀၁၃ – ၂၀၁၄ မော်ဒယ်လ်များဖြစ်သည့် C-Max ဟိုက်ဘရစ်ကားများနှင့် SUVs ကားများအစီးရေ ၆၉၂,၄၈၇ စီးပါဝင်ကြောင်း သိရသည်။ ထပ်မံ၍ C-Max ကားအစီးရေ ၆၅,၀၀၀ ကို သိမ်းဆည်းသွားမည်ဖြစ်သည်။

ပြန်လည်သိမ်းဆည်းမည့် ကားအစီးရေ ၅၉၅,၀၀၀ စီးမှာ အမေရိကန်မှဖြစ်ပြီး ကနေဒါမှ အစီးရေ ၇၈,၀၀၀ စီးနှင့် မက်ဆီကိုမှ အစီးရေ ၁၉,၅၀၀ စီးပါဝင်ပြီး ပြန်လည် သိမ်းဆည်းမည့်ကားများနှင့် ပတ်သက်၍ ယာဉ်တိုက်မှု၊ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုတစ်စုံတစ်ရာ ဖြစ်ပွားခြင်းမရှိကြောင်း ဖို့ဒ်၏ ပြောရေး ဆိုခွင့်ရှိသူမှ ပြောကြားသည်။

ယခုလို ပြဿနာနှစ်ရပ်ကြောင့် ပြန်လည်သိမ်းဆည်းရခြင်းမှာ ၂၀၁၃ ခုနှစ် မော်ဒယ်လ်အတွက် ကိုးကြိမ်မှ ဆယ်ကြိမ်အထိရှိနေကြောင်း သိရှိသည်။

ယဉ်ထွေး

# 2015 Chrysler 200 ၏ သတ်မှတ်တန်ဖိုးဈေးနှုန်းအမေရိကန်၌ကြေညာ




ခရိုက်စလာ ကားထုတ်ရေးမှ 2015 Chrysles 200 မော်ဒယ်လ်အမျိုးအစား၏ ဈေးနှုန်းကို အမေရိကန်နိုင်ငံတွင် ကြေညာခဲ့ကြောင်း သိရှိရသည်။

2015 200 အတွက် အနည်းဆုံးကား၏တန်ဖိုးကို အမေရိကန်ဒေါ်လာ ၂၁,၇၀၀ သတ်မှတ်ထားပြီး သယ်ယူပို့ဆောင်ခအနေဖြင့် အမေရိကန်ဒေါ်လာ ၉၉၅ ကို ထည့်ပေါင်းရမည် ဖြစ်သည်။ 2015 Chrysler 200 မှာ ယခုအချိန်တွင် ထုတ်လုပ်ရေးမှ ဖြန့်ဖြူးရန်အတွက် အသင့်ရှိနေပြီး ၂၀၁၄ ခုနှစ် နှစ်ဝက်ပိုင်းတွင် ရောက်ရှိလိမ့်မည်ဟု သိရှိရသည်။

ကား၏ဒီဇိုင်းပုံစံမှာ အရွယ်အလတ်စား ဇိမ်ခံမော်ဒယ်လ်အမျိုးအစားဖြစ်ပြီး စက်စွမ်းရည်မှာ ၂ ဒသမ ၄ လီတာ ဆလင်ဒါ လေးလုံးတပ် Tigershark ခတ်ဆီအင်ဂျင်တပ်ဆင်ပေးထားသည်။ မြင်းကောင်ရေအား ၁၈၄ ကောင်ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပြီး ရုန်းအား ၁၇၃ ပေါင်ဖြင့် အမြင့်ဆုံးစွမ်းအင်တွေကို ထုတ်လုပ်ပေးမှာ ဖြစ်ပါတယ်။ အော်တိုဂီယာ ၉ ချက်၊ ဂီယာအလိုအလျှောက်ပြောင်းစနစ်စသည့်ဖြင့် အဆင့်မြင့်နည်းပညာပေါင်းများစွာ ပါဝင်လာမည်ဖြစ်ပြီး အခြားအင်ဂျင်တစ်မျိုးဖြစ်သည့် ၃ ဒသမ ၆ လီတာ Pentastar V6 အင်ဂျင်၊ မြင်းကောင်ရေ ၂၉၅ ကောင်၊ ရုန်းအား ၂၆၂ ပေါင်ဖြင့် စွမ်းဆောင်ရည်ပြည့်ပြည့် မောင်းနှင် မည်ဖြစ်သည်။

2015 Chrysler 200 ကို ပုံစံလေးမျိုးဖြစ်သည့် LX, Limited, 200S နဲ့ 200C ဆိုပြီး ခွဲခြားထားပေမယ့် ကိုယ်ထည်ဒီဇိုင်းပုံစံတွေက အများကြီး ပြောင်းလဲသွားခြင်းမျိုး မရှိကြောင်း သိရသည်။

ယဉ်ထွေး

# ဆွီဒင်ဗော်လ်ဗိုရဲ့ Drive-E နဲ့ မောင်းနှင်ရမယ့်

# 2015 S80 T5

## 2015 Volvo S80

ဆလင်ဒါ လေးလုံးတပ် သေးသေးသာသာ အင်ဂျင်ဟာ အရွယ်ကငယ်ပေမယ့် စက်စွမ်းအားကတော့ ဆလင်ဒါ ၆ လုံး/၈လုံးတပ် အင်ဂျင်တွေလောက် ရှိသတဲ့။ '၁၅ မော်ဒယ်လ်မှာ သူက Drive-E ဆိုတာကို အစပျိုးလိုက်ပြီလေ။ ဒါဟာနည်းပညာသစ်တစ်ခု ဖြစ်လာပါတယ်။ ဒါ့အပြင် အစဉ်အဆက်က လူတွေ လက်ခံယူဆထားတဲ့အင်ဂျင်အကြောင်းကို အမြစ်ကနေလှန်ပစ်လောက်အောင် အမြင်ပြောင်းပေးတော့မယ် ဆိုပဲ။

Drive-E ဟာ အင်ဂျင်စွမ်းအင်အိမ်ကို ချုံ့ထားပြီး စက်သုံးဆီကို လိုအပ်သလောက်စားသုံးပေမယ့် V6၊ V8 ကြီးတွေလို ခွန်အားကြီးပြီး မီးခိုးစွန့်ထုတ်မှု နည်းစေမယ်ဆိုတာမျိုးပါ။ ဟိုင်းဝေးလမ်းမှာ ဆီတစ်ဂါလန်ကို ၃၇ မိုင် ရနိုင်တယ်လို့ တွက်ချက်ဖော်ပြထားပြီး ဆလင်ဒါလေးလုံးအင်ဂျင်က ထွက်လာမယ့် မြင်းကောင်ရေအားဟာ ၃၀၀ နီးပါး ရှိပါတယ်။မီးခိုးစွန့်ထုတ်မှုမှာတော့ ယခင်ကထက် ၃၀ ရာခိုင်နှုန်း ပိုလျော့သွားတာ ဖြစ်ပါတယ်။

ဆီစားသက်သာအောင် Drive-E တစ်မျိုးတည်းနဲ့တော့ မကယ်နိုင်ဘူးပေါ့။ သူက ကားတစ်စီးလုံး အလေးချိန်မှာ ပေါင် ၁၀၀ လောက် လျှော့ပစ်လိုက်တာလည်း ပါတယ်။

ဒါဟာဆန်းသစ်တီထွင်ပြောင်းလဲမှုတွေနဲ့ ကားလောကမှာ ရပ်တည်နေတဲ့ ဆွီဒင်ဗော်လ်ဗိုရဲ့ S 80 ဆိုတဲ့ အလယ်အလတ်ဆိုဒ် လူကြီးမင်းဆီဒင်အကြောင်းပါ။ ၂၀၁၅ မော်ဒယ်လ်ဟာ ခေတ်ရှေ့ပြေးမှု ဆိုတဲ့ သိပ္ပံပုံပြင်ကို ဇာတ်စုံခင်းပြလိုက်ပါပြီ။

ဗော်လ်ဗို S80 ဆိုတာ ၁၉၉၈ ခုနှစ်ကတည်းက ယခင် 960(S90) ဆိုတဲ့ နောက်ယက်ဆီဒင်နေရာမှာ အစားဝင်ခဲ့တဲ့ ဆီဒင်မို့လို့ ဈေးကွက်ထဲရောက်တာ သိပ်ကို ကြာနေခဲ့ပြီပေါ့။ S80 ဟာ ဗော်လ်ဗိုရဲ့ ဆီဒင်အုပ်စုထဲမှာ ထိပ်တန်းပါပဲ။ ဒါပေမယ့် ပြင်ပဈေးကွက်မှာတော့ လူတွေက ဆီဒင်တစ်စီးဝယ်မယ် ကြံစည်လိုက်တိုင်း လက်ဆပ်စ်၊ အော်ဒီ၊ ဘီအမ်ဒဗလျူတို့နဲ့သာ ပြိုင်သွားကြတာမို့ သူ့ကိုမျက်စိ လျှမ်းသွားလေ့ရှိတယ်ဆိုပါတော့။

ဒီတစ်ကြိမ်မှာတော့ လူတွေ စိတ်ပြန်လည်လာနိုင်တယ်နော။ ထူးခြားတဲ့ ခေတ်ရှေ့ပြေးပုံစံကြောင့်ပါ။ ဗော်လ်ဗိုကားတွေ အတွင်းခန်း နည်းပညာမှာ ယှဉ်သာနေခဲ့တာမို့ ဒီတစ်ကြိမ်မှာ ရုပ်ထွက်က အရေးကြီးလာပြီမဟုတ်လား။

ဒါကြောင့်၂၀၁၅ S80 အတွက် ဗော်လ်ဗိုက ရှေ့ပြေးပုံစံ ထုတ်ထားပါတယ်။ ဒါဟာ လတ်တလောမှာတော့ ထုတ်လုပ်မှုပုံစံနဲ့ လုံးဝကွာခြားတယ်ဆိုတာ အသိပေးပါရစေ။ အက်ကူရာ MDX လို မီးသီးလေးတွေ တစ်ဖက်တစ်ချက်စီမှာ စီတန်းထားတဲ့ခေတ်ရှေ့ပြေးပုံစံဟာS80 အတွက်သိပ်ကောင်းတဲ့ အလားအလာ တစ်ခုပါ။နောက်လျှောကူပေး ဒီဇိုင်းနဲ့ ဒိုင်းနမစ်တည်ဆောက်မှုကို အသားပေးထားတဲ့ ဆွီဒင်လက်ရာပါပဲ။ လတ်တလော ရရှိထားတဲ့ သတင်းအချက်အလက်တွေအရ '၁၅ S80 က T5 နဲ့ T6 ဆိုပြီး ဂရိတ်နှစ်မျိုး ရှိတာ တွေ့ရပါတယ်။ T5 ကို Drive-E နဲ့တွဲထားပြီး ၂ လီတာ အင်ဂျင်ကနေ မြင်းကောင်ရေ ၂၄၀ ထွက်တယ်။ T6 က ၃ လီတာ အင်ဂျင်နဲ့ဖြစ်ပြီး မြင်းကောင်ရေ ၃၀၀ ဝန်းကျင်။နောက်ထပ်မူကွဲမော်ဒယ်လ်တွေက ပရီးမီးယားပလပ်စ်နဲ့ ပလက်တီနမ်ပလပ်စ်။

S80 ဟာ ကားချိုးရာတွေ လှတဲ့ ဆီဒင်တစ်စီးပါ။ တည်ဆောက်မှုအပိုင်းမှာ ဘယ်လိုနည်းနဲ့မှ ဒိုင်းနမစ်ဆီဒင် ဖြစ်မလာသေးတာတော့အမှန်။ ရုပ်ထွက်ကိုလည်း ပြောင်းလိုက်တယ်။ အတွင်းခန်းကိုလည်း ပိုကောင်းအောင် ပြင်ဆင်လိုက်တယ်။ အော်တိုဂီယာ ၈ ချက်က စွမ်းအင်တွေကို ရှေ့ဘီးတွေဆီ အဓိက ပို့ဆောင်ပေးပြီး အနိမ့်ဆုံး မြင်းကောင်ရေ ၂၄၀ နဲ့ ရုန်းအား ၂၅၈ ပေါင်-ပေ ကို တွန်းထုတ်ပေးတာဖြစ်ပါတယ်။ သိပ်ရှုပ်ထွေးတဲ့ မြို့တွင်းလမ်းမှာတောင် တိုက်ရိုက်ဆီပို့စနစ်တာဘိုချာဂျာအင်ဂျင် S80 ဆီဒင်က ဆီတစ်ဂါလန်ကို ၂၅ မိုင် လောက် သွားနိုင်တယ် ဆိုတာလည်း မက်လောက်စရာပါပဲ။

အဆွဲအပြုမှာ ပိုပြီး ဝိတ်ကြီးတဲ့ XC60 SUV ကားတောင်မှ တစ်နာရီ မိုင် ၆၀ နှုန်းကို ၇ စက္ကန့်အတွင်းသွားရတာပါ။ S80 ကအဲဒီနှုန်းကို ၆ စက္ကန့်ကျော်ကျော်မှာရောက်ပါတယ်။ သတ်မှတ်ထားတဲ့ အမြင့်ဆုံးအရှိန်နှုန်းကတော့ တစ်နာရီကို ၁၅၅ မိုင်ပါ။

တကယ်တော့'၁၅ S80 မှာ Drive-E ကအသစ်ပါပဲ။ဗော်လ်ဗိုရဲ့ ထုံးစံအတိုင်း မောင်းနှင်မှု နည်းပညာများကတော့ မပါမဖြစ်ပေါ့။ မြို့တွင်းလမ်းမှာ မောင်းတဲ့ အရှိန်နှုန်းနဲ့ဆိုရင် လာမယ့်ဘေးကို ကြိုတင် ထောက်လှမ်းပါတယ်။ အဲဒီအချိန်မှာ မောင်းသူက ဘရိတ်မအုပ်မိသည့်တိုင် ကားက အလိုအလျောက် ရပ်တန့်သွားပါတယ်။ အဲဒါကို City Safety System လို့ ခေါ်ပါတယ်။

ဆွီဒင်လက်ရာနဲ့ အိမ်စီး ဆီဒင်တစ်စီးအတွက် အတွင်းခန်းက ပျံ့နေမှာပဲလို့ သင်ကခန့်မှန်းပြီးသားမဟုတ်လား။ S80 က အမြော်အမြင်ရှိပြီး အသုံးတည့်တဲ့ အတွင်းခန်းကို သယ်ဆောင်လာပါတယ်။ လူငါးယောက်စီး အိမ်စီးကားဟာ ယခင်နှစ်များနဲ့ပါဝင်ဖြည့်စွက်မှုမှာ သိပ်မကွာပေမယ့် သစ်ချသီးရောင်နဲ့ ကာကီဖြူနှစ်ရောင်စပ်ဟာ '၁၅ မော်ဒယ်လ်အတွက် လှပမှုတစ်ခုလို့ ဆိုရမှာပါ။လည်သာတွေလည်း အများကြီးသုံးထားတယ်။ ယာဉ်မောင်း ထိုင်ခုံဟာ ပါဝါနဲ့ ၈ မျိုး ရွှေ့ပြုနိုင်ပြီး မောင်းနှင်သူကိုမှတ်သားတဲ့ မှတ်ဉာဏ် ပါရှိတယ်။စက်ရပ်စက်နှိုး မောင်းနှင်မှု ရနိုင်ပြီး ပါကင်အကူဘက်ကင်မရာ၊ လျင်မြန်စွာ ခေါက်သိမ်းနိုင်တဲ့ ယာဉ်မောင်းဘေးဘက်ခရီးသည်ထိုင်ခုံ၊ ဟုမ်းလင့်ခ်နဲ့ တိုက်ရိုက်ချိတ်ဆက်ထားလို့ လုံခြုံစိတ်ချရတဲ့ နောက်ဖုံးတံခါး လော့ခ်စနစ်နဲ့ ဒစ်ဂျစ်တယ် သံလိုက်အိမ်မြှောင်လမ်းညွှန်စနစ်၊ ယာဉ်ကြောခြေရာခံ ချိန်ကိုက်အသိပေး စနစ်၊ ဗော်လ်ဗို ပရီမီယမ် အသံစနစ်(အနည်းဆုံး စပီကာ ၈ လုံးကနေ ၁၂ လုံးအထိပါဝင်)တွေကို T5 ပရီးမီးယားပလပ်စ်နဲ့ ပလက်တီနမ်တို့မှာ ရနိုင်တယ်။

အလယ်ခုံက ၇ လက်မဖန်သားပြင်ကို ဆန်းဆက်စ် ဆက်သွယ်ရေးစနစ်နဲ့ တွဲပေးထားပါတယ်။ ဖန်သားပြင်ဟာ ပါးလွှာတဲ့ နောက်ဆုံးပေါ် TFT(thin-film transistor) ဖြစ်တာမို့ အသုံးပြုရ လွယ်ကူပြီး ရေရှည်အကြမ်းခံတယ်။ ယာဉ်မောင်းနဲ့ ကားအကြားက ဆက်သွယ်မှုမှာ ပိုမို ထိရောက်မြန်ဆန်မှုရှိစေတယ်။ ယာဉ်မောင်းက တောင်းဆိုတဲ့ ဖျော်ဖြေရေးစနစ်တွေအပြင် ကားမှာဖြစ်ပေါ်နေတဲ့ အခြေအနေအားလုံးကို သတင်းပေးပို့နေပါတယ်။ ကွေ့ကြော အချက်ပြမီးတွေကအစ LED မီးတွေပါပဲ။ကားရဲ့ လေစစ်က လေဝင်လေထွက် ကောင်းစေပြီး အမှိုက်သရိုက်နဲ့အနည်အမှုန်ကင်းပြီးသန့်ရှင်းစေတဲ့ pollen filter ကို သုံးထားတယ်လို့ သိရတယ်။ သီးခြား မှာယူစာရင်းမှာတော့ မက်တဲလစ် မှုတ်ဆေး၊ နေကာမျက်နှာကြက်ပါဝါအမိုး၊မျက်ကွယ်အန္တရာယ် သတိပေး စနစ်နဲ့ အမျိုးမျိုးသော အလှိုင်းဘီးခွေ ဒီဇိုင်းတွေ ပါဝင်တယ်။

ဗော်လ်ဗို S80 ရဲ့ ယာဉ်လုံခြုံရေး စနစ်မှာ လမ်းဖြတ်ကူးသူနဲ့ စက်ဘီး/ဆိုင်ကယ်တွေ ရှိရင် သတိပေးတဲ့စနစ်ကို သီးခြား ထည့်သွင်းထားပါတယ်။ ရှေ့ဆင့်/နောက်ဆင့် ကားတွေကြားမှာ ရှိရမယ့် အကွာအဝေး သတိပေးတာ၊ အေးတဲ့ဥတုမှာ အတွင်းခန်းအနွေးဓာတ်ပေးတာ၊ အရန် မီးမောင်းကြီးနဲ့ လမ်းညွှန်အမှတ်အသားဖတ်ရှုပေးတာ စတဲ့ ဝန်ဆောင်မှုတွေကို Technology Package ထဲမှာရနိုင်ပါတယ်။ အရေးပေါ် ဘရိတ်စနစ်နဲ့ ဆိုဒ်ပြည့် ဘေးခန်းဆီး လေအိတ်တွေဟာ S80 ကားအားလုံးမှာ ထုတ်လုပ်စဉ်ကတည်းက ပါဝင်လာပြီးသားဖြစ်ပါတယ်။

၂၀၁၅ ဗော်လ်ဗို S80 ဈေးနှုန်းကို အမေရိကန် ဒေါ်လာ ၄၀,၀၀၀ ဝန်းကျင်ကနေ စတင်တယ်လို့ သိရပါတယ်။၂၀၁၄ ရုပ်ထွက်ကို ပြန်လည်ဆန်းသစ်လိုက်တဲ့ '၁၅ S80 ဟာ အင်ဂျင်အသစ်၊မောင်းနှင်မှုပုံစံအသစ်နဲ့ အားသစ်လောင်းလိုက်ပါပြီ။ တကယ်တော့ ၂၀၁၅ S60 နဲ့ V60 တို့လည်းပဲ Drive-E နဲ့ ရွေ့လျားကြမှာပါ။ S80 T5 မော်ဒယ်လ်သစ်မှာ ဘရိတ်ကနေ စွမ်းအင်ပြန်လည် ရယူနိုင်တဲ့ နည်းပညာလည်း ပါဝင်လာပါတယ်။ ပြိုင်ကားဆန်တဲ့ အောက်ခံချက်စီအိမ်ကိုမှ လိုချင်သူတွေ အတွက် သီးခြား Package ရှိတယ်။

ဗော်လ်ဗိုကားတွေဟာ ယာဉ်လုံခြုံရေးစနစ်မှာ နာမည်ကောင်း ရပြီးသားပါ။အခုတော့ ဆွီဒင်ဗော်လ်ဗိုရဲ့ ရှယ်ယာတွေကို တရုတ်လုပ်ငန်းတစ်ခုက ပိုင်ဆိုင်ထားပါသတဲ့။ဇိမ်ခံကားတစ်စီးရဲ့ အရည်အသွေးပိုင်းရော၊ နည်းပညာပိုင်းမှာပါ ဗော်လ်ဗိုက မလျော့သေးတာ အမှန်ပါပဲ။အကြီးမားဆုံး လိုအပ်ချက်ကတော့ ရုပ်ထွက်ပါ။ 2015 S80 ဟာ ဈေးကွက်မှာ ရုပ်ထွက်နဲ့ ဆွဲဆောင်ဖို့ မျက်နှာဖုံး လှလှတပ်လိုက်တဲ့ ဆီဒင်တစ်စီးပဲဖြစ်ပါတယ်။ Source:Internet

**အယ်လင်နော်**









ကမ္ဘာ့နောက်ဆုံးပေါ်နည်းပညာသစ် XTL Technology
ဖြင့်ထုတ်လုပ်ထားသော ဂျာမနီ အင်ဂျင်ဝိုင်

FUCHS














Myanmar First Asia (Oil Change Centre) ရန်ကုန်မြို့။
Ph: 09 470 39673, 09 425008111-222




လမင်း (ဝင်းနိုင်) Car service Centre တောင်ကြီးမြို့။
Ph: 09 492 44902, 09 360 17542

FUCHS Lubricants ကို မည်သည့်ဆိုင်တွင်ဝယ်ယူသည်ဖြစ်စေ ရန်ကုန်မြို့၊ ဆရာစံလမ်းရှိ Myanmar First Asia (Oil Change Centre) နှင့် တောင်ကြီးမြို့ အမှတ် (၈/၃၃၁)၊ ဝေရတ်လမ်း၊ ချမ်းမြသာစည်ရပ်၊ နဂါးပွက်ကျောင်းမြောက်ဘက်မုခ်အနီးရှိ လမင်း(ဝင်းနိုင်) Car Service Centre ဆိုင်တို့တွင် လက်ခမဲ့ လဲလှယ်နိုင်ပါသည်။

## Audi RS6 Avant



အော်ဒီကားတွေထဲမှာ RS6 Avant က ပြိုင်ကားအဆန်ဆုံး ဝက်ဂွန်တစ်စီးပါ။ ဂျီနီဗာပြပွဲမှာ သူ့ကို အနက်ရောင်အနေနဲ့ ပွဲထုတ်လိုက်တဲ့အခါ မီးရောင်ထိန်ထိန်ညီးနေတဲ့ ဒစ္စနေးကစားကွင်းထဲက ဘိုးလင်းဘောလုံးလေးလို တောက်တောက်ပပ လုံးလုံးဝန်းဝန်း ဖြစ်သွားပါတယ်။အနက်ရောင်စစ်စစ်မဟုတ်ပါဘူး။ သတ္တုမှုန်လေးတွေနဲ့ အပေါ်က နေထပ်အုပ်ထားတဲ့ အနက်ဖျော့ရောင်ပါ။ ဒီအရောင်ဟာ ပွဲတက်ဂါဝန်တွေမှာလည်းထင်ရှားတဲ့ အရောင်ဖြစ်တယ်။

## Tesla Model S



ငွေမင်ရောင်သာ မနေ့ကဆေးရောင်ဖြစ်ခဲ့တယ်ဆိုရင် ယနေ့အရောင်ဟာ နည်းပညာမြင့်အဖြူရောင်ပါပဲ။အဖြူနဲ့ အနက်ဟာ ကားဘော်ဒီဆေးရောင်စုံကမ္ဘာမှာ ကြီးစိုးနေဆဲဖြစ်ပြီး အဖြူရောင်ကကားသစ်တွေရဲ့ ဆွဲဆောင်မှုကို ၂ နှစ်ဆက်တိုက် လွှမ်းမိုးထားပါတယ်။ တက်စ်လာမော်ဒယ်လ် S ဟာ ၂၀၁၄ ခုနှစ်အတွက် သုံးစွဲသူ စိတ်ကြိုက် ၁၀ စီးမှာ စာရင်းဝင်ခဲ့ရတဲ့ အကြောင်းရင်းက သစ်လွင်တဲ့ ဆေးဖြူရောင်ကြောင့်ဆိုတာ မငြင်းနိုင်ပါဘူး။

## Gumpert Apollo



ဒီနှစ်ထဲမှာ ရေပန်းစားလာတဲ့ ကားဆေးရောင်တွေထဲမှာ နှစ်ရောင်စပ်တွေလည်းပါဝင်တယ်။ ဂမ်းပါ့အပိုလိုဆိုတာ ဆွဲဆောင်မှုမရှိဆုံးစာရင်းမှာ အမြဲလိုလိုရှိနေခဲ့တဲ့ စူပါကားတစ်စီးပါ။ အခုတော့ မထင်မရှားပြိုင်ကားလေးကအနီနဲ့ ခရိုမီယမ် နှစ်ရောင်စပ်ဝတ်ရုံခြုံပြီး အမြင်ဆန်းသစ်မှုတွေ ပြန်ပေးပါတယ်။ အဲဒီဆေးရောင်ဟာ ၂၀၁၄ ရဲ့ ၃၆၅ ရက်စလုံးမှာကြာရှည်ခံနေတော့မယ်လို့ ဂျီနီဗာပြပွဲမှာကတည်းက သုံးသပ်နေကြပါတယ်။

## Ford Mustang



ဖို့ဒ်မတ်စတန်က အစိမ်းရောင်ဝတ်စုံနဲ့ပေမယ့် ခပ်မှိန်မှိန်ပါပဲ။ ဘာကြောင့်လဲဆိုတော့ မာဆယ်ကားဖြစ်နေတဲ့ မတ်စတန်ဟာ တောက်တောက်ပပဝတ်စုံတွေနဲ့ ဘယ်တော့မှ လိုက်ဖက်လေ့မရှိလို့ပါ။ ဒါဟာ တစ်ချိန်တုန်းကမော်ဒယ် စိမ်း(ဖက်ဖူးစိမ်း)လို့ခေါ်တဲ့ ဖက်ရှင်အရောင်တွေ ခေတ်ပြန်လည်လာပြီဆိုတဲ့နိမိတ်လည်းဖြစ်ပါတယ်။ မတ်စတန်အတွက်တော့ ဖက်ဖူးစိမ်းက အပြာရောင်ထက်စာရင် ရိုးရိုးယဉ်ယဉ်၊ တည်တည်ငြိမ်ငြိမ်နဲ့ ပြိုင်ကားပိုဆန်နေပါတယ်။

ကိုယ်ထည် မှုတ်ဆေးအရောင်ဟာ ကားတစ်စီးရဲ့ဆွဲဆောင်မှုမှာ မြင်သာထင်သာရှိသလောက် လူတွေရဲ့ ပါးစပ်ဖျားမှာ မှတ်ချက်ပေးအနည်းဆုံး အကြောင်းခြင်းရာတစ်ရပ်ဖြစ်ပါတယ်။ ကားရဲ့ ရုပ်ထွက်၊ စက်စွမ်းအား၊ နည်းပညာ ထပ်မံဖြည့်စွက်ချက်တွေကို ဘယ်လောက်ပဲတခုတ်တရပြောကြပေမယ့် ကြည့်သူရဲ့အမြင်အာရုံထဲမှာ ဘော်ဒီဆေးသားကစပြီး ဆွဲဆောင်မှုရှိမနေရင် ကျန်တဲ့အချက်တွေကို သိလိုစိတ်က အလိုလိုလျော့နည်းသွားပါပြီ။ ဒါကြောင့်မို့ ကားထုတ်လုပ်သူတွေက ကားမော်ဒယ်လ်သစ်ကို မိတ်ဆက်တဲ့အခါတိုင်း ကားနဲ့လိုက်ဖက်မှုအရှိဆုံး ဆေးရောင်ကိုသာ နမူနာအနေနဲ့ ရွေးချယ်ပွဲထုတ်လေ့ရှိတာပါ။ ၂၀၁၄ ကားသစ်တွေအတွက် သူတို့ရဲ့ထုတ်လုပ်သူတွေက ဘယ်လိုအသွေးအရောင်တွေနဲ့ ဝတ်ရုံလှလှလေးတွေ ဆင်မြန်းပေးလိုက်တယ်ဆိုတာ လေ့လာကြည့်ရအောင်။ – – – – – – –

# 2014 မှာ ခေတ်စားလာမယ့် ဆေးရောင်စုံ ကားဝတ်ရုံ



## Mercedes-Benz S-Class



ဒီလို နှစ်ရောင်စပ်အရောင်ကို ဗာဆေးအက်ဒီးရှင်းလို့ ခေါ်ဝေါ်နေကြပါတယ်။ မာစီးဒီးစ်က ကားကိုဆေးမမှုတ်ချင်တော့ဘူး။ ရွှေပဲချလိုက်ပါတယ်။ အဲဒီအရောင်ဒီဇိုင်းကြောင့်ပဲ မာစီးဒီးစ် S-Class ချင်းတူရင် Base မော်ဒယ်လ်မှာတင် ယူရို ၂၆၅,၀၀၀ ဖြစ်သွားခဲ့ပါပြီ။ အဖြူနဲ့ ရွှေအိုရောင်ဟာ သိပ်ပြီး ထူးခြားမနေပေမယ့် သူ့ကိုအခြေခံပြီး S65 မော်ဒယ်လ်ကို အလားတူဆေးရောင်ခြယ်သလိုက်ရာမှာ သူ့ရဲ့ ဈေးနှုန်းကအမေရိကန်ဒေါ်လာ သန်းတစ်ဝက်ဖြစ်သွားပါတယ်။ ကားရဲ့အတွင်း၊ အပြင်မှာ သုံးစွဲထားတဲ့ ရွှေက အမေရိကန်ဒေါ်လာ ၄၃,၀၀၀ ဖိုး ရှိပါတယ်။ ရွှေရောင်နေရာမှာ ၂ လက်မပတ်လည်တစ်ကွက်ကို ရွှေသား ၁ ဂရမ်နဲ့ညီမျှပါတယ်။

## Rolls-Royce Wraith



ကမ္ဘာမှာ ရှားပါးမျိုးစိတ်ဖြစ်တဲ့ စစ္စလီရေငှက်တွေရဲ့ တိုင်တေနီယမ်မိုးပြာရောင်ပါ။ ဒီအရောင်ကို ရိုးလ်စ်ရွိုက်စ်က ရက်သ်အတွက် ဖွေဆော်ဦးအနေနဲ့မူပိုင်ယူလိုက်ပါပြီ။ဆေးရောင်နဲ့ သိပ်ကိုလိုက်ဖက်တဲ့ အမိုက်စားဘီးခွေဒီဇိုင်းကိုပါ ဖြည့်စွက်လိုက်ပါတယ်။ အပြာရောင်ကားတွေချည်းပဲ ယှဉ်ပြီးရပ်ထားရင်တောင် ရက်သ်ရဲ့ဝတ်ရုံက ပိုပြီးခန့်ညားနေပါတယ်။ ယမန်နှစ်ကတည်းက အိုင်တီနယ်ပယ်မှာ ခေတ်စားခဲ့တဲ့ အပြာရောင်တွေ ထုတ်ကုန်အမျိုးမျိုးမှာ စိမ့်ဝင်ပျံ့နှံ့ခဲ့ပေမယ့် ရက်သ်ရဲ့တိုင်တေနီယမ် မိုးပြာရောင်ကတော့ တစ်ရောင်တည်းပဲရှိပါသေးတယ်။

## Subaru XV Crosstrek



ဆူဘာရုကို လူသိများစေတဲ့ အချက်အလက်များစွာရှိခဲ့ပါတယ်။ ရဲတင်းတဲ့ ကားရုပ်ထွက်နဲ့လိုက်ဖက်တဲ့ ဆေးရောင်တောက်တောက်တွေကတော့ ဆူဘာရုရဲ့သင်္ကေတတစ်ခုဖြစ်နေခဲ့တာကြာပါပြီ။ XV Crosstrek အမြင့်ကားလေးကို ဈေးကွက်ယုံကြည်မှုရပြီးသားဖြစ်တဲ့ အင်ပရီဇာကားရဲ့ အောက်ခံလျှောက်လမ်းပေါ်မှာ တည်ဆောက်ခဲ့တာပါ။ သူ့ရဲ့ လိမ္မော်ရောင်ဝတ်ရုံလေးကို မြင်လိုက်ရင်ပဲ လူငယ်ဆန်တဲ့ အိမ်စီးကားလေးလို့ မှတ်ချက်ပေးချင်စရာကောင်းတယ်။

## Hyundai Veloster Turbo



တံခါးသုံးပေါက် နောက်ဖုံးဖွင့်ကားလေးကို ဒီကနေ့ခေတ်စားနေတဲ့အနက်ခြောက်ရောင် matte gray မှုတ်ပေးလိုက်တာဟာ လုံးဝခြားနားတဲ့ အမြင်သစ်တစ်ခုရသွားစေပါတယ်။ ကားတွေကြားထဲမှာ ထင်ပေါ်နေဖို့ဆေးရောင်ရွှန်းစိုနေမှမဟုတ်ဘူးလို့ ပြောနေသယောင်ပါပဲ။ အနက်ခြောက်ရောင်ဟာချိုးရာနည်းတဲ့ကားတွေထက်စာရင် ရှေ့ဘန်ပါအပိုက်ကြီးကြီး၊ ဘေးဘက်ဖောင်းလိုင်းအောက်က နံရိုးကြောင်းအမြောင်းတွေပါတဲ့ ကားတွေနဲ့ပိုပြီး လိုက်ဖက်မှုရှိတာ တွေ့ရပါတယ်။

## Lexus RCF GT3



လက်ဆပ်စ် RCF ပြိုင်ကားလောက် ဆေးရောင်ဦးစားပေးတဲ့ကားမရှိနိုင်တော့ပါဘူး။ အနီရဲရဲ၊ မိုးပြာရင့်ရောင်တွေဟာ အချိန်တိုအတွင်းမှာပဲ မှိန်ဆင်းရပါတော့မယ်။ ဘာကြောင့်လဲဆိုတော့ သက်တံ့ရောင်စုံပါးပါးခြယ်ထားတဲ့ အဖြူရောင်ပြိုင်ကား GT3 က ကျန်တဲ့ပြိုင်ကားတွေထက် မှုတ်ဆေးဖန်တီးမှုလက်ရာမှာ ပိုကောင်းလာလို့ဖြစ်ပါတယ်။ အောက်ခံဆေး အဖြူရောင်ဟာ တိုယိုတာရဲ့လက်ဆပ်စ် မူပိုင်အဖြူရောင်မှုတ်ဆေးတစ်မျိုးဖြစ်ပြီး စတ္တူကို ပေါင်းစပ်အသုံးပြုထားတယ်လို့ သိရပါတယ်။

## Mini Cooper



မီနီကူးပါးကို ဆေးရောင်စုံနဲ့ တွေ့ဖူးပြီးပါပြီ။ ၂၀၁၄ ခုနှစ်ထဲမှာ ၂၀၁၅ မော်ဒယ်လ်အနေနဲ့ မိတ်ဆက်လိုက်တဲ့ ကားကိုပြပွဲတွေမှာတုန်းက အနီရောင်နဲ့ မိတ်ဆက်ခဲ့တာပါ။ အနက်ရောင်ပိတုန်းစင်းနှစ်ကြောင်းနဲ့ အဝါရောင်တောက်တောက်ကတော့ နောက်ပိုင်းမှာမှ သတင်းဝက်ဘ်ဆိုက်တွေပေါ် တက်လာတဲ့ ကားဆေးရောင်သစ် ဖြစ်ပါတယ်။ အနက်ရောင်ခေါင်မိုး၊ အဝါရောင်ကိုယ်ထည်ကိုပိုင်ဆိုင်ထားတဲ့ မီနီကူးပါးကို ရှွေငါးလို့အမည်ပေးထားကြပါတယ်။

Source:Internet

စန္ဒီယဉ်နွယ်

# အရက်သောက်၍ ကားမောင်းမှုကြောင့် ဖြစ်ပေါ်သည့် ယာဉ်တိုက်မှုများတွင် ကလေးငယ်များ အများဆုံးသေဆုံးနေ



အမေရိကန် ပြည်ထောင်စုရှိ Northwestern ယူနီဗာစတီမှ သုသေတနပြုလုပ်သူများ၏ အဆိုအရ အမေရိကန်တွင် အရက်သောက်၍ ကားမောင်းမှုကြောင့် ဖြစ်ပေါ်သည့် ယာဉ်တိုက်မှုသုံးမှုတွင် ကလေးငယ် နှစ်ဦး သေဆုံးလျက်ရှိသည်ဟု သိရှိရသည်။

သုသေတနအဖွဲ့ကို ဦးဆောင်သူ ဒေါက်တာ Kyran Quinlan သည် သုသေတနပြုလုပ်ရာတွင် အထောက်အကူပြုရန်နှင့် ယာဉ်တိုက်မှုများကို ထိန်းချုပ်ကာကွယ်တားဆီးနိုင်ရန်အတွက် ဗဟိုပြည်ထောင်စုအစိုးရ အာဏာပိုင်များကို အကူအညီတောင်း၍ လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုလောက်က ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုဖြစ်စဉ်များ၏ အခြေခံအကြောင်းရင်းအချက်အလက်များကို ရှာဖွေစုဆောင်းရယူခဲ့သည်။

ရယူခဲ့သည့် အကြောင်းရင်း အချက်အလက်များကို လေ့လာရာတွင် ယာဉ်တိုက်မှုဖြစ်စဉ်များ၏ အခြေခံအကြောင်းရင်းမှာ အရက်သောက်၍ ကားမောင်းခြင်းကြောင့်ဖြစ်နေသည်။ ထို ယာဉ်တိုက်မှုများကြောင့်လည်း သေဆုံးသူအရေအတွက်မှာ မြင့်တက်လျက်ရှိနေပြီး အများဆုံးသေဆုံးသူ အရေအတွက် ကလေးငယ်များဖြစ်ကြောင်း တွေ့ရှိရသည်။

"အများအားဖြင့်တော့ ကားတစ်စီးထဲမှာ ရှိနေတဲ့လူတွေအားလုံးက မိသားစုဝင်တွေပဲလို့ မဆိုနိုင်ပါဘူး။ တစ်ယောက်က ယာဉ်မောင်းဖြစ်ပြီး ကျန်တဲ့လူတွေကလည်း ခရီးသည်တွေ ဖြစ်နိုင်ပါတယ်။ အရက်သောက်ပြီး ယာဉ်မောင်းတဲ့အတွက်ကြောင့် ယာဉ်တိုက်မှုဖြစ်ပြီး အဲဒီ ယာဉ်တိုက်မှုဖြစ်စဉ်ရဲ့ ၇၀ ရာခိုင်နှုန်းလောက်မှာဆိုရင် အရက်မူးနေတဲ့ ယာဉ်မောင်းက အသက်ရှင်နေတာကို တွေ့ပါတယ်"ဟု ဒေါက်တာ Quinlan မှ ပြောကြားသည်။

ထပ်မံတွေ့ရှိချက်အရ ကလေးငယ်များသေဆုံးရာတွင် အဓိက ပါဝင်သည့် အကြောင်းရင်းတစ်ရပ်မှာ ကလေးငယ်များကို ထိုင်ခုံခါးပတ်များ ပတ်ထားပေးခြင်း မရှိသည့်အတွက်ကြောင့်ဟု သိရှိရသည်။

အာဏာပိုင်အဖွဲ့အစည်း၏ အချက်အလက်အရ ယခင် ၂၀၁၀ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုဖြစ်စဉ်များတွင် ကလေးငယ် ၁,၂၁၀ ဦး (၁၅ ရာခိုင်နှုန်း) ပါဝင်နေပြီး သုတေသနအဖွဲ့၏ ရှာဖွေတွေ့ရှိချက်အရ ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကလေးငယ်သေဆုံးမှုဦးရေမှာ ၂,၃၄၄ ဦး (၆၅ ရာခိုင်နှုန်း)ခန့် ရှိနေကြောင်း သိရှိရသည်။ ■

## ဖီယတ် –ခရိုက်စလာက မြောက်အမေရိကတွင် ကားထောင်ပေါင်းများစွာ ထုတ်လုပ်မည်

ဖီယတ်–ခရိုက်စလာ ကားထုတ်လုပ်ရေးမှ ပြည်တွင်း ပြည်ပ ကမ္ဘာအနှံ့ရှိ ကားဈေးကွက်အတွင်းသို့ ချပြနိုင်ရန်အတွက် လာမည့် ၂၀၁၈ ခုနှစ်အတွင်း မြောက်အမေရိကတွင် ကားအစီးရေ ထောင်ပေါင်းများစွာ ထုတ်လုပ်သွားရန် စီစဉ်နေကြောင်း သိရှိရသည်။

ထုတ်လုပ်ရေးသည် ယခင် ၂၀၁၃ ခုနှစ်အတွင်း ဥရောပတိုက်တွင် ကားအစီးရေ ၂ ဒသမ ၁ မီလျံကို ထုတ်လုပ်နိုင်ခဲ့ပြီး လာမည့် ၂၀၁၈ ခုနှစ်အတွင်း မြောက်အမေရိကတွင် ကားအစီးရေ ၂ ဒသမ ၆ မီလျံ ထုတ်လုပ်သွားရန် မျှော်မှန်းထားသည်။ ပြီးခဲ့သည့်နှစ်အတွင်း ပြည်ပနိုင်ငံများသို့ ကားအစီးရေ ၃၂,၀၀၀ စီး တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှာတော့ ကားအစီးရေ ၃၆၀,၀၀၀ စီးအထိ တင်ပို့နိုင်ရန် စီစဉ်ထားပြီး မြောက်အမေရိက၏ တင်ပို့မှု ကျယ်ပြန့်လာစေရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ လာမည့် ငါးနှစ်တာ ကာလတွင်း မြောက်အမေရိက၏ ထုတ်လုပ်မှုနှင့် ရောင်းချမှု ခန့်မှန်းခြေအချက်အလက်များနှင့် ကုမ္ပဏီ၏ အစီအစဉ်များကို ကားစိစစ်ဆန်းစစ်ရေးအဖွဲ့နှင့် သတင်းမီဒီယာများကို ထုတ်ဖော်ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ကားလောကလေ့လာသူများမှ မြောက်အမေရိက၏ ရောင်းအားမှာ အယ်လ်ဖာရိုမီယိုအပါအဝင် နှစ်စဉ် ကားအစီးရေ ၁၅၀,၀၀၀ အထိ ရောင်းချနိုင်ဖွယ်ရှိနေပြီး လာမည့်ငါးနှစ်တာကာလအတွင်း ကားအစီးရေ ၃ ဒသမ ၁ မီ လျံအထိ မြင့်တက်လာနိုင်သည်ဟု မှတ်ချက်ပြုထားသည်။

ဖီယတ်ခရိုက်စလာ၏ စီအီးအိုဖြစ်သူ ဆာဂျီယိုမာချီယွန်နီမှ

"ကျွန်တော်တို့အနေနဲ့ လွန်ခဲ့တဲ့ ၂၀၀၉ ခုနှစ်လောက်ကတည်းက ကုမ္ပဏီရဲ့ အစီအစဉ်တွေကို မြောက်အမေရိကမှာ လုပ်ဆောင်နေခဲ့တာပါ။ အနာဂတ်ကာလတွေမှာလည်း ဝယ်ယူသူတွေအတွက် ကောင်းမွန်တဲ့ အရာတွေကို သယ်ဆောင်ပေးနိုင်ဖို့ အလားအလာကောင်းတွေရှိပါတယ်" ဟု ဆိုသည်။ ■

## ဗင်နီဇွဲလား၏ငွေကြေးချို့တဲ့မှု ပြဿနာရပ်များကြောင့် ဖို့ဒ်မှ ကားထုတ်လုပ်ခြင်းကို ခေတ္တရပ်ဆိုင်းမည်




ကမ္ဘာ့နံပါတ်နှစ်နေရာတွင် ရပ်တည်လျက်ရှိသည့် အမေရိကန်ကားထုတ်ရေးဖို့ဒ်မှ ဗင်နီဇွဲလားနိုင်ငံ၏ ငွေကြေးချို့တဲ့မှုပြဿနာများ ရင်ဆိုင်နေရခြင်းကြောင့် နိုင်ငံအတွင်းရှိ ကားထုတ်လုပ်ရေးစက်ရုံအတွက် လိုအပ်သည့် ကားအစိတ်အပိုင်းများ ထောက်ပံ့ခြင်းကို ရပ်ဆိုင်းရန် ဆုံးဖြတ်ထားကြောင်း စက်ရုံရှိ အလုပ်သမားများ၏ ပြောကြားချက်အရ သိရသည်။

ဖို့ဒ်မှ ကားထုတ်လုပ်ရေးစက်ရုံကို အတိအလင်းပြောကြားခြင်းမရှိသေးဘဲ လျှို့ဝှက်သိုသိပ်စွာဖြင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းထားခြင်းဖြစ်သော်လည်း အစိုးရအဖွဲ့အစည်းများမှ စက်ရုံရပ်ဆိုင်းထားခြင်းကို အတည်ပြုထားပြီး ဒီလို ရပ်ဆိုင်းထားရခြင်းနဲ့ ပတ်သက်၍လည်း ဖို့ဒ်၏အမှုဆောင်အရာရှိနှင့် တွေ့ဆုံ၍ စက်ရုံပြန်လည်လည်ပတ်နိုင်ရန်နှင့် နိုင်ငံ၏ငွေကြေးအခက်အခဲများကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ အစိုးရဝန်ကြီးများ၏ တရားဝင်ထုတ်ဖော်ပြောကြားများအရ တိုင်းပြည်တွင်းဖြစ်ပေါ်နေသော ငွေကြေးအကျပ်အတည်းများကြောင့် ယခုတစ်ပတ် အတွး ဖို့ဒ်အား ပေးချေရန် အမေရိကန်ဒေါ်လာ ၂၀ မီလျံ ကြွေးတင်ကျန်ရှိနေကြောင်း သိရသည်။

ဖို့ဒ်သည် ဗင်နီဇွဲလားရှိ ကားစက်ရုံအတွက် ယခုနှစ် ပထမသုံးလတာ ကာလအတွင်း ကားအစီးရေ ၄၉၉ စီးစာအတွက် တပ်ဆင်ရန် ပစ္စည်းအစိတ်အပိုင်းများကို တာဝန်ယူပေးခဲ့သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီလက တိုယိုတာကားထုတ်လုပ်ရေးသည်လည်း ဖို့ဒ်နည်းတူ ဗင်နီဇွဲလား၏ ငွေကြေးပြဿနာကြောင့် ပြည်တွင်းကားထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

နိုင်ငံတကာ ကားထုတ်လုပ်ရေးအဖွဲ့အစည်း၏ တင်ပြချက်အရ ဗင်နီဇွဲလားနိုင်ငံသည် ယခင်နှစ် ပထမသုံးလတာ ကာလအတွင်း၌ ကားအစီးရေ ၁၄,၃၁၆ စီးထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုနှစ်ပထမသုံးလတာကာလတွင် ကားအစီးရေ ၃,၄၂၄ စီး (၇၆ ရာခိုင်နှုန်း)သာ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားနိုင်ငံရှိ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအများစုမှာ အစိုးရ၏ ဆိုရှယ်လစ်ငွေကြေးထိန်းချုပ်မှု အခြေအနေများနှင့် ငွေကြေးပေးချေမှု နှောင့်နှေးကြန့်ကြာမှုများကြောင့် လုပ်ငန်းများ ရပ်ဆိုင်းထားနေရပြီး ကုန်ပစ္စည်း တင်သွင်းမှုအခြေအနေများမှာလည်း တားဆီးမှုများဖြစ်ပေါ်နေကြောင်း သိရသည်။ ■

## ခေတ်ရေ့ပြေးကာလများတွင် ယာဉ်မောင်းသူတို့အတွက် ပိုမိုလွယ်ကူသည့် နည်းပညာများ ဖန်တီးပြုလုပ်လာကြ

ကမ္ဘာတလွှားရှိ ကားထုတ်ရေးများစွာတို့သည် တိုးတက်မှု မြင့်မားလာသည့် နည်းပညာစစ်ပွဲကြီးတွင် မတူညီတဲ့ ပြောင်းလဲမှုတွေနဲ့အတူ သုံးစွဲသူတွေ အကြိုက်တွေ့စေရန်အတွက် ဒီဇိုင်းနည်းပညာတွေကို ကြိုးစားမှုပြင်းထန်စွာနဲ့ လေ့လာတီထွင်လာကြတယ်။

နိုင်ငံတစ်ဝန်းမှာရှိနေတဲ့ ကားဝါသနာအိုးတွေကတော့ ယာဉ်မောင်းသူတွေအတွက် တကယ်ကို တိုးတက်မြင့်မားတဲ့ နည်းပညာသစ်တွေကို တစ်ပွေ့တစ်ပိုက်ကြီး အသိအမှတ်ပြုလက်ခံယုံကြည်လာရပါတယ်လို့ ဆိုပါတယ်။

ယခုမျက်မှောက်ခေတ်မှာ ရရှိလက်ခံလာရတဲ့ နည်းပညာတွေက အသက်အရွယ် အပိုင်းအခြားအလိုက်ရော မသန်စွမ်းသူတွေအတွက် အမှန်တကယ်အသုံးတည့်ပြီး အသက်အန္တရာယ်ကိုပါ လုံခြုံမှု ပေးစွမ်းလာနိုင်ပါတယ်။ နောက်ထပ်ကြီးမားတဲ့ အခွင့်အလမ်းကို မကြာမီအချိန်အတွင်းမှာ လက်ခံရရှိလာတော့မှာပါ။ အဲဒါကတော့ မောင်းသူမဲ့ (self-driving) ကားတွေပဲဖြစ်ပါတယ်။

ခရိုက်စလာ ကားထုတ်ရေးရဲ့ အင်ဂျင်နီယာ Marilyn Vala က

"လူဦးရေ ၅၅ ရာခိုင်နှုန်းမှာဆိုရင် ၄၀ ရာခိုင်နှုန်းလောက်က ငွေကြေးအမြောက်အများ သုံးစွဲပြီး အဆင့်မြင့်နည်းပညာတွေ ပါဝင်တဲ့ကားသစ်တွေကို ဝယ်ယူ သုံးစွဲချင်ကြပါတယ်။ လူအယောက် ၆၅ ယောက်ကျော်ကို ကြိုတင်ခန့်မှန်းကြည့်မယ်ဆိုရင် ပုံမှန် ကားလေးကြိမ်ဝယ်ရင် တစ်ကြိမ်ကတော့ ဈေးအကြီးဆုံး အကောင်းဆုံး အသစ်ဆုံးတစ်စီးကိုတော့ ဝယ်ယူဖြစ်ကြပါတယ်"ဟု ဆိုတယ်။

"မော်တော်ယာဉ်သုံးစွဲသူတွေက ကားတစ်စီးကို အသုံးပြုတော့မယ်ဆိုရင် နည်းပညာတွေရဲ့ အလိုအလျောက် အလုပ်လုပ်တာတွေကို အလိုရှိလာကြတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လူတိုင်း ယုံကြည်လက်ခံလာနိုင်မယ့် နည်းပညာတွေကို ဖန်တီးနေပါတယ်။ နောက်ပြီး အမေရိကန်ပြည်ထောင်စုမှာ ရှိနေတဲ့ မသန်စွမ်းယာဉ်မောင်းသူ ၄၇ မီလျံအတွက်လည်း နည်းပညာတွေ ဖန်တီးပြုလုပ်သွားမှာပါ"ဟု Coporate innovation and design Visteon ၏ ဒါရိုက်တာဖြစ်သူ Richard Vaughan မှ ပြောကြားပါတယ်။ ■




## လာမည့် ၂၀၁၆ အတွက် ဘီအမ်ဒဗလျူမှ မော်ဒယ်လ်သစ် i9 ထွက်ရှိမည်ဟု သတင်းများထွက်ပေါ်

ဂျာမန်ကားထုတ်လုပ်ရေး ဘီအမ်ဒဗလျူမှ လာမည့်နှစ်များအတွင်း ဈေးကွက်အတွင်းသို့ i9 မော်ဒယ်လ်အမျိုးအစားသစ်ကို ထုတ်လုပ်သွားရန် စီစဉ်နေကြောင်း ထုတ်လုပ်ရေးမှ တရားဝင်ထုတ်ဖော်ပြောကြားခြင်း မရှိသေးသော်လည်း ဘီအမ်ဒဗလျူ၏ ဘလော့စ်ဆိုက်တွင် တင်ပြထားချက်အရ သိရှိရသည်။

ထွက်ပေါ်နေသည့် သတင်းများအရ ဘီအမ်ဒဗလျူမှ i3 နှင့် i8 စပို့ကားများ ထွက်ရှိခဲ့ပြီးနောက် 'i' စီးရီးကို တိုးတက်ဖွံ့ဖြိုးစေရန်အတွက် မကြာမီ ထွက်ရှိမည့် မော်ဒယ်လ်အမျိုးအစားသစ်ကို i9 ဟု အမည်ပေးထားခြင်းဖြစ်ပြီး တံခါးလေးပေါက် စပို့ကားပုံစံဖြစ်သည်။

ထွက်ရှိပြီးသည့် i8 စပို့ကားကို အခြေခံ တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့် ၂၀၁၆ ခုနှစ်တွင် ထွက်ရှိလာမည်ဟု မျှော်မှန်းထားသည်။ မော်ဒယ်လ်သစ်ကို ပေါ့ပါးသည့် ကာဗွန်ဖိုက်ဘာဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး အခြား အခွင့်အရေးတစ်ခုအနေဖြင့် ဟိုက်ဘရစ်စွမ်းအင်ကို သုံးစွဲနိုင်မည်ဖြစ်သည်။

စက်၏စွမ်းဆောင်ရည်မှာ i8 ကဲ့သို့ပင် ၁ ဒသမ ၅ လီတာ ဆလင်ဒါသုံးလုံးတပ် နှစ်ထပ်တာဘိုအင်ဂျင်ကို တပ်ဆင်ပြီး အပိုအနေဖြင့် လီသီယံအိုင်းယွန်းဘက်ထရီနှင့် လျှပ်စစ်မော်တာတို့ ပါဝင်မည် ဖြစ်သည်။ မြင်းကောင်ရေ ၃၆၂ ကောင်နှင့် အင်ဂျင် ရုန်းအား ၄၂၀ ပေါင်–ပေ ထွက်ရှိမည်ဖြစ်ပြီး အခြားအသေးစိတ်အချက်အလက်များကိုတော့ လောလောဆယ် ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ထုတ်လုပ်ရန် သေချာပြီဆိုမှသာလျှင် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ယဉ်ထွေး၊ စုစည်း၊ တင်ပြသည်


E-PO The Eastern Pacific Ocean Co., Ltd
GENERAL TRADER
Hyundai Porter II
1 Ton Light Truck
KIA BONGO III
1 Ton Light Truck
Hyundai Porter II
1 Ton Box Truck
Hyundai Equus
Model 2002
Hyundai / KIA
45 seaters Express
Hyundai City Bus
Model 2003 - 2013 (Diesel / CNG)
Hyundai Grand Starex
2008 - 2013 (Model 12 Seaters Diesel)
Hyundai Starex (12 Seat)
2007 - 2013
Customer များအလိုရှိသော ကားမျိုးစုံကိုဈေးနှုန်းသက်သာစွာဖြင့် အချိန်တိုအတွင်း ရှာယူပေးနေပြီဖြစ်ပါသည်။ကိုရီးယားရုံးချုပ်မှ ကားCondition ကိုသေချာစစ်ဆေးပြီး ရောင်းချပေးနေသည့်အတွက် ကားQuality နှင့် စက်ပိုင်းဆိုင်ရာကို ယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူနိုင်ပါပြီ။
အမှတ် (၁၅၉)၊ ခရေပင်လမ်း၊ (၂က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၂၁၇၄၂၈၃၂၊ ၀၉ ၄၃၂၀၇၆၄၃၊ ၀၉ ၄၃၁၆ ၂၀၅၄၊ ၀၉ ၄၂၅၂ ၈၆၈၉၀၊ ၀၁ ၆၃၆၉၄၄
နံပါတ်အနီအနက် (၂) မျိုးလုံးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။
KBZ Bank
ခရေပင်လမ်း
EPO
ပြည်လမ်း


KM Korea Myanmar
အရောင်းတာဝန်ခံ
ဇာခြည်
09- 420247356
အရောင်းတာဝန်ခံ
ထက်ထက်
09- 421029694
Hot Line.09 250514886
GRX Starex(12 Seats,AT,MT)
Bongo Coach
အကျိုးတော်ဆောင်များကိုလည်း KM မှ ကြိုဆိုပါသည်။
Bongo III (Double Cab)
Hyundai Porter II(Double Cab)
Hyundai Porter II
Libero
Service (6) လ၊ ကီလိုမီတာ (10000) အတွင်း အင်ဂျင်နှင့် ဂီယာဘောက်အား အခမဲ့ဝန်ဆောင်မှုပေးနေပါသည်။
Box Truck
County Bus
SPECIAL DISCOUNT
Porter II,Bongo III(1,1.4 Ton,Light Truck များနှင့် Bongo III (DoubleCab), Porter II (Double Cab) များကို အထူးဈေးနှုန်းချိုသာစွာဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျ ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
အရောင်းတာဝန်ခံ
ရဲမြတ်သွေး
09-31631686
အမှတ်(၆)၊အေ၀မ်းလမ်း၊မင်္ဂလာဒုံစက်မှုဇုံ၊အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။
No(6/7),A-1 St,Mingalardon Industrial Zone (Near Aung Mingalar Highway Bus Center), Mingalardon Township,Yangon,Myanmar.
Contact : 09 250126259

ပျော်ပြေရေး

# MILLION DOLLAR ARM




ဒေါ်လာ သန်းချီတန်တဲ့ ရွှေလက်ဟာ ဖြစ်ရပ်မှန် အမေရိကန်ဒရာမာကားပါ။ ဘေ့စ်ဘော ကစားသမားတွေဖြစ်တဲ့ ရင်ကူးဆင်းနဲ့ ဒီးနက်ရှ်ပတယ်လ်တို့အကြောင်းကို ဇာတ်အိမ်တည်ထားတာဖြစ်ပါတယ်။

သူတို့ကို ရှာဖွေတွေ့ရှိခဲ့သူက ဘေ့စ်ဘောအေးဂျင့် ဂျေဘီဘန်းစတိန်း (ဂျွန်ဟမ်း)ဆိုသူပါ။ သူက အားကစား ကိုယ်စားလှယ်အလုပ်မှာ အဆင်မပြေမှုတွေနဲ့ ရင်ဆိုင်နေရတာမို့ ဘေ့စ်ဘော ဘောလုံးကို တစ်ဖက်လူဆီ အားမာန်အပြည့်နဲ့ ကျွမ်းကျင်စွာ လွှဲပစ်နိုင်မယ့် သူတွေကိုရှာဖွေဖို့ အိန္ဒိယကို ခရီးထွက်လာခဲ့ပါတယ်။ အိန္ဒိယမှာ ကစားသမားတွေကိုရှာဖို့ ဖြစ်လာရတာက တီဗီမှာထုတ်လွှင့်ပြသနေတဲ့ ခရစ်ကတ် ကစားပွဲတစ်ပွဲကို သတိထားမိခဲ့လို့ ဖြစ်ပါတယ်။

ဒီလိုနဲ့ပဲ ဂျေဘီက ထက်မြက်တဲ့ ဘေ့စ်ဘောကင်းထောက်တစ်ဦးနဲ့ အတူ မွမ်ဘိုင်းမြို့ကြီးကို ရောက်လာပါတယ်။အဲဒီနောက်သူကပြိုင်ပွဲတစ်ခု စတင်လိုက်ပါတယ်။ အိန္ဒိယက ခရစ်ကတ်ကစားသမားတွေကို ဖိတ်ခေါ်ပြီး အတော်ဆုံး ခရစ်ကတ် စပေးဘောသမားကိုရွေးချယ်မယ့်အစီအစဉ်ကိုစတင်လိုက်တဲ့အခါ ရည်မှန်းချက်ကြီးတဲ့ အားကစားသမား ၄၀,၀၀၀ လောက် ဝင်ပြိုင်တာ တွေ့ရတယ်။ အဲဒီ ပြိုင်ပွဲကို Million Dollar Arm လို့ အမည်ပေးလိုက်ပါတယ်။

ပြိုင်ပွဲမှာ အနိုင်ရသူက အမေရိကန်က ဘေ့စ်ဘော ပွဲကြီး ပွဲကောင်းတွေမှာ ယှဉ်ပြိုင်ကစားခွင့်ရမှာ ဖြစ်တယ်။

အဲဒီလို ပြိုင်ပွဲ ကျင်းပလိုက်တော့ လူငယ်လေး နှစ်ဦးက ပြိုင်ပွဲဖယားရဲ့ ထိပ်ဆုံးနေရာတွေကို ရောက်လာပါတယ်။အသက် ၁၈ နှစ် အရွယ်ရှိကြတဲ့ ရင်ကူးနဲ့ ဒီးနက်ရှ် တို့ကို ဂျေဘီက ရွေးချယ်ခဲ့တယ်။ ဂျေဘီက သူတို့နှစ်ဦးအတွက် မျှတမှုရှိအောင် အထူး သင်တန်းပေးနိုင်မယ့် ဆရာတစ်ယောက်ရဲ့လက်ထဲကို အပ်ပါတယ်။ ထရိန်နင်ပေးပြီးသင်ကြားပေးသူ တွမ်ဟောက်စ် နေရာမှာ ဝါရင့် မင်းသားကြီးဘီလ်ပက်စ်တန်က သရုပ်ဆောင်ပါတယ်။

အိန္ဒိယက လူငယ်လေး နှစ်ယောက်ဟာ အမေရိကကိုရောက်သွားတဲ့အခါ မတူညီတဲ့ ယဉ်ကျေးမှုလှိုင်းကိုဖြတ်သန်းရပါတယ်။တွမ်ဟောက်စ်ထံမှာလည်း အမေရိကန်ဘေ့စ်ဘောကစားနည်းသစ်တွေကို သင်ယူရတယ်။ တစ်ချိန်တုန်းက ဘေ့စ်ဘောအေးဂျင့်အဖြစ် အောင်မြင်ဖို့သာ စိတ်ထက်သန်ခဲ့တဲ့ ဂျေဘီဟာ အိန္ဒိယ လူငယ်လေးနှစ်ယောက်ကို အားကစားလောကရဲ့ စင်မြင့်ပေါ် ပို့ပေးနိုင်ဖို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

ပြသချိန် ၂ နာရီ ရှိတဲ့ ဒီဇာတ်ကားကို မေ ၁၆ ရက်မှာ ဝေါ်ဒစ္စနေး စတူဒီယိုကနေ ဖြန့်ချိပြသပါမယ်။

**အိန်း**

# စတိဗ်မက်ကွင်း၏ ၆၇ ခုနှစ်ထုတ် ဖယ်ရာရီ အမေရိကန်ဒေါ်လာ ၈ သန်းခွဲ တန်ကြေးရှိ



၁၉၆၇ ခုနှစ်နွေရာသီတွင် The Thomas Crown Affair ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ထိုစဉ်က မင်းသားစတိဗ်မက်ကွင်းက ဇာတ်ဝင်ခန်းအတွက် အသစ်စက်စက် ဖယ်ရာရီ 275 GTB/4 ကို လိုချင်နေခဲ့သည်။

ကားဘော်ဒီ ဆေးသားမှာ ဝိုင်နီကဲ့သို့ အရောင်ရှိရမည်ဖြစ်ပြီး တယ်လီစကုပ် ရေဒီယိုတိုင်၊ ဒလက်အသေးကို အနစ်ပ်ထားသော ဘိုရာနီအလွိုင်းဘီးခွေများ၊ မည်သည့် ကားတွင်မျှမရှိသေးသည့် အထူးချုပ်ထိုင်ခုံများ၊ စိတ်ကြိုက်ပြန်ဆင်ထားသော ဘက်မှန်များနှင့်ဖြစ်ရမည်ဟု စတိဗ်ကတောင်းဆိုခဲ့သည်။

ထိုစဉ်က ဖယ်ရာရီ ပြိုင်ကားလေးမှာ ယခုအခါ အနည်းဆုံး အမေရိကန် ဒေါ်လာ ၈ ဒသမ ၅ သန်းရသင့်သည်ဟု ကားလေလံ ဈေးကွက်ကျွမ်းကျင်သူတို့က ခန့်မှန်းထားသည်။ ကားကို လာမည့် ဩဂုတ်တွင် အမေရိကန် ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်ရှိအာရ်အမ်မွန်ထရီ ကားလေလံပွဲ၌ ပါဝင်ပြသမည်ဟု သိရသည်။ ၂၀၁၄ ခုနှစ်မှ စတင်ရေတွက်လျှင် လာမည့် ၅ နှစ်အတွင်းမှာပင် ဖယ်ရာရီ ပြိုင်ကားအုပ်စုထဲတွင် မည်သည့် ကားနှင့်မျှ မတူသည့် တစ်စီးတည်းသော ကားအမျိုးအစားအဖြစ် ရှိနေဦးမည်ဟု သိရသည်။ ထိုစဉ်ကလည်း ဖယ်ရာရီပြိုင်ကားတည်ဆောက်မှုတွင် အရေးကြီးဆုံး ပြောင်းလဲမှုဖြစ်စဉ်တစ်ခုဖြစ်ခဲ့သည်။ ၃ ဒသမ ၃ လီတာ V12 အင်ဂျင်နှင့်ဖြစ်သည်။

ထုတ်လုပ်စဉ်ကအတိုင်း မဟုတ်ဘဲ ပြန်လည်ပြင်ဆင် တည်ဆောက်မှုများ ရှိသောကြောင့် '67 275 GTB/4 ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ စတိဗ်မက်ကွင်း ကိုယ်တိုင် စိတ်ကြိုက် ပြင်ဆင်ပြီးနောက်တွင် အဆိုပါ ဖယ်ရာရီကားမှာ နာမည်ကြီး အနုပညာရှင်များ လက်ပြောင်း ဝယ်ယူခဲ့ကြသေးသည်။ ယင်းကားနှင့်ဆင်တူသည့်ဖယ်ရာရီ 275 GTB/4 Nart Spider မှာ ယမန်နှစ် လေလံပွဲတွင် အမေရိကန် ဒေါ်လာ ၂၇ သန်းကျော် ရရှိခဲ့သည်။

**ဝိနီ**

# Jeepကားတွေ ရောင်းအားမြှင့်တင်ဖို့ မိုက်ကယ်ဂျက်ဆင်ရဲ့ သီချင်းသစ်နဲ့ ကြော်ငြာလွှင့်

ဖိယတ်–ခရိုက်စလာကားထုတ်လုပ်ရေးက ယခုသီတင်းပတ်ထဲမှာပဲ ကားနဲ့ ပတ်သက်တဲ့ ကြော်ငြာလေးမျိုးကို စတင်ထုတ်လွှင့်လိုက်ပါတယ်။ တစ်မျိုးကို စက္ကန့် ၃၀ ကြာမြင့်တဲ့ ကြော်ငြာတွေမှာ ကွယ်လွန်သူ ကမ္ဘာကျော် ပေါ့ပ်ဘုရင်ကြီး မိုက်ကယ် ဂျက်ဆင်ရဲ့ သီချင်းသစ်ကို အသုံးပြုထားတယ်လို့ သိရတယ်။

ဖိယတ်–ခရိုက်စလာရဲ့ အမှုဆောင်ချုပ် ဆာဂျီယိုမာချီယွန်နီက ဂျစ် (Jeep) ကားတွေကို ရောင်းအားသိပ်မြှင့်ချင်နေတယ်လို့ သိပ်မကြာသေးခင်ကမှ ပြောခဲ့သူပါ။ သူက Jeep ရောင်းအားနဲ့ ပတ်သက်ပြီး ၅ နှစ် စီမံကိန်း ဆွဲထားတယ်လေ။

ကားရဲ့ ဆွဲဆောင်မှုကို သိသာမြင်သာအောင် လုပ်ရမှာ မှန်ပေမယ့် လောလောဆယ်မှာတော့ ကြော်ငြာနဲ့ တာထွက်ကောင်းဖို့ စီစဉ်လိုပုံရတယ်။ ကြော်ငြာတွေကို Call of Summer နဲ့ Lovers of the Game စတဲ့အမည်တွေပေးထားပြီး မိုက်ကယ်ဂျက်ဆင်ရဲ့ Love Never Felt So Good သီချင်းကို ယူသုံးထားတာဖြစ်ပါတယ်။ အဲဒီ သီချင်းဟာ မိုက်ကယ်ဂျက်ဆင်ရဲ့ တေးအယ်လ်ဘမ်သစ် အနေနဲ့ ထွက်ရှိလာမယ့်အထဲက သီချင်းသစ် တစ်ပုဒ်ဖြစ်ပါတယ်။



ကြော်ငြာတွေထဲမှာ သရုပ်ဆောင်တဲ့သူက အမေရိကန်ကြေးစားဘက်စကတ်ဘောကစားသမား ကိုင်ရီအာဗင်လို့ ဆိုပါတယ်။ ကြော်ငြာအတွက် ဖိယတ်–ခရိုက်စလာက Epic Records ဇာတ်ပြားတိုက်၊ အမေရိကန် ဘက်စကတ်ဘော အသင်းတို့နဲ့ လက်တွဲလုပ်ဆောင်ခဲ့တာပါ။ ကြော်ငြာကို မေ ၈ ရက်နေ့ ညကတည်းက အမေရိကန်ဘက်စကတ်ဘောအသင်းက ကြီးမှူးကျင်းပတဲ့အမှတ်တူနောက်ဆုံး အသင်းနှစ်သင်းရဲ့ ဗိုလ်လုပွဲမှာ ထုတ်လွှင့်ပြသခဲ့တာ ဖြစ်ပါတယ်။

**အယ်လင်နှ**

# ကားထဲမှာလည်း ကင်မရာထားပြီး ကိုယ့်ကိုယ်ကို မှတ်တမ်းတင်တဲ့ ကင်မ်ကာဒက်ရှန်

အဆိုတော် ကန်းယေးဝက်စ်ရဲ့ ဇနီး ရုပ်သံကြယ်ပွင့်နဲ့ စူပါမော်ဒယ်တစ်ဖြစ်လဲ ကင်မ်ကာဒက်ရှန်ရဲ့အနက်ရောင် ရိုးလ်စ်ရွိုက်စ်ကားကို ကင်မရာကားလို့ ခေါ်နေကြပါတယ်။

ကာဒက်ရှန်က သူတို့ရဲ့ ထုံးစံအတိုင်း တင်ဆက်နေကျ reality show အတွက် ပွင့်ပွင့်လင်းလင်းပြောခဲ့သမျှ စကားတိုင်းကို ကားထဲကကင်မရာက မှတ်တမ်းတင်ထားနိုင်ဖို့ ဖြစ်ပါတယ်။

ကင်မ်ကာဒက်ရှန်က အခုတလောမှာ သတင်းခေါင်းကြီးပိုင်းက ပွဲတက်မမ ဖြစ်နေပါတယ်။ သမ္မတအိုဘားမား တက်ရောက်တဲ့ ဂါလာ အနုပညာပွဲ၊ Vogue မဂ္ဂဇင်းကို ရောင်းအားတက်စေခဲ့တဲ့ ကာဒက်ရှန်နဲ့ဝက်စ်တို့ရဲ့ မင်္ဂလာဝတ်စုံ၊ မကြာသေးခင်ကမှ လူသိထင်ရှား ပြသခဲ့တဲ့ မင်္ဂလာဖိတ်စာ စတဲ့ ကိစ္စတွေကြောင့်လို့ပဲ ဆိုပါတော့။

ကာဒက်ရှန်က သူ့ကိုယ်သူကလွဲပြီး ဘာကိုမှ စိတ်မဝင်စားတတ်သူရယ်လို့ ဟောလိဝုဒ်မှာ နာမည်ကြီးနေပါတယ်။ ဟောလိဝုဒ်မှာ ဒီလိုမျိုး နာမည်ကြီးဖို့ ထိတ်ထိတ်ကြဲ ရုပ်ရှင်ကားတွေလည်း မရိုက်ကူးဘူး။ပေါ်ပ်သီချင်းတွေလည်း သူမက ဆိုခဲ့ဖူးတာမဟုတ်ပါဘူး။ဒါပေမယ့် ကာဒက်ရှန်ဆိုရင် မီဒီယာသမားတွေက အမဲဖျက်သလို အသည်းအသန်လိုက်တော့တာပါပဲ။

ကင်မ်ကာဒက်ရှန်နဲ့ ကို့တ်နေတို့ ညီအစ်မက မေ ၇ ရက်နေ့မှာ စတူဒီယိုတစ်ခုကို သွားခဲ့တယ်။ ကာဒက်ရှန်အုပ်စုနဲ့ အဆက်မပြတ်စေဖို့ ဆိုတဲ့ အစီအစဉ်အတွက်ပေါ့။

အဲဒီနောက်ပိုင်းမှာ ကင်မ် ကာဒက်ရှန်ကို ကင်မရာတပ်ထားတဲ့ရိုးလ်ရွိုက်စ်ကားကြီးနဲ့ တွေ့ရတော့တာပါပဲ။ ကင်မ်နဲ့ကန်းယေးတို့ဟာ ကမ္ဘာ့ဖက်ရှင်လောကမှာ အကြီးဆုံးပွဲလို့ ဆိုနိုင်တဲ့ Met Gala ကို မေ ၅ ရက်နေ့က တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲကို အမေရိကန် သမ္မတ အိုဘားမားတက်ရောက်ခဲ့ပြီး ကင်မ်က သမ္မတအိုဘားမားကို ပုခုံးချင်းအပ်နှုတ်ဆက်ခဲ့ပါတယ်။ ပွဲကို တက်ရောက်လာတဲ့ အထင်ကရ အနုပညာရှင်တွေထဲမှာ ကမ္ဘာကျော် ဒါရိုက်တာကြီး စတီဗင်စပီးလ်ဘာ့ဂ်၊အဆိုတော် ဘာရစ်စပရင်းစတင်း၊ဆင်မြူရယ် အယ်လ်ဂျက်ဆင်နဲ့ မင်းသားကြီး လီယမ်နီဆင်တို့လည်း ပါဝင်တယ်လို့ သိရပါတယ်။

**စန္ဒီယဉ်နွယ်**

တစ်ပတ်အတွင်း ရုံဝင်ခအကောင်းဆုံး




## ဟောလိဝုဒ်ဇာတ်ကားများ

| | ဇာတ်ကားအမည် | စတူဒီယို | ရုံဝင်ခ |
|---|---|---|---|
| 1. | Neighbors | Universal | $ 51,070,000 |
| 2. | The Amazing Spider-Man 2 | Sony | $ 37,200,000 |
| 3. | The Other Woman(2014) | Fox | $ 9,250,000 |
| 4. | Heaven is for Real | TriS | $ 7,000,000 |
| 5. | Captain America | Buena Vista | $ 5,619,000 |
| 6. | Rio 2 | Fox | $ 5,125,000 |
| 7. | Moms' Night Out | TriS | $ 4,200,000 |
| 8. | Legends of Oz: Dorothy's Return | CE | $ 3,705,000 |
| 9. | Divergent | LG / S | $ 1,700,000 |
| 10. | Brick Mansions | Relativity | $ 1,480,000 |

# MINI COUNTRYMAN (2012-2014)







ဒီတစ်ပါတ်မိတ်ဆက်ပေးမဲ့ကားလေးကတော့ MINI ကထုတ်တဲ့ ပထမဦးဆုံးသော တံခါး ၅ပေါက် CROSSOVER SUV ဖြစ်တဲ့ MINI COUNTRYMAN ဖြစ်ပါတယ် .အတွင်းခန်းကျယ်ဝန်းပြီး .. အင်ဂျင်ပါဝါ 1.6L I4, 1.6L TURBOCHARGED I4 , 1.6L DIESEL နဲ့ 2.0L DIESEL ၄ မျိုးထုတ်လုပ်ထားပါတယ် .. 2WD ရော AWD ပါရွေးချယ်နိုင်ပြီး 6 SPEED MANUAL GEAR နဲ့ 6 SPEED AUTO GEAR ပါရရှိနိုင်ပါတယ် .အင်ဂျင်ပါဝါသေးပေမဲ့ SPORT VERSION ဖြစ်တဲ့ JOHN COOPER WORKS ဆိုရင် မြင်းကောင်ရေ ၂၀၈ ကောင်ထိရှိပါတယ် .. လူကြီးလူငယ်မရွေး အမြင်ဆန်းပြီး နောက်ဆုံးပေါ်မော်ဒယ်ဖြစ်လို့ လူကြိုက်များနေတဲ့အပြင် 1800CC အောက်ကားတွေ အခွန်လျှော့တဲ့ထဲမှာပါဝင်လို့ ဈေးနှုန်းအရလဲ အလွန်စီးသင့်တဲ့ကားလေးဖြစ်ပါတယ် .. ဆီစားနှုန်းအနေနဲ့လဲ တစ်ဂါလန်ကို မြို့တွင်း ၅၄ ကီလိုနဲ့ မြို့ပြင် 66 ကီလိုထိမောင်းနှင်နိုင်မှာပါ.. ကားနဲ့(KM) အသင့်အတင့်ရှိတဲ့ 2012 MINI COUNTRYMAN ကို မှာယူမယ်ဆိုရင်တော့ အပြီးအစီး ကျပ်သိန်း ၃၀၀ ဝန်းကျင်နဲ့ မိမိအမည်ပေါက်ရရှိနိုင်မှာပါ.

စိတ်ဝင်စားလို့ မှာယူချင်ရင်ပဲဖြစ်ဖြစ် စုံစမ်းချင်လို့ပဲဖြစ်ဖြစ် MOEZAC AUTO မှ ကိုဖြိုး (01-2301655) ကိုဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါတယ် ..

| Year | Engine Power | Seater | Drivetrains | Price (USD) |
|---|---|---|---|---|
| 2012 - 2014 | Gasoline - 1.6L<br>Diesel - 1.6L / 2.0L | 5 | FWD / AWD | 30000+ |

**2012 Mini Countryman** (ခန့်မှန်းဈေးနှုန်း)

ရန်ကုန်အရောက်ပျမ်းမျှကားတန်ဖိုး - 21000 USD

နိုင်ငံတော်အခွန်စုစုပေါင်း - 9800 USD

MoEZAC AUTO

One stop import services for *Cars, Boats and Bikes* From USA & GERMANY

*Available CIF Yangon* Only for Cars **(Car Price + 4990 USD)**

Special Wholesale price is available for *Dealers and Showrooms.*

No.278, Anawrahta Rd, 1st floor, Lanmadaw, Yangon, 01 230 1655, 01 230 1855, 09 630 1244 moezacauto@gmail.com moezacauto



အရောင်းတာဝန်ခံ
ရွှေဝတ်ရည်ဝင်း
09-420765561

# Chunil ITC (ချွန်းနီ)

CHUNIL

## Korea Car Sales & Service



အရောင်းတာဝန်ခံ
စုသီရိကျော်
09-30060405




**Service (6) လ၊ကီလိုမီတာ(၁၀၀၀၀) အတွင်း အင်ဂျင်နှင့် ဂီယာဘောက်(စ်)အား အခမဲ့ဝန်ဆောင်မှုပေးနေပါသည်။**




- ကျွန်တော်များ Chunil ITC ကုမ္ပဏီမှ ကိုရီးယားနိုင်ငံထုတ် အာမခံ အပြည့်ရှိ ကားများကို အထူးသက်သာသော ဈေးဖြင့် ရောင်းချပေးနေပါသည်။
- ဝန်ဆောင်မှုပိုင်းတွင် အိုပစ္စည်းများ လိုအပ်သလို ရရှိပြီး ကျွမ်းကျင်ကိုရီးယားအင်ဂျင်နီယာများဖြင့် ဝန်ဆောင်မှုပေးနေပါသည်။
- အတိုးမဲ့ အရစ်ကျစနစ် (Hire Purchase) ဖြင့် ရောင်းချပေးနေပါသည်။
- အကျိုးဆောင်များကိုလည်း Chunil ITC ကုမ္ပဏီမှ ကြိုဆိုပါသည်။

Chunil ITC ကုမ္ပဏီမှ ဝယ်ယူသွားသော ကားများအတွက် အင်ဂျင်ဝိုင်နှင့် Filter များကို အခမဲ့ လဲလှယ်ပေးနေပါသည်။

အမှတ်(၆/၇)၊ အေဝမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်မြို့။

No.(6/7),A-1 St,Mingalardone Industrial Zone (Near Aung Mingalar Highway Bus Center),Mingalardone Township,Yangon

**Ph: 09-254381654,09-254346910**



# ၂၀၁၅ ဖော်မြူလာဝမ်းပြိုင်ပွဲများမှ တောင်ကိုရီးယားနှုတ်ထွက်ပြီး အဇာဘိုင်ဂျန်ဝင်မည်

လာမည့်နှစ် ဖော်မြူလာဝမ်းကားပြိုင်ပွဲများ ပြက္ခဒိန်တွင် တောင်ကိုရီးယားပါဝင်မည်မဟုတ်ဘဲ နိုင်ငံသစ်အဖြစ် အဇာဘိုင်ဂျန်ဝင်လာမည်ဖြစ်ကြောင်း ဖော်မြူလာဝမ်းအကြီးအကဲတစ်ဦးဖြစ်သော ဘာနီအက်ကယ်လ်စတုန်းမှ မေလ ဒုတိယပတ်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အကာဘိုင်ဂျန်အနေဖြင့်လည်း တောင်ကိုရီးယား၏ နှစ်လုံးပေါက်ပြက္ခဒိန်တွင် အချိန်ပြည့်နေရာဝင်ယူရန် ညှိနှိုင်းနေကြောင်းကို F1 ပြိုင်ပွဲအမှုဆောင်ချုပ်က ဆက်လက်အတည်ပြုလိုက်သည်။ မြို့တော်ဘာကူ (Baku) ၌ ၂၀၁၅ ပြိုင်ပွဲများကို မြို့တွင်းလမ်းများတွင် စတင်ရန် ရည်မှန်းထားကြောင်း ၂၀၁၅ ပြိုင်ပွဲပြက္ခဒိန်ကို မေလ နောက်ဆုံးရက်များတွင် ကြေညာသွားမည်ဖြစ်ကြောင်း ယခင်က နှစ်စဉ်ဆွေးနွေးပွဲများကို တောင်ကိုရီးယား၌ ပြုလုပ်ခဲ့မြဲဖြစ်သော်လည်း ယခုနှစ်အတွက် ယခင် ဘိုမီယက်ယူနီယံဝင်နိုင်ငံဖြစ်ခဲ့ပြီး ယခုရေနံကြွယ်ဝသည့် အဇာဘိုင်ဂျန်၌ ကျင်းပသွားရန်ရှိကြောင်း အယ်ကယ်လ်စတုန်းက ပြောဆိုသည်။



အင်ဒီပန်းဒင့်သတင်းထောက် ခရစ္စတီယံဆိုက်က သိပ်မထင်ရှားခဲ့သော ၂၀၁၃ Yeongan ပြိုင်ပွဲရှိရာသို့ ပြန်မသွားချင်တော့သော်လည်း ဘာကူမြို့တော်နှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ တောင်ကိုရီးယား၌ရှိနေသော ပြိုင်ပွဲလမ်းများအတိုင်း ဆက်တည်ဆောက်သွားဖွယ်ရှိကြောင်း၊ အဇာဘိုင်ဂျန်၌ပြုလုပ်နိုင်ရေးကို ယခင်ရေးနေ့ပိုင်ရှင် ဖလာဗီယိုဘရိုင်ယာတိုရီက ကြားဝင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ၎င်းကိုယ်တိုင် F1 အကြီးအကဲနှင့် ရင်းနှီးပြီး နိုင်ငံတော်သမ္မတဖြစ်သည့်အထိ ရည်မှန်းနေသူဖြစ်ကြောင်း ခိုင်လုံသော သတင်းရင်းမြစ်များကို ကိုးကား ပြောဆိုလိုက်သည်။ **ဒိုင်းသက်**

# အယ်လ်ဖာရိုမီယို 4 C အမြင့်ကားထုတ်လုပ်နိုင်ပြီ



ကမ္ဘာကျော် အယ်လ်ဖာရိုမီယို၏ 4 c အားကစား အနိမ့်ကားအနေဖြင့် အမေရိကန်ဈေးကွက်သို့ ဖွန်လအထိ ရောက်နိုင်ဦးမည်မဟုတ်သော်လည်း 4 C အမြင့်ကားထုတ်လုပ်ရန်စီစဉ်နေပြီဖြစ်သည်။

အမှုဆောင်အရာရှိချုပ် ဟာရဲဝက်စတာက ၎င်းကားကို စွမ်းရည်အမြင့်ဆုံးကားအဖြစ် ရည်ညွှန်းပြောဆိုလိုက်ပြီး ဘရိတ်ပိုင်းဆိုင်ရာများထိ တင်ဆင်ကြည့်နေပြီဖြစ်ကြောင်း၊ ယင်း နှစ်ယောက်စီးပြိုင်ကားကို ၁ ဒသမ ၈ လီတာဆလင်ဒါ ၄ လုံး တပ်ဆင်သွားဖို့ရှိပြီး အမေရိကန်ဈေးကွက်အတွက် ပိုဈေးကြီးသော အစိတ်အပိုင်းများအဖြစ် အခြေခံထုတ်လုပ်မည်ဖြစ်ပြီး ဥရောပက ခပ်ကြမ်းကြမ်းမောင်းနိုင်မည်ကို ပို၍လိုလားကြကြောင်း၊ ဆပ်စပန်းရှင်းများ ချိန်ညှိခြင်းကို ပြောင်းလဲလုပ်ဆောင်ထားကြောင်း ပြောဆိုခဲ့သည်။

4 C အမြင့်ကားတစ်စီးလုံးကို အထူးတလည်လုပ်ဆောင်သွားမည်ဖြစ်သည်။ မတ်လအတွင်း ပြသမိတ်ဆက်ပေးနိုင်ခဲ့သော ဂျီနီဗာပြပွဲ၌ ယူအက်စ် 4 C မိုဒယ်အားလုံးအနက် ပင့်ကူ (Spider) မှာ အထူးမှန်လုံခန်းထဲ၌ ဝင့်ထည်စွာ နေရာယူနိုင်ခဲ့သည်။ ဈေးနှုန်းအတိအကျများကို မကြေညာသေးသော်လည်း 4 C အဆင့်အတန်းတစ်စင်းကို ဒေါ်လာ ၅ သောင်းခွဲဝန်းကျင်ဖြင့် ရောင်းချပြီး ပစ္စည်းအပြည့်အစုံတပ်ဆင်ထားပါက ဒေါ်လာ ၇ သောင်းဝန်းကျင်ဖြစ်နိုင်သည်။ 4 C အမြင့်ကားစင်းရေ ၈၀၀ မှ ၉၀၀ အထိ ယူအက်ဈေးကွက်တွင် ရောင်းချနိုင်ရန် မျှော်လင့်ထားကြောင်း သိရှိရသည်။ **ဒိုင်းသက်**

# ဂျပန်နိုင်ငံ၏ အကောက်ခွန်မဲ့ ကုန်သွယ်မှုသဘောတူညီချက်ကို ဥရောပကားထုတ်လုပ်သူများမှ ဆန့်ကျင်



ဥရောပသမဂ္ဂ အဖွဲ့အစည်းနှင့် ဂျပန်နိုင်ငံတို့အကြား ချမှတ်ထားသည့် ကုန်သွယ်မှုသဘောတူညီမှုများအရ လက်ရှိအချိန်တွင် ဥရောပတိုက်ရှိ ကားထုတ်လုပ်သူများမှ ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုစည်းကမ်းချက်များကို သဘောမတူ၍ ကန့်ကွက် ဆန့်ကျင်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

ဥရောပကားထုတ်လုပ်သူများ၏ အဆိုအရ ဂျပန်နိုင်ငံ၏ အကောက်ခွန်မဲ့ ကုန်သွယ်မှုသဘောတူညီချက်များမှာ ၎င်းတို့ ဒေသတွင်း ကားများရောင်းချနိုင်မှု အခွင့်အရေးမှာ အလွန်နည်းပါးလျက်ရှိနေပြီး မမျှတမှုများဖြစ်ပေါ်နေခြင်းကြောင့် ဆန့်ကျင်မှုများ ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး သဘောတူညီချက်နှင့် ပတ်သက်၍ ဂျပန်နိုင်ငံတွင် ကန့်ကွက်ဆန့်ကျင်မှုများ ဖြစ်ပေါ်ခြင်းမရှိကြောင်း သိရသည်။

"ဥရောပစီးပွားရေးဈေးကွက်က ခိုင်မာမှုမရှိတဲ့အခြေအနေမှာ ဂျပန်နိုင်ငံက နိုင်ငံရဲ့ အာဏာအရှိန်အဝါကို သုံးပြီး တရားလွန် သဘောတူညီမှုကို ချုပ်ဆိုခဲ့တာပါ။ ဥရောပရဲ့ ကုန်တင်ပို့မှုကို ထောက်ပံ့ပေးနိုင်မယ့် အခွင့်အရေးကို မပေးဘဲ ဂျပန်နိုင်ငံမှာရှိနေတဲ့ စက်ရုံတွေက ထုတ်ကုန်တွေကို သိသာထင်ရှားစွာနဲ့ အစီးအတားမရှိ တင်ပို့နေတာပါ။ အဲဒီအတွက် အနာဂတ်ဖြစ်နိုင်ခြေတွေကို လေ့လာမယ်ဆိုရင် ဥရောပရဲ့ အဆိုးဆုံးအခြေအနေတွေကို ဖြစ်ပေါ်စေပြီး ကောင်းမွန်တဲ့ လုပ်ငန်းတွေကို လက်လွှတ်ဆုံးရှုံးရမယ့် အနေအထားတွေပါ" ဟု ဥရောပရှိ ဖို့ဒ်ကားထုတ်လုပ်ရေးမှ ဆိုသည်။

ကားထုတ်လုပ်သူများမှ ဥရောပနိုင်ငံသည် ကုန်ပစ္စည်းများကို လိုအပ်သည်ထက် ပိုမိုထုတ်လုပ်နိုင်သည့် ထုတ်လုပ်နိုင်စွမ်းတွေရှိနေပြီး ၎င်းစွမ်းအင်များအပေါ် အကျိုးသက်ရောက်နိုင်မည့် ကုန်သွယ်မှုသဘောတူညီချက်အသစ်ကို ရရှိအောင် အားစိုက်ရမည်ဖြစ်ပြီး လွန်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ထိုးကျခဲ့သည့် စီးပွားရေးဈေးကွက် ပြန်လည်ဦးမော့လာနိုင်ရန် ကြိုးစားသွားရန် လိုအပ်ကြောင်း သုံးသပ်ပြသည်။

အီးယူအဖွဲ့ဝင် နိုင်ငံများများမှ ဂျပန်နိုင်ငံအတွင်း အင်ဂျင်သေးကားများတည်ဆောက်ရန်အတွက် ဦးစားပေး အခွန်အရေးယူမှုများနှင့် ပတ်သက်သည့် ကုန်သွယ်မှုသဘောတူညီချက်များကို လာမည့် မေလ ၂၃ ရက်နေ့တွင် ဆုံးဖြတ်မှုများပြုလုပ်ပေးသွားရန် မျှော်လင့်နေကြောင်း သိရသည်။ **ယဉ်ထွေး**

# တစ်နှစ်တာအတွင်း အိန္ဒိယပြည်တွင်းခရီးသည်တင်ကား အရောင်းအကျဆုံးဖြစ်သည်ဟုဆို

ယခုနှစ်ဘဏ္ဍာရေးနှစ်သစ်ထဲဝင်ရောက်လာခါစ ယမန်နှစ်ဧပြီလနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၁၅ ရာခိုင်နှုန်းမကြုံဖူးသော ကားအရောင်းဝယ်မှု ကျဆင်းခဲ့ကြောင်း မေလ ဒုတိယပတ်အကုန်သတင်းများအရ သိရှိရသည်။



အိန္ဒိယမော်တော်ကားထုတ်လုပ်သူများအသင်းကြီး (SIAM) ၏ ထုတ်ပြန်ချက်များအရ ပြည်တွင်း ပို့ဆောင်ရေးသုံးကားအရောင်းပမာဏသည် ယခင်နှစ် ဧပြီလတွင် ၁၅၀,၇၃၇ ရှိခဲ့ရာမှ ယခုနှစ်ဧပြီလတွင် ၁၃၅,၄၃၃ အထိ ကျဆင်းခဲ့ကြောင်း၊ ပြီးခဲ့သော ဖေဖော်ဝါရီလက အစိုးရ၏ ကြားဖြတ်ဘတ်ဂျက်ကြောင့်ဖြစ်ဖွယ်များကြောင်း၊ ကားများ၊ အားကစားသုံးယာဉ်များ အခွန်အခတိုးမြှင့်လိုက်ခြင်းကြောင့်ဖြစ်ကြောင်း လိုငွေပြနေသော အိန္ဒိယစီးပွားရေးတိုးတက်မှုကိန်းဂဏန်းများမြင့်မားလာစေရေးဖန်တီးခြင်းဖြစ်ကြောင်း၊ အတိုးနှုန်းများကြီးမားခြင်း၊ စက်သုံးဆီဈေးနှုန်းများ ထိုးတက်သွားခြင်း၊ တိုင်းပြည်စီးပွားရေးတစ်ရပ်လုံးကိုခြုံကြည့်ပါက နှေးကွေးနေခြင်းစသည်တို့ကို ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်ကြောင့် ဖြစ်ကြောင်း (SIAM) ဒုတိယဒါရိုက်တာ ဆုဂါတိုဆင်းက မီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သည်။

အိန္ဒိယ၏ အကြီးဆုံးကားထုတ်လုပ်သူ ဗာရုတီဆူဇူကီးအိန္ဒိယကုမ္ပဏီ၏ စာရင်းများအရ ယမန်နှစ်ဧပြီလအရောင်းမှာ ၇၆,၅၀၉ စီးရှိခဲ့ပြီး ယခုဧပြီလ၌ ၆၅,၇၈၆ သာရှိကြောင်း သိရသည်။ ၎င်းကုမ္ပဏီနှင့်ပြိုင်ဖက်ဟွန်ဒိုင်းမော်တော်အိန္ဒိယကမူ ၈ ဒသမ ၄၈ ရာခိုင်နှုန်းတိုးခဲ့သည်ဟု ဆိုသည်။

၂ဘီးမောင်းရှေ့ယက်၊ နောက်ယက်ကားများစင်းရေ ၂ သိန်းကျော်ပိုရောင်းခဲ့ရပြီး ၁၁ ဒသမ ၆၇ ရာခိုင်နှုန်းတိုးတက်သလို မော်တော်ဆိုင်ကယ်များမှာ ၂၆ ဒသမ ၀၈ ရာခိုင်နှုန်းအထိ ပိုမြင့်မားခဲ့ကြောင်းကိုတော့ အံ့ဩစရာတွေ့ရှိရသည်။ **ဒိုင်းသက်**

# ပြိုင်ဘက် Xနှင့် MLCတို့ကို အနိုင်ယူနိုင်ရန် ပေါ်ရှေး Cayenne Coupe လာပြီ

SUV (Sport Utitity Vehicle) များတွင် ဈေးမြင့်ကမ္ဘာကျော် မိုဒယ်များရှိနေကြပြီး ပြိုင်ဆိုင်မှု လည်း ပြင်းထန်လှသည်။ မိုဒယ်သစ်များကိုလည်း အမြဲတီထွင်ဖန်တီးထုတ်လုပ်နေကြသည်။

ယခုလည်း ဂျာမန် ဘီဘူးကြီးပေါ်ရှေးက လက်ရှိ Cayenne မိုဒယ်ထက် ပိုမြင့်၊ ပိုကောင်းသော Cayenne Coupe SUV မိုဒယ်သစ်ကို လာမည့် ဆယ်စုနှစ်အကုန်၌ ကမ္ဘာ့ဈေးကွက်တွင် ပေါ်ရှေးကားများ ကြီးစိုးမင်းမူရေး အစိတ်အပိုင်းတစ်ရပ်အဖြစ် အစီအစဉ်ချ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ BMW ၏ X6, မာစီဒီးဘင့်ဇ် MCL, ရိန်းချ်ရိုဗာစပို့တို့အပြင် Audi ၏ Q7, Bentlay Fal---- တို့သာမက ဖောက်ဝက်ဂွန်၏ Torareg တို့ကိုပါ ယှဉ်ပြိုင်အနိုင်ယူရန် စီစဉ်တိုးချဲ့ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဂျာမန်ကားလောကသတင်းများအရ သိရှိရသည်။

ဤမိုဒယ်သစ်တွင် ဓာတ်ဆီ၊ ဒီဇယ် နှစ်မျိုးသုံးနိုင်သော ဟိုက်ဘရစ်မောင်းနှင်ရေးစနစ်လည်းပါဝင်ပြီး ပေါ်ရှေး၏ Cayenne တတိယမျိုးဆက်သစ်အဖြစ် ၂၀၁၈ တွင် စတင်ရောင်းချနိုင်မည်ဟု မျှော်မှန်းထားကြောင်း ကုမ္ပဏီရုံးချုပ်ဇက်ဖန်ဟော်ဆင်မှ ပြောဆိုလိုက်သည်။

လက်ရှိ Cayenner မိုဒယ်ထက် ၁၅-၂ ရာခိုင်နှုန်းခန့် ဈေးပိုကြီးနိုင်ပြီး ၃ ဒသမ ၆ လီတာ V6 တပ်ဆင်မည်ဖြစ်သည်။ စတင်ရောင်းချဈေးအတိအကျမသိရသေးသော်လည်း ဒေါ်လာ ၅၈,၀၀၀ ပတ်ဝန်းကျင်ဖြစ်နိုင်ကြောင်း သတင်းရရှိသည်။ **ဒိုင်းသက်**



ဝယ်ယူအားပေးသောလူကြီးမင်းတို့အားအစဉ်အမြဲဦးထိပ်ထားလျက်

**ZEYA NEW COMET AUTO SALE AND SERVICES CO ., LTD . ဇေယျာကြယ်တံခွန်သစ်**

ကားတင်သွင်းခြင်းလုပ်ငန်းကို နှစ်ပေါင်း(၂၅)နှစ်ကျော်ကြာ လုပ်ကိုင်လာသော လုပ်ငန်းအတွေ့အကြုံဖြင့်
လူကြီးမင်းတို့၏ စိတ်ကျေနပ်မှုရရှိရန် 'ယုံကြည်မှု' ဖြင့် မြင့်မြင့်မားမား ရပ်တည်ပေးမှာ 'ဇေယျာကြယ်တံခွန်သစ်' ပါ။

ဂျပန်နိုင်ငံမှ တင်သွင်းသော ကားများအား 'လက်ရှိကာလပေါက်ဈေးနှုန်း' ဖြင့် အထူးရောင်းချပေးနေပါသည်. . .



ဘဏ်နှင့်ချိတ်ဆက်၍လည်း ကားများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

**Show Room :**

No. 82, Ywama Kyaung Street, Hlaing Township, Yangon, Myanmar.
Tel: 01-500456, 521255, 531488, 393300, 393344,610369, 611456
Fax : +95-1-500456 Hp : 09 555 6677, 09 333 77778
E-mail : newcometzeya@googlemail.com



